# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘစသော မီးတဟုန်းဟုန်းတောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။ ဇရာဝဂ်(ဓမ္မပဒ-၁၄၆)


၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ ဗုဒ္ဓဟူး | အတွဲ (၅၇)၊ အမှတ် (၁၁၆)


# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် NMSP ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် LDU ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အား တွေ့ဆုံ



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သတင်းထုတ်ပြန်ချက် ထုတ်ပြန်သည့်အခမ်းအနားတွင် ဝမ်းမြောက်စကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၃**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မွန်ပြည်သစ်ပါတီ (NMSP) ဥက္ကဋ္ဌ နိုင်ထောမွန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင်လည်းကောင်း၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU)ဥက္ကဋ္ဌ ကြာခွန်ဆာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲများအပြီးတွင် သတင်းထုတ်ပြန်ချက်ထုတ်ပြန်သည့် အခမ်းအနားကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနရှိ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။ *စာမျက်နှာ ၃ ကော်လံ ၁ သို့*



## သိမ်းဆည်းမြေများနှင့်ပတ်သက်၍ နိုင်ငံတော်သို့ ဘဏ္ဍာငွေတင်ပြတောင်းခံပြီး ခွင့်ပြုချက်ရပါက လျော်ကြေးပေးချေခြင်း ဆောင်ရွက်မည်

ပြည်သူ့လွှတ်တော် စာ » ၇




## အဖိုးတန် မြန်မာ့သယံဇာတများ ပျက်စီးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းကာကွယ်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်

အမျိုးသားလွှတ်တော် စာ » ၇


KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

# ရေချိုငါးမွေးမြူရေး သုတေသနနှင့် တိုးချဲ့ပညာပေးဗဟိုဌာန

မြန်မာနိုင်ငံ၏ ရေချိုငါးမွေးမြူရေး သုတေသနနှင့် တိုးချဲ့ပညာပေး ဗဟိုဌာနကို ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ အဆိုပါ ဗဟိုဌာနသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးဗဟိုဌာနဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သရက်ကုန်းကျေးရွာရှိ ငါးလုပ်ငန်းဦးစီးစခန်း၌ ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။ ကိုရီးယားနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံရေချိုငါးမွေးမြူရေးနည်းပညာဖွံ့ဖြိုးရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဤဗဟိုဌာနကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။

ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Korea International Cooperation Agency-KOICA)ကို တောင်ကိုရီးယားနိုင်ငံ နိုင်ငံတကာရေးရာနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ၁၉၉၁ ခုနှစ်၌ စတင်ထူထောင်ခဲ့ခြင်း ဖြစ်ပါသည်။ တောင်ကိုရီးယားနိုင်ငံက ဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် ပေးအပ်သော အထောက်အပံ့အကူအညီများနှင့် နည်းပညာအကူအညီပေးရေး အစီအစဉ်တို့ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါ အေဂျင်စီကို ထူထောင်ခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ရေချိုငါး မွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးဗဟိုဌာနအတွက် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီသင်ကြားပေးခြင်းကို ကိုရီးယားနိုင်ငံလုံးဆိုင်ရာ ငါးသိပ္ပံတက္ကသိုလ် (National Institute of Fisheries Science) မှ ပညာရှင်များက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ကိုရီးယားနိုင်ငံလုံးဆိုင်ရာ ငါးသိပ္ပံတက္ကသိုလ်ကို ၁၉၂၁ ခုနှစ်ကတည်းက ထူထောင်ခဲ့သည်ဖြစ်၍ နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံရင့်ကျက်သော တက္ကသိုလ်တစ်ခု ဖြစ်ပါသည်။

ဆောင်ရွက်လျက်ရှိသော ဤစီမံကိန်းအစီအစဉ်အရ တောင်ကိုရီးယားနိုင်ငံသို့စေလွှတ်ခဲ့သော ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်း ၁၁ ဦးကို ယခုဖွင့်လှစ်သည့် ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးဗဟိုဌာန၌ တာဝန်ပေးအပ်ပြီးဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါ ပညာရှင်တို့က သင်တန်းသား ၃၅ ဦး တက်ရောက်သင်ကြားသည့် အဆင့်မြင့်ရေချိုငါးမွေးမြူရေးသင်တန်းကိုလည်း ဖွင့်လှစ်သင်ကြားခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါသင်တန်း၏ ရည်ရွယ်ချက်သည် လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရန်နှင့် ငါးမွေးတောင်သူများကို ဒေသနှင့် အသုံးတည့်သော နည်းပညာများဖြန့်ဝေနိုင်ရန် ဖြစ်ပါသည်။ ဤဗဟိုဌာန၌ ငါးသားဖောက်ရုံ၊ ငါးစမ်းသပ်မွေးမြူကန်၊ ဓာတုဓာတ်ခွဲခန်း၊ ငါးရောဂါ ဓာတ်ခွဲခန်းနှင့် သင်တန်းပို့ချရန်အခင်းအကျင်းများထားရှိထားပြီး ဖြစ်ပါသည်။ ကိုရီးယားပညာရှင်တစ်ဦးက ဤဗဟိုဌာန၌ တစ်နှစ်ကြာနေထိုင်လျက် နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့မှုများ ပြုလုပ်သွားမည်ဟုလည်း သိရှိရပါသည်။

ရောဝတီမြစ်ကြီး ဖြတ်သန်းစီးဆင်းနေသည်သာမက ရေချိုငါးတို့ပေါက်ဖွားရာ အင်းအိုင်ချောင်းမြောင်း၊ ရေလှောင်ဆည်တမံကြီးများ တည်ရှိရာ မန္တလေးတိုင်းဒေသကြီးသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ညွှန်ပြသကဲ့သို့ ရေချိုငါးမွေးမြူရေးသုတေသနနှင့်တိုးချဲ့ပညာပေးဗဟိုဌာန တည်ရှိသင့်သော ဘူမိနက်သန် နေရာမှန် ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှု အပါအဝင် လူသားတို့၏ မမှန်မကန် အသုံးပြုသူတို့ကြောင့် ရေချိုတိုင်းရင်းငါးများ ရှားပါးလာသည်ကို ရပ်တန့်ပြောင်းလဲ၍ ရေချိုတိုင်းရင်းငါးသယံဇာတဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးမည့် ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးဗဟိုဌာန ဖွင့်လှစ်ခြင်းကို ကြိုဆိုဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။ တစ်ဆက်တည်း ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) ၏ ကူညီပံ့ပိုးမှုကို ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။ ။

## ပညာရဲရင့် ပွဲလယ်တင့်

# မြို့နယ် ဒုတိယပညာရေးမှူးများ စီမံခန့်ခွဲမှု သင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၂၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ဇန်နဝါရီ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီးမင်္ဂလာဒုံမြို့နယ် ထောက်ကြံ့အုပ်ချုပ်မှုသင်တန်းကျောင်း မဟော်သဓာခန်းမ၌ဖွင့်လှစ်သည့် မြို့နယ်ဒုတိယပညာရေးမှူးများ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁/၂၀၁၈)သို့ သင်ခန်းစာပို့ချသည်။

ပြည်ထောင်စုဝန်ကြီးက ပို့ချရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသားကျောင်းသူများအား လူသားကောင်းများ ဖြစ်စေရန်၊ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သူများ ဖြစ်စေရန်၊ တာဝန်ယူတာဝန်ခံဆောင်ရွက်တတ်စေရန်၊ တီထွင်ဆန်းသစ်နိုင်စွမ်းရှိသူများ ဖြစ်လာစေရန်၊ ပြုစုပျိုးထောင်သင်ကြားသင်ယူလေ့ကျင့် ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေး အားလုံးကျောင်းနေရေး၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှချန်မထားရေး၊ ကျောင်းထွက်သူမရှိရေး၊ မည်သည့်ခွဲခြားမှုမျှမရှိရေး၊ ဆရာဆရာမ အားလုံးတာဝန်ကျသည့် ကျောင်းနေရာတွင်သာ အထူးပြုဘာသာရပ်နှင့် လိုက်လျောညီထွေစွာဖြင့် အချိန်ပြည့်သင်ကြားသင်ယူရေး၊ Grade 1၊ Grade 2၊ Grade 3 ကျောင်းသား ကျောင်းသူ အားလုံး စာဖတ်စာရေး အခြေခံသင်္ချာတွက်ချက်နိုင်ရေး၊ စတုတ္ထတန်း Grade- 5၊ အဋ္ဌမတန်း Grade-9 စာမေးပွဲများကို ကျောင်း သားကျောင်းသူတစ်ဦးသာရှိလျှင်လည်း ထိုကျောင်းတွင်သာ စာမေးပွဲကျင်းပရန်နှင့် ဆရာဆရာမများကို တာဝန်ပေး၍ ဆောင်ရွက်ရန်၊ စာမေးပွဲမေးခွန်းများ ပြုစုရာတွင် မှန်ကန်မှုရှိ၍ အမှားလုံးဝမပါရေး အထူးအလေးထားဆောင်ရွက်ရန်၊ အင်္ဂလိပ်စာ၊ ICT အရည်အသွေးပိုမိုကောင်းမွန်စေရေး ကြိုးပမ်းကြရန် မှာကြားခဲ့သည်။



အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသား ၂၀၄ ဦးတက်ရောက်လျက်ရှိကြောင်း သိရသည်။ **မြန်မာ့အလင်း**

# ကွန်ကရစ်တံတားအား ပြုပြင်ပေးရန် ဒေသခံများလိုလား

## ထင်သာမြင်သာ ပြုပြင်စရာ

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ အမှတ် ၃ ရပ်ကွက်၊ အထက(ခွဲ) အဏ္ဏဝါကျောင်းအနီး ကွန်ကရစ်တံတားသည် သက်တမ်းအားဖြင့် ၁၉ နှစ်ရှိနေပြီး သဘာဝဘေးနှင့် ခံနိုင်ဝန်ထက်များသော တန်ပိုယာဉ်များ ဖြတ်သန်းထားမှုဒဏ်ကြောင့် ယခုအခါ လူနှင့် ဆိုင်ကယ်များသာသွားလာခွင့်ပြုထားပြီး ယာဉ်ကြီးများနှင့် ၅တန်အထက်ယာဉ်များသွားလာမှုကို ဒေသခံများက တားမြစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ကားကြီးများ သွားလာမှုမှာ အန္တရာယ်ရှိနေ၍ တားမြစ်ထားသော်လည်းယာဉ်ကြီးများ တစ်ခါတစ်ရံဖြတ်သန်းမောင်းနှင်မှုများရှိနေ၍ တံတားပြိုကျသွားမည်ကို ဒေသခံများစိုးရိမ်ပူပန်လျက်ရှိသည်။ တံတားမှာ ယခုအချိန်တွင် ၁၉ နှစ်ရှိနေပြီးဆူနာမီလျှော၊ မာလာမုန်တိုင်းနှင့် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်တို့ကိုခံခဲ့ရကြောင်း၊ ဟိုင်းကြီးကျွန်းမြို့ အမှတ် ၃ ရပ်ကွက်တွင် ရပ်ကွက်ပတ်လမ်းများ မဖောက်လုပ်နိုင်မီ ၁၆ နှစ်ခန့် စာသင်ကျောင်းရှေ့လမ်းနှင့် ယင်းလမ်းပေါ်ရှိ ဤတံတားတစ်ခုတည်းကိုအသုံးပြု၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အခြားသောသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် မလွဲသာ၍တန်ပိုယာဉ်များကို အသုံးပြုခဲ့ခြင်းဖြစ်နိုင်ကြောင်း၊ ယခုတံတားသည် လက်ရန်းများ ပြိုကျလာပြီး တံတားအောက်ပိုင်းများ ကွန်ကရစ်သားများ၊ အက်ကွဲမှု၊ ပဲ့ကျမှုများ တစ်ရက်ထက်တစ်ရက်များလာပြီး ကွန်ကရစ်အတွင်းရှိ သံချောင်းများမှာလည်း ဆားငွေ့ကြောင့် သံချေးတက်ဆွေးမြည့်နေ၍ (**အောက်ပုံ**) အချိန်မရွေး ပြိုကျသွားနိုင်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

တံတားအားကျောင်းသားကျောင်းသူများနှင့် မိဘပြည်သူများ အဓိကထားသွားလာလျက်ရှိရာ သက်ဆိုင်ရာမှအမြန်ဆုံး ပြန်လည်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ပေးနိုင်ရေး ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



တံတား၏ အောက်ဘက်အာရ်စီတိုင်များ ပျက်စီးနေမှုကို တွေ့ရစဉ်

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၃-၁-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၂၅/၈၃၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၅/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၄၅/၈၅၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၂ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၆ | ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၈ | ·၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၀၉ | ·၉ |
| ထိုင်း | တစ်ဘတ် | ၄၂ | ·၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၀ |
| တရုတ် | တစ်ယွမ် | ၂၀၉ | ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ | ·၆ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✪ ရှေ့ဖုံးမှ

ရှေးဦးစွာ မွန်ပြည်သစ်ပါတီ (NMSP) အထွေထွေအတွင်းရေးမှူး နိုင်အောင်မင်းက မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့၏ သတင်းထုတ်ပြန်ချက်ကို ဖတ်ကြားသည်။

**အဆင့်တိုင်းအဆင့်တိုင်းတန်ဖိုးရှိ**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဝမ်းမြောက်ကြောင်း ပြောကြားရာတွင် "ကျွန်မအနေနဲ့ ယနေ့ မွန်ပြည်သစ်ပါတီနဲ့ ကျွန်မတို့ရဲ့ လားဟူတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးကို ကြိုဆိုနိုင်တဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်၊ ကျွန်မတို့ဟာ ငြိမ်းချမ်းရေးရဖို့အတွက်ဆိုရင် တစ်ဆင့်ပြီးတစ်ဆင့် သွားရပါတယ်၊ အဆင့်တိုင်း အဆင့်တိုင်းဟာ ကျွန်မတို့အတွက် အင်မတန်မှ တန်ဖိုးရှိပါတယ်။

**အင်မတန်ကျေးဇူးတင်**

"ဒီလို ကျွန်မတို့ရဲ့ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက်၊ပြည်ထောင်စုအတွင်းမှာ ငြိမ်းချမ်းမှုရရှိရေးအတွက် ငြိမ်းချမ်းမှုကိုအခြေခံတဲ့ ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် ကူညီပေးတဲ့ ကျွန်မတို့ရဲ့တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ မွန်တိုင်းရင်းသားများ၊ လားဟူတိုင်းရင်းသားများကို အင်မတန်မှ ကျေးဇူးတင်ပါတယ်။

"ဒါဟာ ကျွန်မတို့အတွက်တင် လုပ်နေတာမဟုတ်ပါဘူး၊ ကျွန်မတို့ရဲ့ နောင်လာနောက်သားများ အားလုံးအတွက် လုပ်နေတဲ့ ခြေလှမ်းတွေလို့ ယုံကြည်ပါတယ်၊ ဒါကြောင့် အခု ကျွန်မတို့နဲ့အတူ ပြည်ထောင်စုသားအားလုံးကလည်း ဝမ်းမြောက်လိမ့်မယ်၊ ဂုဏ်ယူလိမ့်မယ်၊ ကျွန်မတို့ရဲ့ နိုင်ငံအတွက် ကူညီပံ့ပိုးမှုကို ကျေးဇူးတင်ကြလိမ့်မယ်ဆိုတာ ယုံကြည်ပါတယ်လို့ ပြောရင်းနိဂုံးချုပ်ပါတယ်"ဟု ပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မွန်ပြည်သစ်ပါတီ (NMSP)ဥက္ကဋ္ဌ နိုင်ထောမွန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကြာခွန်ဆာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မွန်ပြည်သစ်ပါတီမှ ဥက္ကဋ္ဌ နိုင်ထောမွန်နှင့်အတူ အထွေထွေအတွင်းရေးမှူး နိုင်အောင်မင်း၊ စစ်ဦးစီးချုပ် နိုင်လယီကကောင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ဝင်းလှနှင့် နိုင်ဗညားလယ်၊ ဗဟိုကော်မတီအဖွဲ့ဝင် နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံးမှ ဥက္ကဋ္ဌ ကြာခွန်ဆာနှင့်အတူ ဒုတိယဥက္ကဋ္ဌ ကြာဆော်လမွန်နှင့်အဖွဲ့ဝင် ကြာရှဲဘိုတို့ တက်ရောက်ကြသည်။ **သတင်းစဉ်**



**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မွန်ပြည်သစ်ပါတီ (NMSP) ဥက္ကဋ္ဌ နိုင်ထောမွန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ NCA စာချုပ်တွင်ပါဝင်လက်မှတ်ရေးထိုးမည်

**နေပြည်တော် ဇန်နဝါရီ ၂၃**

မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့က ယနေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

## သတင်းထုတ်ပြန်ချက်

မွန်ပြည်သစ်ပါတီ (NMSP)ဥက္ကဋ္ဌ နိုင်ထောမွန် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကြာခွန်ဆာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့နှင့် နေပြည်တော်၌ ယနေ့ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

ထိုသို့တွေ့ဆုံရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)လက်မှတ်ရေးထိုးရေးကိစ္စနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးမှုများအရ မွန်ပြည်သစ်ပါတီ (NMSP)နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU)တို့အနေဖြင့် မကြာခင် NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မွန်ပြည်သစ်ပါတီ** **လားဟူဒီမိုကရက်တစ်အစည်းအရုံး**

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ (၂၃) ရက်**
**နေပြည်တော်**



**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကြာခွန်ဆာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်



**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ မွန်ပြည်သစ်ပါတီ (NMSP) ဥက္ကဋ္ဌ နိုင်ထောမွန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)ဥက္ကဋ္ဌ ကြာခွန်ဆာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ အကြံပေးအဖွဲ့နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီတို့ တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ထိုင်းနိုင်ငံ အငြိမ်းစား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Prof. Dr. Surakiart Sathirathai ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီအကြံပေးအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီတို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တာဝန်ရှိသူများတက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဦးသောင်းထွန်း၊ ဦးဝင်းခိုင်၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် ဦးကျော်တင်၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဝင် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်





**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီအကြံပေးအဖွဲ့နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင် အထည်ဖော် ဆောင်ရွက်ရေးကော်မတီတို့ တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်

တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖွဲ့စည်းဆောင်ရွက်**

တွေ့ဆုံပွဲတွင် **နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ**က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် မြန်မာပြည်သူ မြန်မာပြည်သားများသာမက လူ့အဖွဲ့အစည်း အားလုံးအထူးသဖြင့် ရခိုင်ပြည်နယ်အတွင်းရှိလူ့အဖွဲ့အစည်း နှစ်ရပ်စလုံးအပေါ်တွင် မူတည်နေပါကြောင်း၊ နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ် အရေးနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေး ကော်မရှင်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာ ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အကြံပေးအဖွဲ့၏ အကြံဉာဏ်များနှင့် အထောက်အကူပြုမှုများကို ကြိုဆိုပါကြောင်း ပြောကြားသည်။

**များစွာဝမ်းမြောက်**

ထို့နောက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ အကြံပေးအဖွဲ့ခေါင်းဆောင် ထိုင်းနိုင်ငံ အငြိမ်းစား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက မိမိတို့ အကြံပေးအဖွဲ့တွင် နိုင်ငံရေးနယ်ပယ်နှင့် စီးပွားရေးနယ်ပယ်တို့မှ ပုဂ္ဂိုလ်များလည်း ပါဝင်ပါကြောင်း၊ အကြံပေးအဖွဲ့၏ အကြံဉာဏ်များနှင့် အတွေ့အကြုံများကို ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီသို့ ပေးအပ်သွားမည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် အရေးနှင့် စပ်လျဉ်းသည့် အတွေ့အကြုံများကို ဖလှယ်ခွင့်ရရှိမည် ဖြစ်ပါကြောင်း၊ အကြံပေးအဖွဲ့နှင့် လက်တွဲပူးပေါင်း ဆောင်ရွက်သည့်အတွက် များစွာ ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ **ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**က ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး **ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်**က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

**အပြန်အလှန်မေးမြန်း ဆွေးနွေး**

ဆက်လက်၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ အကြံပေးအဖွဲ့နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ တို့သည် အကြံပြုချက်များအလိုက် ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ အပြန်အလှန် မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ညပိုင်းတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ အကြံပေးအဖွဲ့အား နေပြည်တော်ရှိ M Gallery Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

◆ *ကျော်ဖုံးမှ*

လုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၊ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာ ချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)ကော်မတီ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ တို့ဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# POPs EA Project ၏ စီမံကိန်း ဦးဆောင်ကော်မတီစည်းဝေး လုပ်ငန်းစီမံချက် ချမှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

POPs EA Project ၏ စီမံကိန်း ဦးဆောင်ကော်မတီ ပထမအကြိမ် အစည်းအဝေးနှင့် စာရင်းကောက်ယူခြင်းအား အတည်ပြုခြင်းနှင့် လုပ်ငန်းစီမံချက် ချမှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ပြည်ထောင်စုဝန်ကြီးက ကမ္ဘာပေါ်တွင် ဓာတုပစ္စည်း အမျိုးအစားပေါင်း မြောက်မြားစွာ ထုတ်လုပ်ရောင်းချလျက်ရှိရာ အချို့သော ဓာတုပစ္စည်းများမှာ ကြာရှည်စွာ မပျောက်မပျက် တည်မြဲနေနိုင်ပြီး ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေသည့် ဓာတုပစ္စည်းများလည်း ပါဝင်နေကြောင်း၊ ထိုပစ္စည်းများကို Persistent Organic Pollutants – POPs ဟုခေါ်ဆိုကြောင်း၊ POPs များသည် သက်ရှိတို့၏ ခန္ဓာကိုယ်တွင် စုစည်းနေနိုင်ပြီး ရေစီးကြောင်း၊ လေတိုက်ခြင်းတို့မှ တစ်ဆင့် မိုင်ပေါင်းများစွာကို ရောက်ရှိနိုင်ကြောင်း၊ လူများကိုကင်ဆာရောဂါ၊ မျိုးပွားအင်္ဂါရပ်ဆိုင်ရာရောဂါများ ဖြစ်ပေါ်စေနိုင်ကာ ကိုယ်ခံစွမ်းအားကို ကျဆင်းစေပြီး အာရုံကြောကို ထိခိုက်ပျက်စီးစေနိုင်ပါကြောင်း၊ မွေးရာပါ ကိုယ်အင်္ဂါချွတ်ယွင်းသည့် ကလေးများ မွေးဖွားစေနိုင်ကြောင်း ကလေး၏ ကာယ၊ ဉာဏဖွံ့ဖြိုးမှုများကို နှောင့်နှေးစေနိုင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် POPs များအား ထိန်းချုပ်ရန်အတွက် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့နှင့် ပူးပေါင်း၍ ကြာရှည်စွာ မပျောက်မပျက် တည်မြဲနေနိုင်သည့် အော်ဂဲနစ်ဓာတု ဒြပ်ပစ္စည်းများဆိုင်ရာ စတော့ဟုမ်းကွန်ဗင်းရှင်း အကောင်အထည်ဖော် ဆောင်ရွက်မှု ဦးစွာအဆင်ပြေ လွယ်ကူစေမည့် နည်းပညာထောက်ပံ့မှု စီမံကိန်းကို ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းကာ POPs အမျိုးအစားများအား စာရင်းကောက်ယူခဲ့ပါကြောင်း၊ စာရင်းကောက်ယူသည့် ရလဒ်များကို အခြေခံ၍ အမျိုးသားအဆင့် အကောင်အထည်ဖော်မှုစီမံချက် (National Implementation Plan– NIP) ကို ရေးဆွဲမည်ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် အကောင်အထည်ဖော်မှု စီမံချက်ထွက်ပေါ်လာခြင်းအားဖြင့် မြန်မာနိုင်ငံတွင် ညစ်ညမ်းနေသည့် POPs အမျိုးအစားအား သိရှိနိုင်မည်ဖြစ်ကာ အဆိုပါ ညစ်ညမ်းမှုမှ ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ ပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲသည် စာရင်းကောက်ယူခြင်း အစီရင်ခံစာများအပေါ် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရေးနှင့် ဦးစားပေးကဏ္ဍ ချမှတ်နိုင်ရေးအတွက် UNIDO မှ သင်တန်းပေးတင်ပြ ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အောက်ရှိဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ဌာနအကြီးအကဲများ တက်ရောက်ကြသည်။ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက်မှ ၂၆ ရက်အထိ လေးရက် ကျင်းပသွားမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲသို့ စီမံကိန်း ဦးဆောင်ကော်မတီဝင်များ၊ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တစ်ဖက်နှင့်တစ်ဖက် သံသယများကင်းရှင်းပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းခြင်းဖြင့် တိုင်းပြည် ပိုမိုတိုးတက်ဖွံ့ဖြိုးမည်

**နေပြည်တော် ဇန်နဝါရီ ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် NMSP (မွန်)အဖွဲ့ ဥက္ကဋ္ဌ နိုင်ထောမွန် ဦးဆောင်သည့်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိ**

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မွန်ပြည်နယ်သည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊ NMSP (မွန်)အဖွဲ့အနေဖြင့် အစိုးရ၊ တပ်မတော်နှင့် ပူးပေါင်း၍ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းမှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် သံသယများ ကင်းရှင်းပြီး ငြိမ်းချမ်းရေး လမ်းကြောင်းပေါ် လျှောက်လှမ်းခြင်းဖြင့် တိုင်းပြည် ပိုမိုတိုးတက်ဖွံ့ဖြိုးမည်ဖြစ်ကြောင်း၊ ပြည်သူများကလည်း ဝမ်းသာအားရ ကြိုဆိုကြမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်၏ အပြင်းပြဆုံးဆန္ဒမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပြီး တပ်မတော်မှ ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိကြောင်း ပြောကြားသည်။

ထို့နောက် NMSP (မွန်)အဖွဲ့ဥက္ကဋ္ဌ နိုင်ထောမွန်က မိမိတို့အနေဖြင့် UNFC ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၏ နိုင်ငံရေးဆိုင်ရာဆွေးနွေးညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ DPN နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် PC တို့နှင့် (၈)ကြိမ်မြောက် တွေ့ဆုံဆွေးနွေး သဘောတူညီခဲ့မှုများအပေါ် လက်ခံသင့်သည်ဟု ယူဆပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးရန် ဆုံးဖြတ်ခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် အစိုးရနှင့် တပ်မတော်မှ အကူအညီများ ပေးစေလိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် ပြည်သူ့အကျိုးများအား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လားဟူဒီမိုကရက်တစ်အစည်းအရုံးဥက္ကဋ္ဌ ကြာခွန်ဆာ ဦးဆောင်သည့် အဖွဲ့အား တွေ့ဆုံစဉ်။** သတင်းစဉ်

ယင်းနောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် ပါဝင်လက်မှတ်ရေးထိုးမည့်ကိစ္စရပ်များနှင့် ဆက်လက်လုပ်ဆောင်ရမည့် ကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် တပ်မတော်မှ ကူညီဆောင်ရွက်ပေးမည့်အခြေအနေများအား အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**လက်ခံတွေ့ဆုံ**

အလားတူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်မည့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (Lahu Democratic Union-LDU) ဥက္ကဋ္ဌ ကြာခွန်ဆာ ဦးဆောင်သည့် အဖွဲ့အား ယနေ့ ညနေပိုင်းတွင် အဆိုပါ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လားဟူတိုင်းရင်းသားများအတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးဝါးကင်းစင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်မှ ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများအား ရှင်းလင်းပြောကြားသည်။

လားဟူဒီမိုကရက်တစ်အစည်းအရုံးဥက္ကဋ္ဌက မိမိတို့အနေဖြင့် တပ်မတော်အပေါ် ယုံကြည်အားကိုးပါကြောင်း ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ-စင်ကာပူ မီဒီယာကဏ္ဍ လက်ရှိဆောင်ရွက်နေမှု အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E.Ms. Vanessa Chan Yuen Ying နှင့် French Communications မှ ကျွမ်းကျင်ပညာရှင် နှစ်ဦးဖြစ်သော Ms. Florence Bonetti နှင့် Mr. Henri Clelorme တို့အား ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

စင်ကာပူသံအမတ်ကြီး H.E. Ms.Vanessa Chan နှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံစာကြည့်တိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံတွင် စာကြည့်တိုက်များအား Community Centers, Community Libraries များအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများ၊ လူမှုမီဒီယာများတွင် အမုန်းစကား (Hate Speech) ရေးသားဖြန့်ဝေမှုများနှင့် ပတ်သက်၍ စင်ကာပူနိုင်ငံ၏ ဖြေရှင်းဆောင်ရွက်ပုံနည်းလမ်းများ၊ နှစ်နိုင်ငံမီဒီယာကဏ္ဍလက်ရှိဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(အောက်ပုံ)**

French Communications မှ ကျွမ်းကျင်ပညာရှင် နှစ်ဦးနှင့် တွေ့ဆုံစဉ် ပြည်သူ့ဆက်ဆံရေး(Public Relations–PR) ကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး နည်းလမ်းများနှင့် ပတ်သက်၍ လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**





## မြန်မာ-စင်ကာပူ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Ms. Vanessa Chan Yuen Ying အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

**ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနှင့်ဂျပန် ရုပ်သံလွှင့်ကဏ္ဍတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ဂျပန်နိုင်ငံ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာဌာန၊ နိုင်ငံတကာရေးရာဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr. Seiji TAKAGI ဦးဆောင်သော အဖွဲ့နှင့် ယနေ့ နံနက် ၁၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ရင်ဆိုင်နေရသည့် မီဒီယာစိန်ခေါ်မှုများ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဂျပန်နိုင်ငံ ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန (Ministry of Internal Affairs and Communications - MIC) တို့ ပူးပေါင်းဆောင်ရွက်ရန်ရှိသည့် "Capacity Building Project" နှင့် ပတ်သက်၍ စာချုပ် လက်မှတ်ရေးထိုးနိုင်ရေး အခြေအနေ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်နိုင်ရေး၊ ရုပ်သံလွှင့်မီဒီယာ ဥပဒေပြင်ဆင်ရေးဆွဲဆောင်ရွက်နေမှု အခြေအနေ၊ ရုပ်သံလွှင့်ကဏ္ဍတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးအခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

**သတင်းစဉ်**



## ကနီမြို့နယ်၌ ခေတ်မီအလိုအလျောက် မိုးလေဝသတိုင်းထွာရေးစက် တပ်ဆင်

**ကနီ ဇန်နဝါရီ ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် ခေတ်မီအလိုအလျောက် မိုးလေဝသတိုင်းထွာစက်များကို ဇန်နဝါရီ ၂၃ ရက်က တပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တပ်ဆင်သောစက်မှာ လေတိုက်နှုန်း၊ လေညွှန်းအရပ်၊ လေဖိအား၊ စိုထိုင်းဆ၊ ခရမ်းလွန်ရောင်ခြည်၊ နှင်းဖြစ်မှတ်နှင့် မိုးရေချိန်စသည့် မိုးလေဝသဖြစ်စဉ် အခြေအနေများကို အလိုအလျောက် တိုင်းထွာပေးမည်ဖြစ်ပြီး မိုးလေဝသဖြစ်စဉ်နှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ပြည်သူများထံ အသိပေးသွားနိုင်ရန် ယခုလို အလိုအလျောက် မိုးလေဝသတိုင်းထွာစက်များ တပ်ဆင်ရခြင်းဖြစ်ကြောင်း မြို့နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

အဆိုပါစက်များကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် Myanmar (ITCZ)မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက် တပ်ဆင်ခဲ့ကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**

# မတရားအသင်းများဟူသည်

■ မောင်စာဂ

မတရားအသင်းများဆိုသည် ၁၉၀၈ ခုနှစ်၊ မတရားအသင်းများ အက်ဥပဒေအရ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်းအက်ဥပဒေသည် ယနေ့အထိ အတည်ဖြစ်လျက်ရှိသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း မတရားအသင်းများ ပေါ်ပေါက်လာခဲ့သည်ကို တွေ့ရသည်။ ယင်းကြောင့် နိုင်ငံတော် တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်။ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်ရေးကို အဟန့်အတားဖြစ်စေသည်။ တရားဥပဒေစိုးမိုးမှုရေးကို ပျက်ပြားစေသည်။ သို့ဖြစ်ရာ မတရားအသင်းများ ဘာ့ကြောင့်ပေါ်ပေါက်လာရသနည်း။ မတရားအသင်းများ အက်ဥပဒေက မည်သို့ ပြဋ္ဌာန်းထားသနည်း။ စာကြောဆင်ခြင်မိသည်။ မှတ်သားထားမိသမျှ အနှစ်ချုပ်ကို မျှဝေပါရစေ။

**မတရားအသင်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်**

မတရားအသင်းဆိုသည်မှာ ရန့်ရင်းကြမ်းတမ်းမှုများနှင့် ခြိမ်းခြောက်မှုများကို ကျူးလွန်ရန် အားပေးသော သို့တည်းမဟုတ် ကူညီအားပေးသော အဖွဲ့အစည်း သို့တည်းမဟုတ် ထိုကဲ့သို့သော ပြုမူချက်များကို ပြုကျင့်လေ့ရှိသော အဖွဲ့ဝင်များ ပါဝင်သော အသင်းဖြစ်သည်။ **ပုဒ်မ ၁၅ (၂) (က)**

အဆိုပါအသင်းများကို မတရားအသင်းဖြစ်ကြောင်း အစိုးရက ကြေညာချက်ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။ **ပုဒ်မ ၁၅ (၂) (ခ) နှင့် ပုဒ်မ ၁၆ (၁)**

အစိုးရအားဆန့်ကျင်၍ လက်နက်ကိုင်သောင်းကျန်းနေသော အုပ်စုများမှာ ပုဒ်မ ၁၅ (၂) (က) အရ လည်းကောင်း၊ ပုဒ်မ ၁၅ (၂) (ခ) အရ လည်းကောင်း တစ်နည်းမဟုတ်တစ်နည်းအားဖြင့် မတရားအသင်းများ ဖြစ်ကြပါသည်။

မည်သည့်လက်နက်ကိုင်သောင်းကျန်းသူအုပ်စုမဆို ကြေညာထားခြင်း မရှိလင့်ကစား ပုဒ်မ ၁၅ (၂) (က) အရ မတရားအသင်းမြောက်သည်။

**ချမှတ်ရမည့်ပြစ်ဒဏ်**

ချမှတ်ရမည့်ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ နှစ်မျိုးနှစ်စားရှိသည်။

ပထမတစ်မျိုးမှာ မည်သူမဆို မတရားအသင်း၏ အဖွဲ့ဝင်ဖြစ်လျှင် သို့တည်းမဟုတ် ယင်းအသင်း၏ အစည်းအဝေး၌ ပါဝင်ဆောင်ရွက်လျှင် သို့တည်းမဟုတ် ယင်းအသင်းအတွက် ဝင်ကြေးထည့်ဝင်၊ ရယူ၊ တောင်းခံလျှင် သို့တည်းမဟုတ် တစ်နည်းနည်းဖြင့် ယင်းအသင်း၏ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကူညီလျှင် ထောင်ဒဏ် နှစ်နှစ်ထက်မနည်း သုံးနှစ်ထက်မပိုသော ထောင်ဒဏ်နှင့် ငွေဒဏ်ကို စီရင်ခြင်းခံရသည်။ **[ ပုဒ်မ ၁၇ (၁) ]**

ဒုတိယအမျိုးအစားမှာ မည်သူမဆို မတရားအသင်းကို စီမံအုပ်ချုပ်လျှင် သို့တည်းမဟုတ် စီမံအုပ်ချုပ်ခြင်းတွင်ကူညီလျှင် သို့တည်းမဟုတ် အဆိုပါ အသင်းတစ်ခုခု သို့တည်းမဟုတ် ထိုအသင်းသားများ၏ အစည်းအဝေးကို ဆော်ဩကမကထပြုလျှင် သို့တည်းမဟုတ် ဆော်ဩကမကထပြုရာတွင် ကူညီလျှင် သုံးနှစ်ထက်မနည်း ငါးနှစ်ထက်မပိုသော ထောင်ဒဏ်နှင့် ငွေဒဏ်ကိုပါ စီရင်ခြင်းခံရမည်။ **[ ပုဒ်မ ၁၇ (၂)]**

**မတရားအသင်းအဖြစ်ကြေညာခြင်း**

မတရားအသင်းအက်ဥပဒေ ပြဋ္ဌာန်းချက်များအရ အစိုးရသည် အသင်းအဖွဲ့တစ်ခုကို မတရားအသင်းဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။ ယခင်ခေတ်ကာလများက မတရားအသင်းအဖြစ် ကြေညာထုတ်ပြန်ခဲ့ဖူးသည်များကို ကောက်နုတ်ဖော်ပြလိုသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ ရဲဌာနခွဲ၏ ၂၃-၁-၁၉၄၇ ရက်စွဲပါ ကြေညာချက်အမှတ် ၅၃ အရ အလံနီကွန်မြူနစ်ပါတီ(ဗမာပြည်)နှင့် အလံနီတောင်သူလယ်သမားသမဂ္ဂတို့ကို မတရားအသင်းအဖြစ် ကြေညာခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ပြည်ထဲရေးဝန်ကြီးဌာန၏ ၁-၂-၁၉၄၉ ရက်စွဲပါ ကြေညာချက်အမှတ် ၆၁ ဖြင့် Karen National Defence Organization (K.N.D.O) ကို မတရားအသင်းအဖြစ် ကြေညာခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာန၊ ရဲဌာနခွဲ၏ ၂၁-၁၀-၁၉၅၃ ရက်စွဲပါ ကြေညာချက်အမှတ် ၇၅၇ ဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ သို့မဟုတ် အလံဖြူကွန်မြူနစ်ပါတီကို လည်းကောင်း၊ ကြေညာချက်အမှတ် ၇၅၈ ဖြင့် ပြည်သူ့ရဲဘော်အဖွဲ့ ( Peoples' Comrade Party - ပီ၊စီ၊ပီ) ကို လည်းကောင်း မတရားအသင်းများအဖြစ် ကြေညာခဲ့သည်။

အထက်ဖော်ပြပါ အသင်းအဖွဲ့များအား မတရားအသင်းအဖြစ် ကြေညာရာတွင် အဆိုပါ အသင်းအဖွဲ့များနှင့် ၎င်းတို့၏ လက်အောက်ခံအသင်းအဖွဲ့များ၊ ၎င်းအသင်းအဖွဲ့များ နှင့် ဆက်သွယ်သည့် အခြားအသင်းအဖွဲ့များ၊ ထိုအသင်းအဖွဲ့များအားလုံး၏ အမှုဆောင်များ(Committees)၊ အဖွဲ့ငယ် အမှုဆောင်များ(Sub-Committees) နှင့် အဖွဲ့ခွဲများ၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အုပ်ချုပ်မှုကို သော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှုကိုသော်လည်းကောင်း၊ ပြည်သူလူထု၏ ငြိမ်းချမ်းသာယာမှုကို သော်လည်းကောင်း နှောင့်ယှက်အန္တရာယ်ပြုရန်ဖြစ်သည်ဟု ယုံကြည်ယူဆ၍ မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မငယ် (၁) အရ အဆိုပါ အသင်းအဖွဲ့များ၊ အမှုဆောင်များ၊ အဖွဲ့ငယ် အမှုဆောင်များနှင့် အဖွဲ့ခွဲများသည် မတရားအသင်းများအက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲငယ်(၂) ပါ အဓိပ္ပာယ်ဖော်ပြချက်နှင့်အညီ မတရားအသင်းများဖြစ်သည်ဟု ကြေညာခဲ့ကြောင်း တွေ့ရှိရသည်။

ထိုနည်းတူ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရကာလတွင်လည်း ထိုကဲ့သို့ အမိန့်ကြော်ငြာစာများထုတ်ပြန်၍ မတရားအသင်းများအဖြစ် ကြေညာခဲ့ခြင်းများရှိခဲ့သည်။

**မတရားအသင်းများအဖြစ်မှ ပယ်ဖျက်ခြင်း**

အစိုးရသည် မတရားအသင်းများအက်ဥပဒေအရ မတရားအသင်းများဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်၍ သတ်မှတ်ခဲ့သော အသင်းအဖွဲ့များကို မတရားအသင်းများအဖြစ်မှ ပယ်ဖျက်ကြောင်းကိုလည်း အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

သာဓကအားဖြင့် မတရားအသင်းများအဖြစ် ကြေညာထားသော မြန်မာနိုင်ငံ လူမျိုးစုများ ဒီမိုကရေစီတပ်ပေါင်းစုအဖွဲ့ (MYANMAR NATIONAL DEMOCRACY ALLIANCE - MNDA) အပါအဝင် အဖွဲ့အစည်း ရှစ်ခုကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ၁၄-၅-၁၉၉၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၉၁ အရ ၎င်းတို့ တရားဥပဒေဘောင်အတွင်း စတင်ဝင်ရောက်ခဲ့သည့် နေ့ရက်များမှစ၍ မတရားအသင်းအဖြစ်မှ ပယ်ဖျက်ခဲ့သည်ကို တွေ့ရသည်။

> **"ပြည်ထောင်စုနိုင်ငံတော် သို့မဟုတ် အစိုးရကို ဆန့်ကျင်၍ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်၊ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေရန်၊ ပြည်သူလူထု၏ ငြိမ်းချမ်းသာယာမှုကို အန္တရာယ်ဖြစ်စေရန် နှောင့်ယှက်ဖန်တီးမှုများနှင့် ခြိမ်းခြောက်မှုများကို သတိပြုကြရပါမည်။ ယင်းသို့ ဖန်တီးလုပ်ဆောင်နေသော၊ အားပေးကူညီနေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့်လည်း ပတ်သက်ဆက်နွှယ်ဆက်စပ်မှုမရှိအောင် သတိပြုရှောင်ကြဉ်ကြရပါမည်"**

**မတရားအသင်းများနှင့် နိုင်ငံရေးပါတီများ**

နိုင်ငံရေးပါတီတစ်ခုသည် မတရားအသင်းအဖြစ် ကြေညာခြင်းခံရလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိပါ။ ထို့အပြင် နိုင်ငံတော်အားလက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သောအဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုလျှင် နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိပါ။ နိုင်ငံရေးပါတီအဖြစ်မှ မှတ်ပုံတင်ထားခြင်းကိုလည်း ပယ်ဖျက်ခြင်းခံရမည်ဖြစ်သည်။ **(ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၇ ၊ ၄၀၈ )**

နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းဝင် သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင် သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင်တစ်ဦး ဖြစ်ခဲ့သော် နိုင်ငံရေးပါတီတစ်ရပ် ထူထောင်ရန် သို့မဟုတ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခွင့်မရှိပါ။ **(နိုင်ငံရေးပါတီများ ဥပဒေ ပုဒ်မ ၄ (စ) )**

**မတရားအသင်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ**

တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်း ခံထားရသော အဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းများနှင့် ဆက်သွယ်ကြောင်းခိုင်လုံသော အထောက်အထားရှိသူ တစ်ဦးဖြစ်နေပါက မည်သည့် လွှတ်တော်တွင်မျှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိပါ။ **(လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀ (ဃ) )**

တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းများနှင့် ဆက်သွယ်ကြောင်း ခိုင်လုံသောအထောက်အထားရှိသည်ဟု သက်ဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိပါ။ **(လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ (ည))**

သူတစ်ဦးတစ်ယောက်သည် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မတရားအသင်းတစ်ခုနှင့် ဆက်သွယ် ဆက်စပ်ပတ်သက်မှုများရှိနေခဲ့သော် တရားစွဲဆိုအရေးယူ အပြစ်ပေးခြင်းခံရမည်။ ထို့ပြင် နိုင်ငံရေးပါတီတစ်ရပ်အဖြစ် တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် အခွင့်အရေးများ ဆုံးရှုံးမည်။ လွှတ်တော်တစ်ရပ်ရပ်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ပိုင်ခွင့်ကို ပိတ်ပင်ခြင်းခံရမည်။ မတရားအသင်းတစ်ခုနှင့် ဆက်နွှယ်ဆက်စပ် ပတ်သက်နေခြင်းသည် နိုင်ငံရေးပါတီတစ်ရပ်ဖြစ်ခဲ့လျှင် ပါတီမှတ်ပုံတင်ထားခြင်းကိုလည်း ဖျက်သိမ်းခြင်းခံရမည်ဖြစ်သည်။

**မတရားအသင်းများတွင် ပါဝင်ပတ်သက်မှုမရှိစေရေး**

ယနေ့အချိန်အခါတွင် နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို တိုင်းရင်းသားပြည်သူအပေါင်းက စည်းလုံးညီညွတ်စွာဖြင့် ပါဝင်ပူးပေါင်းကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပြည်သူ့အားဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ ဤသို့သော အချိန်ကာလတွင် ပြည်ထောင်စုနိုင်ငံတော် သို့မဟုတ် အစိုးရကို ဆန့်ကျင်၍ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေရန်၊ ပြည်သူလူထု၏ ငြိမ်းချမ်းသာယာမှုကို အန္တရာယ်ဖြစ်စေရန် နှောင့်ယှက်ဖန်တီးမှုများနှင့် ခြိမ်းခြောက်မှုများကို သတိပြုကြရပါမည်။ ယင်းသို့ ဖန်တီးလုပ်ဆောင်နေသော၊ အားပေးကူညီနေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့်လည်း ပတ်သက်ဆက်နွှယ်ဆက်စပ်မှုမရှိအောင် သတိပြုရှောင်ကြဉ်ကြရပါမည်။

မတရားအသင်းအက်ဥပဒေအရ အစိုးရအားဆန့်ကျင်၍ လက်နက်ကိုင်သောင်းကျန်းနေသော အုပ်စုများ၊ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားအောင် နှောင့်ယှက်ဖန်တီး ခြိမ်းခြောက်နေသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသာမက ၎င်းတို့နှင့် ပါဝင်ပတ်သက်အားပေး ကူညီသူ မည်သူမဆို အရေးယူအပြစ်ပေးခံရမည်ဖြစ်သည်ကို သိရှိသတိပြုကြစေလိုသည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးနှောင့်ယှက်ဖန်တီးခြိမ်းခြောက်မှုများအား အစဉ်သတိပြု ကာကွယ်နိုင်ကြပါစေ။

ဥပဒေကို လေးစားလိုက်နာပြီး ဥပဒေဘောင်အတွင်း အန္တရာယ်ကင်းအောင် ပြုမူနေထိုင်နိုင်ကြပါစေ။ ။

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စ ဗန်နက်ဆာ ချန်ယွမ်ရင် အား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စ ဗန်နက်ဆာ ချန်ယွမ်ရင် အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပိုမိုရင်းနှီးချစ်ကြည်စွာ ဆက်ဆံရေးနှင့် ရခိုင်ပြည်နယ်အရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဂျပန်-မြန်မာ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနနှင့် (Ministry of Land, Infrastructure, Transport and Tourism, MLIT, Japan) တို့ ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီခွဲက သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲအလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံမှ မွေးမြူရေး၊ အခြေခံအဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံမှ နည်းပညာဆိုင်ရာ ကုမ္ပဏီများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနနှင့် ဂျပန်နိုင်ငံမှ မွေးမြူရေး၊ အခြေခံအဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ရေလှောင်တမံများ လည်ပတ်ထိန်းသိမ်းစောင့်ရှောက်မှုကို မထိခိုက်စေရန်အတွက် ရေဝပ်ဧရိယာများအတွင်းသို့ နုန်းဝင်ရောက်မှုအား ထိန်းချုပ်ခြင်းနည်းလမ်းများနှင့် နုန်းဝင်ရောက်မှု စီမံခန့်ခွဲမှု အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြပြီး တွေ့ကြုံခဲ့ရသည့် အခက်အခဲများနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကို အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သိမ်းဆည်းမြေများနှင့်ပတ်သက်၍ နိုင်ငံတော်သို့ ဘဏ္ဍာငွေတင်ပြတောင်းခံပြီး ခွင့်ပြုချက်ရပါက လျော်ကြေးပေးချေခြင်းဆောင်ရွက်မည်

နေပြည်တော် ဇန်နဝါရီ ၂၃

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပပြီး မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။**

အစည်းအဝေးတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဦးမြစိန်၏ **တရားရုံးအဆင့်ဆင့်ရှိ တရားသူကြီးမဟုတ်သော အချို့သော ဘီလစ်စာရေးများ၊ ရှေ့ဖတ်စာရေးများ၊ ရုံးအကူများမှာ အနေကြာသူ ဝန်ထမ်းများဖြစ်၍ သင့်တင့်သော အချိုးဖြင့် အသုတ်လိုက် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်က အဆင့်ဆင့်သော တရားရုံးများတွင် ဝန်ထမ်းအိမ်ရာများမရှိသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများကို ပြောင်းရွှေ့ရာတွင် အခက်အခဲရှိမည် မဟုတ်သော်လည်း အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ဝန်ထမ်းများအား အခြားမြို့နယ်ရှိ တရားရုံးများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေပါက ၎င်းတို့ နေထိုင်ရေးအတွက် အခက်အခဲများဖြစ်ပေါ်စေမည်ဖြစ်သည့်အတွက် တရားရုံးအဆင့်ဆင့်ရှိ အနေကြာဝန်ထမ်းများအား သင့်တင့်သော အချိုးဖြင့် အသုတ်လိုက် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားသည်။


ဒုတိယဝန်ကြီး ဦးကျော်မျိုး


မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း

### လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **မင်းဘူး(စကု) မြို့နယ်အတွင်း ဖြတ်သန်းဖောက်လုပ်ခဲ့သော ပခုက္ကူ-ကြံခင်းရထားလမ်းအပိုင်းနှင့် မင်းဘူးမှအမ်းသို့ ဖောက်လုပ်မည်ဟုဆိုကာ မြေပေါင်များ ဖို့ထား၍ နစ်နာခဲ့သော တောင်သူများအား မည်သည့်အချိန်တွင် မည်သည့်နှုန်းထားများဖြင့် တွက်ချက်၍ ပေးလျော်သွားမည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း ပါဝင်သွားသော သိမ်းဆည်းမြေ ၂၂၉၂ ဒသမ ၁၆ ဧကအတွက် လျော်ကြေးငွေကျပ် ၃၂၄၀ ဒသမ ၂၅ သန်းကို ကာယကံရှင်များထံ ပေးချေပြီးဖြစ်ပါကြောင်း၊ ပေးချေလျက်ရှိရာတွင် မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၅ စုအတွက် မြေယာလျော်ကြေးပေးချေရန် ကျန်ရှိနေပြီး ၎င်းကျေးရွာများအတွက် လျော်ကြေးငွေများကို မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ရရှိပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိပါက ပေးလျော်သွားမည် ဖြစ်ပါကြောင်း။

### ဘဏ္ဍာငွေတင်ပြတောင်းခံသွားမည်

မင်းဘူး-အမ်း ရထားလမ်း ဖောက်လုပ်ရာတွင် မင်းဘူး(စကု)မြို့နယ် ကျေးရွာအုပ်စု ငါးစုအတွင်း ပါဝင်သွားသောမြေများကို တိုင်းတာစိစစ်ပြီးဖြစ်၍ မင်းဘူးမြို့နယ် ကန်ရေကျေးရွာအုပ်စုရှိ မြေ ၃၁ ဒသမ ၆၆ ဧကအတွက် မကွေးတိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လျော်ကြေးငွေကျပ် ၇၂ ဒသမ ၉၃၃ သန်းပေးချေပြီးဖြစ်ပါကြောင်း၊ လျော်ကြေးပေးချေရန်ကျန်ရှိသော ကျေးရွာအုပ်စု လေးစုအား မြေတိုင်းတာစိစစ်ပြီးဖြစ်၍ သိမ်းဆည်းမြေများအတွက် လျော်ကြေးတန်ဖိုးကို မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ရရှိပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိပါက ပေးလျော်သွားမည်ဖြစ်ပါကြောင်း။

> **❝ မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၅ စုအတွက် မြေယာလျော်ကြေးပေးချေရန် ကျန်ရှိနေပြီး ၎င်းကျေးရွာများအတွက် လျော်ကြေးငွေများကို မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ရရှိပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိပါက ပေးလျော်သွားမည် ❞**

### အဆင့်ဆင့်တင်ပြဆောင်ရွက်ရ

သိမ်းဆည်းမြေများနှင့် ပတ်သက်၍ တောင်သူတစ်ဦးချင်းစီ၏ သိမ်းဆည်းမြေဧကကို မြေအမျိုးအစားလိုက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စိစစ်အတည်ပြုပြီး မြေလျော်ကြေး၊ နစ်နာကြေး တစ်ကေဈေးနှုန်းဖြင့် တွက်ချက်မှုပုံစံ ၁၂ ကို မြို့နယ်မှ တွက်ချက်အတည်ပြု၍ ၎င်းမှတစ်ဆင့် သက်ဆိုင်ရာခရိုင်နှင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ရရှိရေးအတွက် အဆင့်ဆင့်တင်ပြဆောင်ရွက်ရပြီး လျော်ကြေးတန်ဖိုး အတည်ပြုချက်ရရှိမှသာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်သို့ ဘဏ္ဍာငွေတင်ပြတောင်းခံပြီး ခွင့်ပြုချက်ရရှိပါက လျော်ကြေးပေးချေခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၏ **ဆီဆိုင်မြို့နယ်၏ အရှေ့ခြမ်းတစ်လျှောက်နှင့် မောက်မယ်မြို့နယ်အနောက်ခြမ်း ဆက်စပ်နေထိုင်ကြသော ဒေသခံတိုင်းရင်းသား ကျေးလက်ပြည်သူများသည် မြို့နေပြည်သူများကဲ့သို့ Mobile ဖုန်းများ အသုံးပြုနိုင်ရန် လိုအပ်သောနေရာများတွင် MPT တာဝါတိုင် တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၏ အရှေ့ဘက်ခြမ်းတစ်လျှောက်နှင့် မောက်မယ်မြို့နယ် အနောက်ဘက်ခြမ်း ဆက်စပ်လျက်ရှိသော နေရာများတွင် တာဝါတိုင်များနှင့် မိုဘိုင်း ဆက်သွယ်ရေးစခန်းများ တိုးချဲ့တည်ဆောက်ပေးရန်

*စာမျက်နှာ ၈ သို့*

# အဖိုးတန်မြန်မာ့သယံဇာတများ ပျက်စီးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းကာကွယ် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်

နေပြည်တော် ဇန်နဝါရီ ၂၃

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀နာရီတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

### အရေးယူစီမံဆောင်ရွက်

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စည်ပင်သာယာအဖွဲ့ပိုင်လမ်းများပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားရှိသော အဆောက်အအုံ၊ ဈေးဆိုင်၊ ကြော်ငြာဆိုင်းဘုတ်နှင့် ကားဆင်း ကားတက်ခုံးဆင်းလမ်းများကို ဥပဒေနှင့်အညီ ဖယ်ရှားရှင်းလင်းပေးရန်နှင့် မြေကြီး မြေပုံမှန်ကန်မှုတိုင်းတာခွင့်ပြုချက်ကို ခရိုင်လယ်ယာမြေစိစစ်ရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ လုပ်ပိုင်ခွင့်ချထားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဆောက်လုပ်ရေး ဝန်ကြီးဌာနပိုင် အမြန်လမ်းမကြီးများနှင့် ကားလမ်းမကြီးများပေါ်တွင် ကျူးကျော် တည်ဆောက်ထားသည့် အဆောက်အအုံ၊ ဈေးဆိုင်၊ ကြော်ငြာဆိုင်းဘုတ်များနှင့် ကားဆင်း၊ ကားတက်ခုံပြုလုပ်ထားခြင်းများအား ဖယ်ရှားနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ လမ်းမကြီးများ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကျူးကျော်တည်ဆောက်မှုများအား အရေးယူစီမံဆောင်ရွက်ရပြီး မြို့များအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်းမကြီးများပေါ်တွင် ကျူးကျော်တည်ဆောက်ထားသည့် အဆောက်အအုံ၊ ဈေးဆိုင်၊ ကြော်ငြာဆိုင်းဘုတ်များနှင့် ကားဆင်း၊ ကားတက်ခုံပြုလုပ်ခြင်းများအား ဖယ်ရှားရန် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စည်ပင်သာယာရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူစီမံဆောင်ရွက်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်းများပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားရှိသော အဆောက်အအုံ၊ ဈေးဆိုင်၊ ကြော်ငြာဆိုင်းဘုတ်နှင့် ကားဆင်း၊ ကားတက်ခုံ ပြုလုပ်ခြင်းများကို ဖယ်ရှားနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ လမ်းဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ အရေးယူစီမံဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပါကြောင်းနှင့် ယင်းသို့ ဖယ်ရှားရာတွင် မြေနယ်နိမိတ်အငြင်းပွားမှုများပေါ်ပေါက်လာပါက သက်ဆိုင်ရာတရားရုံးမှ တရားသူကြီး၏ ကော်မရှင်နာခန့်အပ်ကြောင်း အမိန့်စာရရှိသည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်းတာခွင့် အမှုတွဲဖွင့်လှစ်၍ မြန်မာနိုင်ငံမြေစာရင်းလက်စွဲ ဥပဒေနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုမိန့်အားရယူ၍ တိုင်းတာဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများ လျင်မြန်ချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်မည့် အဆင့်များသာ ထားရှိပြီး လိုအပ်မည့်ညွှန်ကြားမှုများနှင့်သာ ဆောင်ရွက်ပေးသွားနိုင်မည်ကြောင်း ရှင်းလင်းဖြေကြားသည်။

### ရှင်းလင်းဖြေကြား

ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်နှင့် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှုမောင်၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

### ထိရောက်စွာ ထိန်းသိမ်းမည်

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက ဒေသခံများနှင့် နိုင်ငံတော်ကြီးအတွက် အမှန်တကယ် ဆိုးကျိုးနည်းပြီး ကောင်းကျိုးပွားစေရန် အပြုသဘောနှင့် ဆွေးနွေးလိုပါကြောင်း၊ ယခုတင်ပြချက်သည် ဒေသခံများ၏ သဘောထား အများစုဖြစ်၍ လွှတ်တော်အသံ ပြည်သူ့အသံဆိုသည်နှင့်အညီ ဒီမိုကရေစီ၏ တန်းတူညီ မျှမှုများကို တိုင်းရင်းသားပြည်သူများ နားစွင့်မျှော်လင့်နေကြသည့် အချိန်ကာလဖြစ်ပါကြောင်း၊ ယခု ဥပဒေကြမ်းနှင့် ပတ်သက်၍ အခန်း(၃)ပုဒ်မ ၄ တွင် ထိန်းသိမ်းရေးကော်မတီကိုဖွဲ့စည်းသော်လည်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်မှ ရွေးချယ်တာဝန်ပေးခံရသည့် ဒေသခံကိုယ်စားလှယ်များဆိုသည်ကို ပုဒ်မ (၄)၏ (က)-၃ တွင် ဖြည့်စွက်လိုပါကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းအနည်းငယ်ဖြင့် အလွန်ကျယ်ဝန်းသည့် သဘာဝနယ်မြေကြီး တစ်ခုလုံးကို အမှန်တကယ် ထိရောက်စွာ ထိန်းသိမ်းမည်ဆိုပါက ဒေသခံများမပါဘဲ ထင်သလို ခရီးမပေါက်နိုင်ဟု ထင်မြင်ပါကြောင်း ထည့်သွင်းဆွေးနွေးသည်။

အလားတူ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဝင်းဇော်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးပူဂင်ကမ်းလျန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးမိုင်းအုဏ်းခိုင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်းနှင့် တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးတို့က ဆွေးနွေးကြသည်။


ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ ဦးဇေချစ်


ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဒေါက်တာခွန်ဝင်းသောင်း

> **❝ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်းများပေါ်တွင် ကျူးကျော် ဆောက်လုပ်ထားရှိသော အဆောက်အအုံ၊ ဈေးဆိုင်၊ ကြော်ငြာဆိုင်းဘုတ်နှင့် ကားဆင်း၊ ကားတက်ခုံပြုလုပ်ခြင်းများကို ဖယ်ရှားနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ လမ်းဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ ဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ အရေးယူစီမံဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ် ❞**

ယင်းနောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က ယင်းဥပဒေကြမ်းကို စိစစ်လေ့လာရာတွင် ပုဒ်မ(၃)၊ ပုဒ်မခွဲ (ခ)၏နောက်တွင် ပုဒ်မခွဲ(ဂ) နှင့်(ဃ)တို့ကို ဖြည့်စွက်သင့်ကြောင်း၊ ပုဒ်မခွဲ (ဂ)တွင် ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် စီမံခန့်ခွဲရေးကော်မတီများကို ဖွဲ့စည်းပေးရမည်။ ထိုသို့ ဖွဲ့စည်းရာတွင် ဒေသမှရွေးချယ်ပေးသည့် ဒေသခံ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားအသင်းအဖွဲ့ ကိုယ်စားလှယ်များ စိုက်ပျိုးရေးပညာရှင်များ၊ မွေးမြူရေးပညာရှင်များ၊ ဥပဒေပညာရှင်များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်များ ပါဝင်သော ကော်မတီများဖြစ်ရမည်ဟူ၍ ဖြည့်စွက်သင့်ပါကြောင်း၊ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲ (ဂ)အရ

*စာမျက်နှာ ၈ သို့*

# ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈)ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(ခ) ပုဒ်မခွဲ (င) ၏နောက်တွင် ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲ (ဈ) နှင့် ပုဒ်မခွဲ (ည) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ပြီး မူလဥပဒေ ပုဒ်မခွဲ(စ)ကို ပုဒ်မခွဲ(ဋ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်-

"(စ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုများကို စစ်ဆေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က တာဝန်ပေးအပ်လာလျှင် စစ်ဆေး၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများ၏ အခြားငွေရေးကြေးရေးကိစ္စနှင့် စပ်လျဉ်းသော စာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း၊

(ဇ) နိုင်ငံပိုင် ရေ၊ မြေ၊ လေ၊ သယံဇာတများကို အသုံးပြု၍ အကျိုးခံစားခွင့်ပေးသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် စာချုပ်ပုံစံအမျိုးမျိုး၊ နည်းစနစ်အမျိုးမျိုးဖြင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းများ၏ လုပ်ငန်းနှင့်စာရင်းများကို လိုအပ်၍ တာဝန်ပေးလာပါက စစ်ဆေးခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သောကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည့် စာရင်းများဆိုင်ရာ ရငွေနှင့် ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေနှင့် ပေးငွေများကို တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှု ရှိ၊ မရှိ စစ်ဆေးနိုင်ရန် စာရင်းစစ်အရာရှိများအား တာဝန်ပေးအပ်ခြင်း၊

(ည) ရရန်ရှိငွေနှင့် ပစ္စည်းများ၊ ပေးရန်ရှိငွေနှင့် ပ စ္စည်းများ ပြည့်စုံမှန်ကန်တိကျစွာဖော်ပြခြင်း ရှိ၊ မရှိနှင့် သတ်မှတ်ချက်များနှင့် အညီ စာရင်းရှင်းလင်းဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊"

၆။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၃၄ တွင်-

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများသည် ပြည်သူတို့အတွက် အမှန်တကယ်အကျိုးသက်ရောက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊"

(ခ) ပုဒ်မခွဲ (ဃ) ၏ နောက်တွင် ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည့် စာရင်းများဆိုင်ရာ ရငွေနှင့် ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေနှင့် ပေးငွေများကို တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှု ရှိ၊ မရှိ စစ်ဆေးခြင်း။"

၇။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၃၆ ၏နောက်တွင် ပုဒ်မ ၃၆-က၊ ပုဒ်မ ၃၆-ခ နှင့် ပုဒ်မ ၃၆-ဂ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၆-က။ ဥပဒေအရ စစ်ဆေးခြင်းခံရမည့် အဖွဲ့အစည်းအသီးသီးတို့သည် နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် ရက်ပေါင်း ၉၀ အတွင်း ဝန်ထမ်း အင်အားစာရင်း၊ ငွေစာရင်း၊ ကုန်ပစ္စည်းစာရင်းအပါအဝင် နှစ်ချုပ်စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံး အဆင့်ဆင့်သို့ ပေးပို့ရမည်။

၃၆-ခ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံးအဆင့်ဆင့်တို့၏ အစီရင်ခံစာအရ ဝန်ထမ်းများအား အရေးယူသည့်အခါတွင် ပဏာမစုံစမ်းမှုကို ပြန်လည်ပြုလုပ်ခြင်းမပြုဘဲ စာရင်းစစ်ရုံးအဆင့်ဆင့်တို့၏ စစ်ဆေးတွေ့ရှိချက်ကို စွဲချက်တင်ရန် အထောက်အထားတစ်ရပ်အဖြစ်မှတ်ယူ၍ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုကို ဆက်လက်ပြုလုပ်ရမည်။

၃၆-ဂ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံးအဆင့်ဆင့်တို့၏ စစ်ဆေးရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်စေရန် အလို့ငှာ သက်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ်လုပ်ငန်းမှ တာဝန်ရှိသူများက ပူးပေါင်း ဆောင်ရွက်ရမည်။"

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

***ပြည်သူ့လွှတ်တော်မှ***

လောလောဆယ်တွင် အစီအစဉ် မရှိသေးပါကြောင်း၊ ဆက်သွယ်ရေး အော်ပရေတာများမှ ထည့်ဝင်ငွေဖြင့် အခြေခံ ဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးဆိုင်ရာ ရန်ပုံငွေကို တည်ထောင်သည့်အချိန်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဦးစားပေးအဆင့်လိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၏ **မိုင်းပန်မြို့နယ်အတွင်း နားမွန်ကျေးရွာအုပ်စုနှင့် ဝိုးလိုင်းကျေးရွာအုပ်စုတို့တွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးရရှိစေရန်အတွက် မိုဘိုင်းဖုန်း ဆက်သွယ်ရေးတာဝါတိုင် (သို့) အခြားတာဝါတိုင်များ တပ်ဆင်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်း၊ မိုင်းခတ် မဲဆန္ဒနယ်မှ ဦးစဲကီကော်၏ **မိုင်းခတ်မြို့နယ် ဝေးလံခေါင်သီ အရပ်ဒေသများဖြစ်သော မိုင်းညှင်းဒေသရှိ မိုင်းညှင်း၊ ဟုတ်ပုံ၊ ဝမ်ပင်း၊ ဝမ်အွမ်နှင့် ပါပွန်း ကျေးရွာအုပ်စု အနောက်ဘက်ခြမ်းတွင် မြန်မာ့ဆက်သွယ်ရေး (MPT-GSM) လက်ကိုင်ဖုန်းများ အသုံးပြုခွင့်ရရှိရန် ဆောင်ရွက်ပေးမည့် အစီအစဉ်များကိုသိလိုကြောင်း** မေးခွန်းနှင့် မြောင်းမြ မဲဆန္ဒနယ်မှ ဒေါက်တာ ဦးစိုးမိုးသူ၏ **မြောင်းမြမြို့နယ်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (က.ည.န) ခရိုင်ရုံးအသစ် ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းတို့ကိုလည်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး က ပြန်လည်ဖြေကြားခဲ့သည်။

**ဖတ်ကြားရှင်းလင်း**

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်က **"အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act) ကို ပြင်ဆင်သည့်ဥပဒေကြမ်း"** ကို လွှတ်တော်သို့ တင်သွင်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ကော်မတီ၏စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

**ပြင်ဆင်ရေးဆွဲ**

တရားသူကြီး ဦးမြင့်အောင်က အဆိုပါ ပြင်ဆင်သည့် ဥပဒေကြမ်းအား တင်သွင်းရာတွင် **အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ**ကို ၁၈၅၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေသည် တည်ဆဲဥပဒေ တစ်ရပ်ဖြစ်ပြီး ယခုထိ အသုံးပြုဆဲဥပဒေ ဖြစ်ပါကြောင်း၊ သို့သော်လည်း ဥပဒေ၏နိဒါန်းတွင် ဘင်္ဂလား ဥပဒေ ၁၈၃၂ ခုနှစ် နည်းဥပဒေအမှတ် ၇၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့် မူသဘောကို ကျယ်ပြန့်အောင် ဆောင်ရွက်ခြင်းအားဖြင့် အကျိုးဖြစ်ထွန်းစေမည်ကို ထောက်၍ ဥပဒေအဖြစ် ပြဋ္ဌာန်းကြောင်း ကနဦး ဖော်ပြချက်များပါရှိနေရာ ယင်းဖော်ပြချက်များသည် မြန်မာနိုင်ငံနှင့် သက်ဆိုင်ခြင်းမရှိသည့်အတွက် လည်းကောင်း၊ ဖော်ပြရန် မသင့်လျော်သည့်အတွက်လည်းကောင်း ယင်းကနဦးဖော်ပြချက် နိဒါန်းကို ခေတ်နှင့်အညီ လျော်ညီစေရန် အစားထိုးပြင်ဆင်ရန် လိုအပ်သည့်အတွက် ပြင်ဆင်ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ကျော်သူထက်၊ မွှေးကြူဇင်**

***အမျိုးသားလွှတ်တော်မှ***

ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် စီမံခန့်ခွဲရေးကော်မတီ၏ သက်တမ်းသည် နိုင်ငံတော်သမ္မတ၏ သက်တမ်းဟု မှတ်ယူရမည်ဟူ၍ ဖြည့်စွက်သင့်ပါကြောင်း၊ ထို့နောက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ဖြည့်စွက်ချက်၊ ပြင်ဆင်လိုသည့်အချက်တို့ကို အကြံပြုဆွေးနွေးသည်။

**ဆွေးနွေး**

အလားတူ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကြည်ဝင်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း၊ ရခိုင်ပြည်နယ်မဲ ဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်မျိုးတို့က ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံခရီးသွားလာရေး လုပ်ငန်းဥပဒေကြမ်းကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က လွှတ်တော်သို့ တင်သွင်းရာ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။


ထို့နောက် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၉)မှ ဦးဖေချစ်က **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရာတွင် နိုင်ငံတကာ အဖွဲ့အစည်းများ ထုတ်ပြန်ချက်အရ ၁၉၉၄ ခုနှစ်မှ ၂၀၁၄ ခုနှစ် နှစ် ၂၀ အတွင်း ဒေသတွင်း တရားမဝင် သစ်ခုတ်လှဲရောင်းချခဲ့သော တန်ချိန်များမှာ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကချင်ပြည်နယ်၊ နယ်စပ်ဒေသများမှ သစ်မာတန်ချိန် ၂၈ သိန်းကျော်၊ ထိုင်းနယ်စပ် မောတောင်ဂိတ်မှ သစ်မာတန်ချိန် ၁၂ သိန်းကျော်၊ ထိုင်းနယ်စပ်-ဘီပီဝမ်းနှင့် ဘီပီတူး- ပုံပါကြိုးဝိုင်းမှ သစ်မာတန်ချိန် ၉ သိန်းကျော်ရှိ မြေပေါ်သယံဇာတများ ဆုံးရှုံးနေရပါကြောင်း၊ ရှားပါးအဖိုးတန်သည့် ဆင်စွယ်၊ သစ်ခွ၊ ဝက်ဝံသားရေ၊ ကျားသားရေ၊ ကျားသစ်သားရေ၊ သင်းခွေချပ်၊ တောင်ဆိတ်၊ ဥဒေါင်းငှက်၊ တောကြီးမြွေဟောက်တို့ကို တစ်နှစ်တွင် မည်မျှဖမ်းဆီး၊ သတ်ဖြတ်နေသည်ကို မှတ်တမ်းမရှိ၍ မသိနိုင်ပါကြောင်း၊ အရည်အသွေးမြင့်ပြီး ကမ္ဘာကျော်သည့် မိုးကုတ်ပတ္တမြားအပြင် မိုင်းရှူးရတနာမြေတွင်လည်း မည်မျှတူးဖော်ထုတ်လုပ်ပြီး ထွက်သမျှ ပတ္တမြား မည်မျှ ပြည်ပရောက်ကုန်သည်ကို သတ္တုတွင်း ဝန်ကြီးဌာနကပင် အတိအကျမသိရပါကြောင်း၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စုစာရင်းစစ်အဖွဲ့ စစ်ဆေးချက် အစီရင်ခံစာအရ လုပ်ငန်းရှင်ကုမ္ပဏီအရေအတွက် ၉၈ ခုကျော်မှ ရွှေပေးသွင်းရန် ကျန်နေသည့် တန်ချိန် ၆ ဒသမ ၄ တန်အထိရှိသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ အခွန်မဆောင် စာချုပ်ဖောက်ဖျက်သူများကို တရားစွဲအရေးယူခြင်းလည်း မတွေ့ရပါကြောင်း၊ ယခုကဲ့သို့ ဥပဒေကို ဂရုမစိုက်ကြခြင်းကို ဥပဒေပုဒ်မများ ထုတ်ပြန်ကန့်သတ်ရုံဖြင့် မလုံလောက်ပါကြောင်း၊ အဖိုးတန် မြန်မာ့သယံဇာတများ ပြုန်းတီးပျက်စီးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် ထိန်းသိမ်း၊ကာကွယ်၊ ကြပ်မတ်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**လွှတ်တော်၏ အဆုံးအဖြတ်ရယူ**


ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းအဆိုနှင့် စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်၊ မျိုးသူဟိန်း**




ဓာတ်မြစ်။ ပညာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။




ဓာတ်မြစ်။ ပညာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

## တိမ်အသင့် အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အတင့်အသင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

**နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်**

**နေပြည်တော် ဇန်နဝါရီ ၂၃ -** နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ **မိုး/ဇလ**

# စာရင်းအင်းဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၉။ ဗဟိုကော်မတီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဗဟိုစာရင်းအင်းအဖွဲ့သို့ လိုအပ်သလို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၀။ အစိုးရအဖွဲ့၏ စာရင်းအင်းဆိုင်ရာ လက်ရှိဆောင်ရွက်မှုများမှ လိုအပ်သော အချက်အလက်များကိုရရှိနိုင်ခြင်းမရှိပါက သက်ဆိုင်ရာဒေသအဆင့်ဆင့်မှ စာရင်းအင်းများကိုရယူ၍ လုပ်ငန်းများဆောင်ရွက်နိုင်ကြောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေစာရင်းအင်းဆိုင်ရာအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီများကို ဗဟိုကော်မတီက ခွင့်ပြုနိုင်သည်။

**အခန်း(၅)**

**စာရင်းအင်းဆိုင်ရာအကြီးအမှူး၏ လုပ်ငန်းတာဝန်များ**

၁၁။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တရားဝင်စာရင်းအင်းနှင့် သက်ဆိုင်သော နှစ်စဉ်လုပ်ငန်းအစီအစဉ်နှင့် ကာလတို၊ ကာလလတ်၊ ကာလရှည် စာရင်းအင်းဆိုင်ရာ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် စာရင်းအင်းဆိုင်ရာကိစ္စရပ်တွင် ပါဝင်ပတ်သက်သူအားလုံးနှင့် ဦးဆောင်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် သတ်မှတ်ထားသော စံနှုန်းများကိုက်ညီစေရေးအတွက် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဂ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ဗဟိုကော်မတီ၏ အတည်ပြုချက်ရရှိရေးအတွက် တင်ပြခြင်း၊

(ဃ) လူမှုစီးပွားအခြေအနေကို ထင်ဟပ်ဖော်ပြသည့် စာရင်းအင်းများ၊ စစ်တမ်းများ၊ သန်းခေါင်စာရင်းများ၊ ညွှန်းကိန်းများကောက်ယူပြုစုရေးအတွက် ပြင်ဆင်ဆောင်ရွက်နိုင်ရန် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့နှင့် ပူးပေါင်းကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) တရားဝင်စာရင်းအင်းများ ကောက်ယူရေးအတွက်ဖြစ်စေ၊ အုပ်ချုပ်ရေးအတွက်ဖြစ်စေ၊ အခြားကိစ္စရပ်များအတွက်ဖြစ်စေ ဆောင်ရွက်သည့် တရားဝင်စာရင်းအင်းနှင့် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များကို နှစ်စဉ် ပြန်လည်စိစစ်ခြင်းနှင့် အကြံဉာဏ်ပေးခြင်း၊

(စ) အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်သော အချက်အလက်များအား နည်းလမ်းတကျ ခွဲခြမ်းစိတ်ဖြာ၍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနများ ဆောင်ရွက်ရန်နှင့် မူဝါဒဆိုင်ရာအချက်အလက်များ ပြုစုတင်ပြဆောင်ရွက်ခြင်း၊ စာရင်းအင်းထုတ်ပြန်မှု အရည်အသွေးကို အကဲဖြတ်ခြင်း၊ လေ့လာစိစစ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊

(ဆ) အမျိုးသားစာရင်းအင်းစနစ်၏ တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ခြင်း၊ စီမံချက်များနှင့် အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို လေ့လာစိစစ်၍ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဇ) တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော လုပ်ငန်းဆောင်ရွက်ချက်များကို ဗဟိုကော်မတီသို့ အခါအားလျော်စွာ တင်ပြအစီရင်ခံခြင်း၊

(ဈ) လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်များမှအပ ထုတ်ပြန်သင့်သည့် တရားဝင်စာရင်းအင်းများကို သတင်းကဏ္ဍများမှ ထုတ်ပြန်နိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) ဗဟိုစာရင်းအင်းအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်များရှိ ဗဟိုစာရင်းအင်းအဖွဲ့ ရုံးခွဲများအကြား ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စာရင်းအင်းဆိုင်ရာ အချက်အလက်ပေးပို့ခြင်းနှင့် စုစည်းထိန်းသိမ်းထားရှိခြင်း၊

(ဋ) စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ပိုမိုလျင်မြန်စွာ ကောက်ယူစုဆောင်းနိုင်ရေးအတွက် အီလက်ထရွန်နစ် အသုံးချ အချက်အလက်စနစ်ထူထောင်ခြင်း၊

(ဌ) အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများအကြား စာရင်းအင်း ကောက်ယူသည့်စနစ်နှင့် စာရင်းအင်းပြုစုခြင်းဆိုင်ရာ နည်းစနစ်များတစ်ပြေးညီ ဖြစ်စေရေး ပေါင်းစပ်ညှိနှိုင်းခြင်း၊ သင်တန်းပေးခြင်း၊

(ဍ) စာရင်းအင်းများပြုစုရာတွင် စာရင်းအင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် အရည်အသွေးကိုမြှင့်တင်ရန် သင်ရိုးညွှန်းတမ်း ရေးဆွဲဆောင်ရွက်ခြင်းနှင့် စာရင်းအင်းနည်းပညာဖွံ့ဖြိုးရေး သင်တန်းများဖွင့်လှစ်ခြင်း၊

(ဎ) တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သည့်စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ စာရင်းအင်းဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဏ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် လိုအပ်သည့် နည်းပညာဆိုင်ရာ အကူအညီနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာစာရင်းအင်းဆိုင်ရာ အချက်အလက် ပြုစုထုတ်ပြန်သူများ၊စာရင်းအင်းဆိုင်ရာ အချက်အလက်သုံးစွဲသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လိုအပ်သလိုညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(တ) အမျိုးသားစာရင်းအင်းစနစ်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံကိုယ်စားပြု ဆောင်ရွက်ခြင်း၊

(ထ) နိုင်ငံတော်၏ စီးပွားရေးအတွက် လိုအပ်သော စာရင်းအင်းဆိုင်ရာ အချက်အလက်များကိုထောက်ရှု၍ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာစစ်တမ်းများ ကောက်ယူရေးကို စနစ်တကျရေးဆွဲထားသော အခြေခံမှုအရဖြစ်စေ၊ လိုအပ်ချက်အပေါ်မူတည်၍ဖြစ်စေ စီစဉ်ဆောင်ရွက်လုပ်ကိုင်ခြင်း၊

(ဒ) ဗဟိုကော်မတီက ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၂။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည်-

(က) ဗဟိုစာရင်းအင်းအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လျာထားချက်ထက်မပိုစေဘဲ အရေးပေါ်ဆောင်ရွက်ရန် အကြောင်းကိစ္စရပ်များ သို့မဟုတ် လုပ်ငန်းများကိုလျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် စာရင်းအင်းဆိုင်ရာ အချက်အလက်ကောက်ယူစုဆောင်းခြင်း အစီအစဉ်ကိုလည်းကောင်း၊ လုပ်ငန်းနယ်ပယ်နှင့် ပမာဏကိုလည်းကောင်း ပြောင်းလဲခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်ရန် ဗဟိုကော်မတီသို့ တင်ပြခြင်း ပြုနိုင်သည်။

(ခ) အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ခွင့်ပြုရန်ပုံငွေ လုံလောက်မှုမရှိပါက ဝန်ကြီးဌာနမှတစ်ဆင့် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ တင်ပြတောင်းခံနိုင်သည်။

**အခန်း (၆)**

**ကဏ္ဍအလိုက် စာရင်းအင်းများ**

၁၃။ စာရင်းအင်းနှင့် သက်ဆိုင်သောအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အမျိုးသားစာရင်းအင်းစနစ် အကောင်အထည်ဖော်ဆောင်ရာတွင် အဓိကပါဝင်ပတ်သက်သူများအဖြစ် ဆောင်ရွက်ရမည်။

၁၄။ ဗဟိုကော်မတီက ချမှတ်ထားသော စာရင်းအင်းဆိုင်ရာ မူဝါဒများကို အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့က အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၅။ စာရင်းအင်းနှင့် သက်ဆိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် သက်ဆိုင်ရာ ကဏ္ဍအလိုက် စာရင်းအင်းများကို ပြုစုရမည့်အပြင် တည်ဆဲဥပဒေများ၌ သတ်မှတ်ဖော်ပြထားသော သီးခြားညွှန်ကြားချက်များအရ သန်းခေါင်စာရင်းများ၊ စစ်တမ်းများ၊ အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများထားရှိမှုစနစ်များမှ ကဏ္ဍအလိုက် အချက်အလက်များကို ကောက်ယူစုဆောင်းရမည်။ တရားဝင်စာရင်းအင်းများကို အဆိုပါအချက်အလက် ဇာစ်မြစ်များမှ ထုတ်နုတ်ရမည်။

၁၆။ စာရင်းအင်းနှင့်သက်ဆိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ဗဟိုကော်မတီက အတည်ပြုထားသော စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်နှင့်အညီ အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများကိုကောက်ယူပြုစုခြင်းနှင့် ထုတ်ပြန်ခြင်းတို့တွင် ဗဟိုစာရင်းအင်းအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်။

၁၇။ စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူသည် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အချိန်ကာလ၊ စည်းကမ်းသတ်မှတ်ချက်၊ အဓိပ္ပာယ်ဖော်ပြချက်၊စာရင်းအင်းဆိုင်ရာနည်းလမ်း၊ အချက်အလက်ကောက်ယူမည့်နမူနာပုံစံ၊ လုပ်ငန်းအချိန်ဇယားစသည့် သတ်မှတ်ချက်များပါဝင်သော စီမံချက်နှင့် စပ်လျဉ်း၍ ကြိုတင်ခွင့်ပြုချက်ရရှိရန် ဗဟိုကော်မတီထံတင်ပြရမည်။

၁၈။ ဗဟိုကော်မတီသည် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူက ပုဒ်မ ၁၇ အရ ထုတ်ပေးသောကြိုတင်ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်ခြင်းမရှိကြောင်း တွေ့ရှိရလျှင် ယင်းခွင့်ပြုချက်ကို ပြန်လည် ရုပ်သိမ်းနိုင်သည်။

**အခန်း (၇)**

**စာရင်းအင်းဆိုင်ရာ အချက်အလက်များ ကောက်ယူစုဆောင်းခြင်း**

၁၉။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည် သန်းခေါင်စာရင်း၊ စစ်တမ်း သို့မဟုတ် အခြားစာရင်းအင်းဆိုင်ရာ အချက်အလက်များ ကောက်ယူစုဆောင်းရာတွင် သင့်လျော်သည့် ပုဂ္ဂိုလ်ကိုဖြစ်စေ၊ အဖွဲ့ကိုဖြစ်စေ ပါဝင်ဆောင်ရွက်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ စီမံဆောင်ရွက်နိုင်သည်။

၂၀။ စာရင်းအင်းဆိုင်ရာအကြီးအမှူး သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်းခံရသူသည် စာရင်းအင်းကောက်ယူစုဆောင်းမည်ဆိုပါက သက်ဆိုင်ရာ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများထံ ကြိုတင်အကြောင်းကြားရမည်။

၂၁။ ဗဟိုကော်မတီ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ထားသူသည် ဤဥပဒေအရ တရားဝင်စာရင်းအင်းများ ကောက်ယူရန်ကိစ္စအလို့ငှာ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများထံမှ မှတ်တမ်းများ၊ စာရွက်စာတမ်းများကို မေးမြန်းကြည့်ရှုရယူခွင့်ရှိသည်။

၂၂။ ဗဟိုကော်မတီ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ထားသူသည် ဤဥပဒေပါ စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများအနက်မှ ရယူလိုသော စာရင်းအင်းဆိုင်ရာ အချက်အလက်များကို တောင်းဆိုသောအခါ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများက ထုတ်ပေးရမည်။

၂၃။ ဗဟိုကော်မတီ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ထားသူသည် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ သက်သေခံလက်မှတ်များ၊ တင်ပြချက်များ၊ နှစ်စဉ်အစီရင်ခံစာများနှင့် မှတ်တမ်းများကို စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များအတွက် ဝန်ကြီးဌာနထံမှ တောင်းခံရယူပိုင်ခွင့်ရှိသည်။

၂၄။ ဗဟိုကော်မတီ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ထားသူသည် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်အတွက် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများထံမှ ယင်းတို့ကနဲ့သတ်ထားသော စာရင်းအင်းနှင့် သတင်းအချက်အလက်များကို တောင်းခံရယူပိုင်ခွင့်ရှိသည်။

**အခန်း (၈)**

**မေးခွန်းဖြေကြားသူ၏ တာဝန်နှင့် အခွင့်အရေး**

၂၅။ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်သည် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ် တစ်ရပ်ရပ်အတွက်သော်လည်းကောင်း၊ အမျိုးသားစာရင်းအင်းစနစ်အတွင်းမှ အချက်အလက်ဆိုင်ရာ အခြားလုပ်ထုံးလုပ်နည်းများအတွက်သော်လည်းကောင်း ပြည့်စုံမှန်ကန်သော စာရင်းအင်းဆိုင်ရာ အချက်အလက်များတောင်းခံလျှင် ဗဟိုစာရင်းအင်းအဖွဲ့သို့ အချိန်မီ အခမဲ့ ပေးအပ်ရန် တာဝန်ရှိသည်။

၂၆။ စာရင်းအင်းကောက်ယူရာတွင် မေးခွန်းဖြေကြားသူသည် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများသို့ အချိန်ကာလနှင့် လိုက်လျောညီသည့် တိကျပြည့်စုံသော စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ပေးအပ်ရမည်။

၂၇။ မေးခွန်းဖြေကြားသူသည် မိမိထုတ်ဖော်ပြောဆိုထားသော သက်ဆိုင်ရာ စာရင်းအင်းကောက်ယူသည့်ဌာနမှ လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်ကို ယင်းဌာနသို့ ပြန်လည်တောင်းခံပိုင်ခွင့်ရှိသည်။

၂၈။ တရားဝင်စာရင်းအင်း ကောက်ယူစုဆောင်းခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ မေးခွန်းဖြေကြားသူသည် အောက်ပါတို့ကို သိပိုင်ခွင့်ရှိသည်-

(က) စာရင်းအင်းဆိုင်ရာ အချက်အလက်ကောက်ယူစုဆောင်းခြင်း၏ ရည်ရွယ်ချက်၊ ကောက်ယူသည့် အချက်အလက်များအား အသုံးပြုခြင်းနှင့် ဖြေဆိုရမည့် မေးခွန်းများ၊

(ခ) ကောက်ယူစုဆောင်းရရှိသော အချက်အလက်များကို လျှို့ဝှက်အဆင့်ဖြင့် ထိန်းသိမ်းထားခြင်းအပါအဝင် မှတ်တမ်းတင်ထားမည့် လုပ်ထုံးလုပ်နည်းများနှင့် ပြုစုမည့်စာရင်းအင်းများကို ထုတ်ပြန်မည့် အချိန်ဇယား။

၂၉။ လူဦးရေနှင့် သန်းခေါင်စာရင်းမှအပ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များသည် မေးခွန်းဖြေကြားသူ၏ လူမှုအကျိုးစီးပွားကို ထိခိုက်စေနိုင်သော မေးခွန်းဖြစ်သည်ဟု မေးခွန်းဖြေကြားသူက တင်ပြလျှင် စာရင်းအင်းဆိုင်ရာ အကြီးအမှူး သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်းခံရသူက မှတ်တမ်းတင်ပြီး မေးခွန်းဖြေကြားသူကို ဖြေဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

**အခန်း (၉)**

**တရားဝင်စာရင်းအင်းများ ထုတ်ပြန်ခြင်း**

၃၀။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူသည် တရားဝင် စာရင်းအင်းများကို ကြိုတင်ထုတ်ဝေထားသည့် လုပ်ငန်းအချိန်ဇယားအတိုင်း နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ထုတ်ပြန်ရမည်။

၃၁။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူသည် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ အချက်အလက်များမှ သတင်းအချက်အလက်များကို စာရင်းအင်းဆိုင်ရာ အကျဉ်းချုပ်များ သို့မဟုတ် စာရင်းအင်းဆိုင်ရာ ဇယားများအဖြစ် ထုတ်ပြန်ရမည်။

၃၂။ အမျိုးသားစာရင်းအင်းစနစ်ရှိ စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူက တရားဝင် စာရင်းအင်းများ ထုတ်ပြန်ရာတွင် သင့်လျော်သည့် နည်းလမ်းဖြင့် ထုတ်ပြန်နိုင်သည်။

၃၃။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သူများသည် မိမိတို့သတ်မှတ်ထားသည့်အခကို သုံးစွဲလိုသူကပေးသွင်းလျှင် လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်မှအပ အခြားသိရှိလိုသည့် စာရင်းအင်းအချက်အလက်များကို သုံးစွဲခွင့်ပြုနိုင်သည်။

**အခန်း (၁၀)**

**တားမြစ်ချက်များ**

၃၄။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများ သို့မဟုတ် စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သူ မည်သူမျှ လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်ကို လျှို့ဝှက်ထိန်းသိမ်းထားရှိရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၅။ စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူ မည်သူမျှ ပုဂ္ဂိုလ်၊အိမ်ထောင်စု သို့မဟုတ် အဖွဲ့အစည်းနှင့် သက်ဆိုင်သော ပြည်သူ့ရေးရာ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက် သို့မဟုတ် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာ ပုဂ္ဂိုလ်၊ အိမ်ထောင်စု သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီကြောင်းစာဖြင့် ကြိုတင်ခွင့်ပြုချက် မရရှိဘဲ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းပညာကို အသုံးပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ထုတ်ဖော်ပြောဆိုခြင်း မပြုရ။

၃၆။ စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သူ မည်သူမျှ ကောက်ယူခဲ့သည့် တရားဝင်စာရင်းအင်းကိုဖြစ်စေ၊ ၎င်း၏ အစိတ်အပိုင်းကိုဖြစ်စေ ထုတ်ပြန်ရာ၌ သက်ဆိုင်ရာ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူက သဘောတူကြောင်းစာဖြင့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အကြောင်းအချက်တစ်ခုခုသည် ၎င်းကို ရည်ညွှန်းသည်ဟု သိရှိနိုင်ရန် ဖော်ပြသည့် နည်းလမ်းမျိုးဖြင့် ထုတ်ပြန်ကြေညာခြင်း မပြုရ။

၃၇။ ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူ မည်သူမျှ ပုဒ်မ ၃၂ အရ တရားဝင်စာရင်းအင်းများ ထုတ်ပြန်ရာတွင် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့၏ အမည်များကို ဖော်ပြခြင်း မပြုရ။

*(ဆက်လက်ဖော်ပြပါမည်)*

❋ ကျော်ဖုံးမှ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်တို့ တက်ရောက်ကာ သတင်းမီဒီယာများ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

### လက်ခံဖို့အဆင်သင့်ဖြစ်

ရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက "ပြန်လည်လက်ခံတာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့က စီစဉ်ဆောင်ရွက်ထားတာတွေရှိတယ်၊ မီဒီယာများဘက်ကနေပြီးတော့ မေးချင်တာမေးလို့ရပါတယ်၊ ကျွန်တော်တို့ ဘက်ကစပြီးတော့ ပြောရမယ့်ကိစ္စကတော့ ဘင်္ဂလားဒေ့ရှ်-မြန်မာနှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ထားတဲ့အတိုင်းပဲ စာချုပ်ချုပ်ပြီး နှစ်လအတွင်း လက်ခံရမယ့်ရက်က ဒီနေ့ဖြစ်ပါတယ်၊ ၂၃ ရက် ဇန်နဝါရီ ဖြစ်ပါတယ်၊ ဇန်နဝါရီ ၂၃ ရက်မှာ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ပြန်လည်လက်ခံဖို့အတွက် လက်ခံရေးစခန်းနှစ်ခုနဲ့ ကြားစခန်းတစ်ခု တည်ဆောက်ရတယ်၊ လက်ခံဖို့အတွက် အစီအစဉ်တွေ ဆောင်ရွက်ရတယ်၊ ကျွန်တော်တို့ ဝန်ထမ်းတွေလည်း အဆင်သင့်ပို့ပြီးပြီ၊ ကျွန်တော်တို့ ဆောင်ရွက်ထားတဲ့ကိစ္စတွေက အဆင်သင့်ဖြစ်နေတယ်၊ အဆင်သင့်ဖြစ်နေတယ်ဆိုတာ ပထမအသုတ်လာဖို့အတွက် အဆင်သင့်ဖြစ်နေတယ်၊ ဆက်ပြီးတော့ ကျွန်တော်တို့ လုပ်နေတဲ့ လုပ်ငန်းတွေကိုလည်း ရှေ့ဆက်ပြီးတော့ ပိုပြီးတော့ ပြည့်စုံအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ အခုအခြေအနေမှာ ကျွန်တော်တို့ လက်ခံဖို့ အဆင်သင့်ဖြစ်နေပါတယ်"ဟု ပြောသည်။

၎င်းတို့ ပြန်လာပါက လုံခြုံစိတ်ချမှု မည်မျှပေးနိုင်မည်၊ မြန်မာအစိုးရဘက်မှ ဘယ်လောက်အထိ အဆင်သင့်ဖြစ်နေပြီကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက "ဒီ process က save and voluntary လို့ ပြောတဲ့အတွက်ကြောင့် save ဖြစ်ဖို့က အရေးကြီးတယ်ဆိုတာ ကျွန်တော်တို့လည်း သိတယ်၊ ဒါကိုလည်း လက်ခံတယ်၊ ကျွန်တော်တို့ဘက်က ဆောင်ရွက်ထားတာကို အတိုချုပ် သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ကနေပြီးတော့ ရှင်းပြမှာဖြစ်ပါတယ်"ဟု ပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က တောင်ပြိုလက်ဝဲ စိစစ်ပြန်လည်လက်ခံရေးစခန်း၊ ငါးခူရ စိစစ်ပြန်လည်လက်ခံရေးစခန်းတို့မှ စိစစ်ပြန်လည်လက်ခံသွားမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် လှဖိုးခေါင်ကြားစခန်းတွင် ထားရှိကာ နယ်မြေလုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းကို စီစဉ်ထားပါကြောင်း၊ ထိုသို့ စိစစ်သည့်နေရာတွင် စိစစ်သည့် စခန်းနေရာအပါအဝင် နယ်မြေလုံခြုံရေးအတွက် အပြင်စည်း၊ အတွင်းစည်း လုံခြုံရေးများ ဆောင်ရွက်ထားပါကြောင်း၊ စီမံချက်များကိုလည်း ရေးဆွဲထားပါကြောင်း၊ နယ်မြေလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အပြည့်အဝ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်ဖို့လို

ပြန်လည်လက်ခံရေး ဆောင်ရွက်ရာတွင် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုအခြေအနေအား သိရှိလိုသည့် မေးခွန်းအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက "ပြီးခဲ့တဲ့ လအနည်းငယ်အတွင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးနဲ့ မြန်မာနိုင်ငံက သက်ဆိုင်ရာဝန်ကြီးတွေ နေပြည်တော်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်တွေမှာ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်၊ နှစ်နိုင်ငံတွေ့ဆုံ ဆွေးနွေးမှုတွေ ပြုလုပ်ပြီး နေရပ်စွန့်ခွာတိမ်းရှောင်သူတွေ နေရပ်ပြန်ပို့ဖို့ သဘောတူညီခဲ့ပါတယ်၊ နေရပ်စွန့်ခွာတိမ်းရှောင်သူတွေ နေရပ်ပြန်လည်ပို့ဆောင်ရေးနဲ့ ပတ်သက်တဲ့ နှစ်နိုင်ငံအကြား Joint Working Group အစည်းအဝေးကို နေပြည်တော်မှာ ကျင်းပခဲ့ပြီး သဘောတူညီ ချက်ကို ဇန်နဝါရီ ၁၆ ရက်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်၊ နေရပ်စွန့်ခွာတိမ်းရှောင်သူတွေကို ပြန်လည်လက်ခံဖို့ မြန်မာနိုင်ငံဘက်က အဆင်သင့်ရှိနေပြီလို့ ကျွန်တော် ထပ်လောင်းပြောကြားချင်ပါတယ်၊ နေရပ်စွန့်ခွာတိမ်းရှောင်သူတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကိုပို့ထားတဲ့ စာရင်းနဲ့အညီ လက်ခံသွားမှာဖြစ်ပါတယ်၊ ဒီလိုလုပ်ဆောင်ဖို့ နိုင်ငံတကာရဲ့ ပူးပေါင်းဆောင်ရွက်မှုကိုလည်း လိုအပ်ပါတယ်"ဟု ဖြေကြားသည်။

ထို့နောက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့် အခြေအနေအား သိရှိလိုသည့် မေးခွန်းအပေါ် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က "ကျွန်တော်တို့အတွက် ဒေါက်တာ ကိုဖီအာနန် ကော်မရှင်ရဲ့ အကြံပြုချက်တွေထဲက တစ်ခုကတော့ ဒီနေရပ်စွန့်ခွာတိမ်းရှောင်သူတွေ နေရပ်ပြန်လည်ပို့ဆောင်ရေးနဲ့ ပတ်သက်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ စေ့စပ်ညှိနှိုင်းဖို့ ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ဝန်ကြီးဌာနက နေရပ်စွန့်ခွာတိမ်းရှောင်သူတွေ နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ် စတင်နိုင်ဖို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းပြောပြခဲ့သလို The Arrangement on Return of Displaced Persons လို့ ကျွန်တော်တို့ခေါ်ဆိုတဲ့ ပြန်လည်ပို့ဆောင်ရေး သဘောတူညီချက်ကို ကျွန်တော်တို့ လုပ်ဆောင်ခဲ့တဲ့ စီစဉ်ဆောင်ရွက်ချက်တွေနဲ့အညီ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က နိုဝင်ဘာ ၂၃ ရက်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်၊ အဲဒီလုပ်ငန်းစဉ်မှာ ကျွန်တော်တို့ သဘောတူညီပြီးဖြစ်တဲ့ နေရပ်စွန့်ခွာတိမ်းရှောင်သူတွေ နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ် ကြီးကြပ်ဆောင်ရွက်ဖို့ Agreement on terms of reference of joint working group၊ နေရပ်စွန့်ခွာတိမ်းရှောင်သူတွေ နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ် ဘယ်လိုရှေ့ဆက်လုပ်ဆောင်မယ်ဆိုတဲ့ လက်တွေ့ကျတဲ့ အစီအစဉ်တွေပါဝင်တဲ့ Physical arrangement for repatriation ကိုလည်း သဘောတူညီခဲ့ပါတယ်၊ ကျွန်တော်တို့ Joint Working Group ကိုလည်း ဖွဲ့စည်းထားပါတယ်၊ Joint Working Group ရဲ့ ပထမဆုံးအစည်းအဝေးကို နေပြည်တော်က နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ဇန်နဝါရီ ၁၅ နဲ့ ၁၆ ရက်တွေက ကျင်းပခဲ့ပါတယ်၊ အဲဒီအစည်းအဝေးမှာ Physical arrangement for repatriation သဘောတူညီချက်ရရှိခဲ့ပြီး အဲဒီသဘောတူညီချက်ကို ဇန်နဝါရီ ၁၆ ရက်က လက်မှတ်ရေးထိုးခဲ့ပါတယ်။

### ပြင်ဆင်မှုတွေ လုပ်ဆောင်ဖို့လို

"နိုဝင်ဘာ ၂၃ ရက်က နှစ်နိုင်ငံအကြားရရှိခဲ့တဲ့ သဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ဖို့ အဆင့်တိုင်းကို ကျွန်တော်တို့ ရှေ့ဆက်လုပ်ဆောင်နေပါတယ်၊ သဘောတူညီချက်အရ နေရပ်စွန့်ခွာတိမ်းရှောင်သူတွေ နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ်ကို ဇန်နဝါရီ ၂၃ ရက်မှာ စတင်နိုင်လိမ့်မယ်လို့ မျှော်လင့်ရပေမယ့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က အဆင်သင့်မဖြစ်သေးဘူးဆိုတဲ့ သတင်းတွေလည်း ကျွန်တော်တို့ ကြားနေရပါတယ်၊ ဒါပေမယ့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က တရားဝင်ဆက်သွယ်မှုလည်း ကျွန်တော်တို့ မရရှိပါဘူး၊ ဒီနေ့ ရန်ကုန်မှာရှိတဲ့ ဘင်္ဂလားဒေ့ရှ်သံရုံးကို ကျွန်တော်တို့ဆက်သွယ်ခဲ့ပြီး သူတို့က ပြောပါတယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ UNHCR တို့ မနေ့ကပဲ သဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်၊ မြန်မာနိုင်ငံဘက်က စီစဉ်ထားတဲ့ ဖောင်ကို သူတို့ပေးပို့ခဲ့ပါတယ်၊ ဖောင်ကိုဖြည့်ပြီးတဲ့အခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံက နေရပ်စွန့်ခွာတိမ်းရှောင်သူတွေစာရင်းကို UNHCR ကို ပေးပို့ရမှာဖြစ်ပါတယ်၊ UNHCR က စာရင်းမှာပါတဲ့သူတွေက နယ်စပ်ဖြတ်ကျော်သွားရောက်မှု ရှိ မရှိ စစ်ဆေးဖို့လိုပါတယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က လုပ်ဆောင်စရာအဆင့်တွေ များစွာရှိနေပါတယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က နေရပ်စွန့်ခွာတိမ်းရှောင်သူတွေက အမှန်တကယ် မြန်မာနိုင်ငံဘက်ကို ပြန်သွားလိုခြင်းရှိ မရှိ စစ်ဆေးရာမှာ ဒီဖောင်ကိုဖြည့်ဖို့ ပြင်ဆင်မှုတွေ များစွာ လုပ်ဆောင်ဖို့လိုအပ်နေပါတယ်၊ ဒါဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က လုပ်ဆောင်ရမယ့်အဆင့်ဖြစ်ပါတယ်။

### ပြင်ဆင်မှုတွေ ပြီးစီး

"ဒါကြောင့် ပြင်ဆင်မှုတွေ အများကြီးလုပ်ဆောင်ဖို့ လိုအပ်တယ်လို့ သူတို့က ပြောပါတယ်၊ ဘင်္ဂလားဒေ့ရှ်သံရုံးက ကြားသိရပါတယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ Technical Working Group ဖွဲ့စည်းထားတယ်လို့ ဒါကာမှာရှိတဲ့ မြန်မာသံရုံးက သိရပါတယ်၊ Technical Working Group ရဲ့ခေါင်းဆောင်ကို The Refugee Relief and Repatriation Commission (RRRC) လို့ ခေါ်ပါတယ်၊ သူတို့အနေနဲ့ ဒီလုပ်ငန်းစဉ်အတွက် ကြိုတင်ပြင်ဆင်မှုတွေ များစွာလုပ်ဆောင်ဖို့လိုအပ်တယ်လို့ ပြောပါတယ်၊ ဒါဟာ ကျွန်တော်တို့ သူတို့ဆီကရရှိတဲ့ သတင်းတွေဖြစ်ပါတယ်၊ မြန်မာနိုင်ငံဘက်ကတော့ တောင်ပြိုလက်ဝဲနဲ့ ငါးခူရဒေသတွေမှာ နေရပ်စွန့်ခွာတိမ်းရှောင်သူ ပြန်လည်လက်ခံရေးအဖွဲ့တွေ ရှိနေပြီဖြစ်ပါတယ်၊ အခြားဝန်ကြီးဌာနတွေက ကိုယ်စားလှယ်တွေအနေနဲ့လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က ဒီနေရပ်စွန့်ခွာတိမ်းရှောင်သူတွေကို မြန်မာနိုင်ငံဘက် ပြန်လည်ပို့ဆောင်ရင်လက်ခံဖို့ နယ်စပ်မှာ အဆင်သင့်ရောက်ရှိနေပြီဖြစ်ပါတယ်၊ မြန်မာနိုင်ငံဘက်ကတော့ ပြင်ဆင်မှုတွေ ပြီးစီးသွားပြီဖြစ်ပြီး နေရပ်စွန့်ခွာတိမ်းရှောင်သူတွေကို လက်ခံဖို့ အဆင်သင့်ရှိနေပြီလို့ ထပ်မံပြောကြားလိုပါတယ်၊ နှစ်နိုင်ငံအကြား သဘောတူညီချက်နဲ့အညီ သူတို့ကို ကျွန်တော်တို့ ကြိုဆိုပါတယ်၊ ဇန်နဝါရီ ၂၃ ရက်မှာ နေရပ်စွန့်ခွာတိမ်းရှောင်သူတွေကို နေရပ်ပြန်လည်ပို့ဆောင်မှုစတင်ဖို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက အချိန်လိုတယ်လို့ ကြားသိရပါတယ်၊ ဒါကတော့ ဒီနေ့ ကျွန်တော်ပြောချင်တဲ့ နေရပ်စွန့်ခွာတိမ်းရှောင်သူတွေ နေရပ်ပြန်လည်ပို့ဆောင်ရေးနဲ့ပတ်သက်တဲ့ သတင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

**"ဇန်နဝါရီ ၂၃ ရက်မှာ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ပြန်လည်လက်ခံဖို့အတွက် လက်ခံရေးစခန်းနှစ်ခုနဲ့ ကြားစခန်းတစ်ခု တည်ဆောက်ရတယ်၊ လက်ခံဖို့အတွက် အစီအစဉ်တွေ ဆောင်ရွက်ရတယ်၊ ကျွန်တော်တို့ ဝန်ထမ်းတွေလည်း အဆင်သင့်ပို့ပြီးပြီ၊ ကျွန်တော်တို့ ဆောင်ရွက်ထားတဲ့ကိစ္စတွေက အဆင်သင့်ဖြစ်နေတယ်"**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး

**"မြန်မာနိုင်ငံဘက်ကတော့ ပြင်ဆင်မှုတွေ ပြီးစီးသွားပြီဖြစ်ပြီး နေရပ်စွန့်ခွာတိမ်းရှောင်သူတွေကို လက်ခံဖို့ အဆင်သင့်ရှိနေပြီလို့ ထပ်မံပြောကြားလိုပါတယ်၊ နှစ်နိုင်ငံအကြား သဘောတူညီချက်နဲ့အညီ သူတို့ကို ကျွန်တော်တို့ ကြိုဆိုပါတယ်"**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်

**"ပြန်လည် လက်ခံရေးဌာနတစ်ခုတွင် တစ်နေ့လျှင် နေရပ်စွန့်ခွာတိမ်းရှောင်သူ ၁၅၀ နှုန်းနှင့် ပြန်လည်လက်ခံရေးဌာနနှစ်ခုမှ တစ်နေ့ ၃၀၀ ထိ လက်ခံသွားမည်၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို သုံးလအတွင်း ပြန်လည်သုံးသပ်သွားမည်ဖြစ်"**

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကလည်း ဇန်နဝါရီ ၂၃ ရက်ကစတင်ပြီး ပြန်လည်လက်ခံရေးဌာနနှစ်ခုမှ နေရပ်စွန့်ခွာတိမ်းရှောင်သူတွေကို ပြန်လည်လက်ခံသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့လက်ခံရာတွင် တစ်နေ့လျှင် နေရပ်စွန့်ခွာတိမ်းရှောင်သူ ၃၀၀ ပြန်လည်လက်ခံရန် ပြင်ဆင်ထားပါကြောင်း၊ လက်ခံမည့်အရေအတွက်ကို ပထမအသုတ် နေရပ်စွန့်ခွာတိမ်းရှောင်သူများ ပြန်လည်လက်ခံဆောင်ရွက်မှု တိုးတက်မှုအခြေအနေအပေါ် အခြေခံကာ တိုးမြှင့်လက်ခံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြန်လည်လက်ခံရေးဌာနတစ်ခုတွင် တစ်နေ့လျှင် နေရပ်စွန့်ခွာတိမ်းရှောင်သူ ၁၅၀ နှုန်းနှင့် ပြန်လည်လက်ခံရေးဌာနနှစ်ခုမှ တစ်နေ့ ၃၀၀ ထိ လက်ခံသွားမည်ဖြစ်ပါကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို သုံးလအတွင်း ပြန်လည်သုံးသပ်သွားမည် ဖြစ်ပါကြောင်း ဖြည့်စွက်ဖြေကြားသည်။

မြန်မာဘက်ကို ပြန်မပို့ရန် ဆန္ဒပြမှုနှင့် နိုင်ငံတကာမှ ပြန်မပို့ရန် ဖိအားပေးနေမှု အခြေအနေဆိုင်ရာ မေးခွန်းနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက နှစ်နိုင်ငံသဘောတူညီချက် ပထမ ရယူဆောင်ရွက်ရပါကြောင်း၊ ထို့နောက် နှစ်ဖက်မှ အလုပ်လုပ်မည့် working group များ တွေ့ဆုံဆွေးနွေးရပါကြောင်း၊ ပြန်လည်လက်ခံရေးအတွက် အစီအစဉ်များကို စနစ်တကျညှိနှိုင်းဆောင်ရွက်ရပါကြောင်း၊ မိမိတို့ လုပ်ဆောင်သည့် အဆင့်တိုင်းကို သေသေချာချာ စည်းကမ်းနှင့် ညီညွတ်အောင် လုပ်ဆောင်ခဲ့ပါကြောင်း ပြောကြားသည်။

### နှစ်ဖက်သဘောတူညီချက်ရယူ

ဆက်လက်၍ အစိုးရချင်းညှိနှိုင်းမှုအခြေအနေကို သိရှိလိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက "ကျွန်တော်တို့ဘက်ကနေပြီးတော့ သဘောတူညီချက်အတိုင်း ဒီနေ့ စရမယ့်နေ့ဖြစ်တယ်၊ ဒါကြောင့်မို့လို့ ကျွန်တော်တို့မှာ အဆင်သင့်ဖြစ်ပါတယ်၊ လာရင်လက်ခံနိုင်ပါတယ်၊ ကျွန်တော်တို့ဘက်က အဆင်သင့်ဖြစ်တဲ့အပိုင်းပေါ့၊ ကျန်တာကတော့ညှိနှိုင်းလာလို့ရှိရင် ပြန်လည်ညှိနှိုင်းရမှာပဲ၊ ဒီကိစ္စက ညှိနှိုင်းပြီး ဆောင်ရွက်ရတဲ့ ကိစ္စဖြစ်တဲ့အတွက်ကြောင့် ဘင်္ဂလားဒေ့ရှ်ကနေပြီးတော့ ဒီကို ပို့မယ့်အစီအစဉ်နဲ့ ပတ်သက်ပြီးတော့ ညှိနှိုင်းလာလို့ရှိရင် ညှိနှိုင်းချက်အပေါ်မှာ နှစ်ဖက်သဘောတူချက် ရယူပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ကလည်း "ကျွန်တော်ရဲ့ ကိုယ်ပိုင်သုံးသပ်ချက်အရဆိုရင် တချို့တွေက မပြန်အောင် တိုက်တွန်းနေတဲ့ အုပ်စုတွေရှိတယ်ဆိုတော့ တချို့ကျတော့ ဒီပြဿနာကို ပြေလည်မှာကို စိုးရိမ်တဲ့သူတွေရှိတယ်၊ ကျွန်တော်တို့ အစိုးရနှစ်ရပ်က ဒီပြဿနာကို ပြေလည်အောင် ကြိုးပမ်းဆောင်ရွက်နေတယ်၊ တချို့ကျတော့ ပြဿနာကို ပြေလည်အောင်မလုပ်ဘဲနဲ့ ပိုမိုပြီးတော့ ခက်ခဲရှုပ်ထွေးလာပြီး နိုင်ငံတကာ attention ရအောင် ကြိုးပမ်းဆောင်ရွက်နေတဲ့ လူမျိုးတွေလည်းရှိတယ်၊ အဲဒီလို အုပ်စုတွေရှိတဲ့အတွက်ကြောင့် ကျွန်တော်ထင်တာကတော့ တချို့ကျတော့ နိုင်ငံတကာဖိအားပိုမိုပြီးတော့ အသုံးပြုချင်တဲ့အခါကျတော့ ဒီပြဿနာကို မပြေလည်အောင်၊ ပိုရှုပ်ထွေးအောင်၊ ကြီးမားလာအောင် လုပ်တဲ့ movement တွေလည်းရှိတယ်လို့ သုံးသပ်ပါတယ်" ဟု မေးခွန်းအပေါ် ဖြည့်စွက်ပြောကြားသည်။

### စိစစ်ပြီး သွားခွင့်ပေးမည်

ထို့နောက် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က "ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ပို့လိုက်တဲ့ ပုံစံတွေကို သူတို့ ဖြည့်စွက်ရမှာ များတယ်ဆိုတာ နားလည်ပါတယ်၊ သူတို့ဘက်က ကော်မရှင်နာရဲ့ ပြောကြားချက်အရဆိုရင် သူတို့ လုပ်ရမယ့် လုပ်ငန်းတွေက အခုမြန်မာဘက်က ပို့လိုက်တဲ့ပုံစံတွေအကုန်လုံးကို ဖြည့်ခိုင်းရမယ်၊ ဖြည့်ခိုင်းဖို့ သူတို့ကကျတော့ UNHCR ရဲ့ အကူအညီယူတယ်၊ UNHCR နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ မနေ့ကပဲ လက်မှတ်ထိုးတယ်လို့ ပြောတယ်၊ အခုမှ လက်မှတ်ထိုးတယ်လို့ ဘင်္ဂလားဒေ့ရှ်သံရုံးက ပြောတယ်၊ အခုမှပုံစံတွေ စတင်ဖြည့်စွက်ရမယ့် လုပ်ငန်းလုပ်ရမယ်၊ အစောဆုံး ပြန်ခေါ်နိုင်မယ့် အုပ်စုတွေ ကျွန်တော်တို့ဘက်က စစ်ပြီးသားတွေ အဲဒါတွေ ပေးလိုက်တာတောင်မှ ဖြည့်စွက်ဖို့ အချိန်အနည်းငယ်လိုမယ်၊ အဲဒီဟာတွေ ဖြည့်စွက်ပြီးလို့ရှိရင် မိသားစုစာရင်းကို မြန်မာဘက်ကို ပေးပို့ရမယ်၊ မြန်မာဘက်က ပြန်စစ်ပြီး ပြန်လာလို့ရှိရင် ဒီလူတွေကို နယ်စပ်ဘက်ကို သယ်ပို့ရမယ်၊ မပို့ခင်မှာလည်း UNHCR ကနေပြီး သူတို့ကို ဒီလူတွေက တစ်ဦးချင်းစီ ဆန္ဒအလျောက် ပြန်ချင်တာလား၊ တိုက်တွန်းလို့ ပြန်ချင်တာလားဆိုတာ မေးရမယ်၊

စာမျက်နှာ ၁၁ သို့

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး စာတမ်းဖတ်ကြားဆွေးနွေးပွဲ ကျင်းပပြီးစီး

**ရန်ကုန် ဇန်နဝါရီ ၂၃**

"အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာ မြှင့်တင်စို့" ဦးတည်ချက်ဖြင့် ကျင်းပသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး စာတမ်းဖတ်ကြားဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ဆွေးနွေးပွဲတွင် ဦးအေးလွင်နှင့် ဦးညွန့်ဝေက **အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့**၊ ဦးဇေယျသူက **The Role of media in promoting integrity and combating corruption**၊ ဒေါက်တာခိုင်ခိုင်ဝင်းက **အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းသည် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ခြင်းဖြစ်သည်**၊ ဦးသွင်လင်းအောင်က **အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ကိုယ်ကျင့်တရားရှုထောင့်မှ ချဉ်းကပ်ခြင်း**၊ ဦးမြင့်သွင်က **Anti Corruption Training**၊ ဒေါ်ဖြူဖြူဇင်က **အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် စီးပွားရေးလုပ်ငန်း၏ ဂုဏ်သိက္ခာမြှင့်တင်ခြင်း**၊ ဦးဇော်တူးက **ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်တာဝန်ယူမှု၊ တာဝန်ခံမှု**၊ ဦးအောင်စိုးက **အကျဉ်းထောင်အတွင်း အဂတိလိုက်စားမှု လျှော့ကျကင်းစင်ရေး**၊ ဦးဝင်းမြင့်သန်းက **စင်ကာပူကို ကျော်လိုလျှင်** စသည့် စာတမ်းများကို ဖတ်ကြားကြပြီး တက်ရောက်လာကြသူများက အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် နှစ်ရက်တာအတွင်း ဖတ်ကြားခဲ့သည့် စာတမ်း ၂၆ စောင်ကို Moderator များက ခြုံငုံသုံးသပ်ဆွေးနွေးကြသည်။




ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှု တိုက်ဖျက်ရေး စာတမ်းဖတ်ကြားဆွေးနွေးပွဲ ဖြစ်မြောက်ရန် ပံ့ပိုးခဲ့ကြသည့် ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝိုင်းဝန်းကူညီပေးခဲ့ကြသူများကို ကျေးဇူးတင်စကား ပြောကြားသည်။ **(အပေါ်ပုံ)**

စာတမ်းဖတ်ကြားဆွေးနွေးပွဲအပြီးတွင် သတင်းစာရှင်းလင်းပွဲ တစ်ရပ်ပြုလုပ်ခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်က ကော်မရှင်၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ရှေ့ဆက်ဆောင်ရွက်မည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၏ သတင်းထုတ်ပြန်ကြေညာချက် (၁/၂၀၁၈) ကို လည်းကောင်း ဖတ်ကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ နှစ်လတာအတွင်း ကော်မရှင်သို့ တိုင်ကြားလာသည့် အမှုအရေအတွက်နှင့် အရေးယူဆောင်ရွက်မှု၊ ကော်မရှင်၏ ဘတ်ဂျက်အသုံးပြုမှု အခြေအနေများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးဟန်ညွန့်နှင့် ဒေါ်လဲ့လဲ့သွင်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ဘက်စုံထောင့်စုံမှ စနစ်တကျဆောင်ရွက်**

အဆိုပါ စာတမ်းဖတ်ကြားဆွေးနွေးပွဲကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) တို့ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ပြီး စာတမ်းဖတ်ပွဲကြောင့် ဗဟုသုတအမြင်များတိုးပွားရရှိခြင်း၊ ဆောင်ရန်၊ ရှောင်ရန်အသိတရားများရရှိခြင်း ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် ရည်မှန်းချက်များ၊ မျှော်မှန်းကျင့်သုံးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း၊ စာတမ်းဖတ်ပွဲ၏ အောင်မြင်မှု၊ အကျိုးသက်ရောက်မှုများကို အခြေခံ၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပေါ်လစီမူဘောင်နှင့် ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ပညာပေးရေး၊ ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေး၊ တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံမှ စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၈ ခုနှစ် လုပ်ငန်းစီမံချက်ကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်း-ရီရီမြင့်၊ နန္ဒာဝင်း၊ ဓာတ်ပုံ-ရဲထွဋ်**

---

*စာမျက်နှာ ၁၀ မှ*

ဆန္ဒအလျောက် ပြန်ချင်တဲ့သူပဲ စိစစ်ပြီး သွားခွင့်ပေးမယ်၊ တကယ်လက်တွေ့ အကောင်အထည်ဖော်လုပ်ငန်းတွေက မြေပြင်မှာ များပြားပါတယ်၊ အဲဒီလိုလုပ်ငန်းတွေ ရှိတာကြောင့် သူတို့ဘက်မှာ ပြင်ဆင်ချိန် တော်တော်လေး လိုအပ်နေသေးတယ်ဆိုပြီးတော့ ဘင်္ဂလားဒေ့ရှ်က ဝန်ခံပြောကြားခြင်း ဖြစ်ပါတယ်၊ ကျွန်တော်တို့ကတော့ သူတို့ Ready ဖြစ်တဲ့ အချိန်မှာ လက်ခံဖို့ အဆင်သင့်ပါပဲ၊ ကိုယ့်တာဝန်ကတော့ မပျက်စေရဘူး၊ ကိုယ့်တာဝန်မပျက်စေရဘူးဆိုတာ ပြသဖို့ တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု ပြောကြားသည်။

**နေ့တိုင်း လက်ခံလို့ရ**

ပြန်လည်လက်ခံသည့် ရက်သတ်မှတ်ချက် အတိုင်းအတာ ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက "ကျွန်တော်တို့ကတော့ ဒီ ၂၃ ရက်ကစပြီး နေ့တိုင်းဖြစ်နေပြီ၊ ခုနတုန်းက ဝန်ကြီးပြောသလိုပဲ တစ်ဖက်မှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေလည်း ရှိနိုင်တယ်၊ ပြန်ပို့ပြီဆိုတဲ့ရက်က ကျွန်တော်တို့ လက်ခံတဲ့ ရက်ပဲ၊ ၂၃ ရက်ကနေစပြီး တောက်လျှောက်လက်ခံလို့ရတယ်၊ ၂၃ ရက် လက်ခံတယ်၊ နောက်ဘယ်ရက်ကို သတ်မှတ်တယ်ဆိုပြီး အဲဒါမျိုးမှ မရှိတာ၊ ဆက်တိုက် ၂၃ ရက်မှစ၍ နေ့တိုင်း လက်ခံလို့ရပါတယ်"ဟု ဖြေကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ကလည်း "ကျွန်တော်တို့ဘက်က သတ်မှတ်ချိန် ဇန်နဝါရီ ၂၃ ရက်ဆိုတဲ့အတိုင်း ကိုယ့်ဘက်က မဖောက်ဖျက်အောင်၊ မချိုးဖောက်အောင် လိုက်နာပြီး ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်၊ ကျွန်တော်တို့ဘက်က တာဝန်ကျေပါတယ်၊ သူတို့ဘက်က အခက်အခဲရှိတာကိုတော့ နားလည်ရမယ်၊ သူတို့ဘက်က ဘယ်တော့ဖြစ်မလဲ၊ ဒါကတော့ သူတို့ဘက်က Ready ဖြစ်တဲ့နေ့ အကြောင်းကြားလာရင် ကျွန်တော်တို့ဘက်က လက်ခံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဖြည့်စွက်ဖြေကြားသည်။

**မီဒီယာအဖွဲ့ ခေါ်ဆောင်သွားမည်**

လွတ်လပ်စွာသတင်းရယူခွင့်နှင့် ပတ်သက်ပြီး အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အားလုံးသိရှိသည့်အတိုင်း မီဒီယာများကို အသုတ်လိုက် ခေါ်ဆောင်သွားလျက်ရှိပါကြောင်း၊ ယခုရောက်ရှိနေသည့် Rakhine Advisory Board နှင့်အတူ မီဒီယာအဖွဲ့ကိုလည်း ခေါ်ဆောင်သွားမည်ဖြစ်ပြီး အဆိုပါအဖွဲ့တွင် ပြည်တွင်းပြည်ပသတင်းမီဒီယာသမား ၁၇ ယောက် ပါဝင်မည်ဟု သိရှိရပါကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက "လွတ်လွတ်လပ်လပ် သတင်းယူလို့ရပါတယ်၊ အခုခေတ် အခုအခါမှာ လွတ်လပ်မှု အပြည့်ရှိပါတယ်၊ သို့သော် ဒီနယ်စပ်ဒေသမှာတော့ လုံခြုံရေးက အရေးကြီးတဲ့အတွက် ဒီလိုစတင်တဲ့အချိန်မှာ ပြေပြေလည်လည်ဖြစ်အောင်၊ ပြဿနာမပေါ်အောင် ထိန်းထိန်းသိမ်းသိမ်းနဲ့ လုပ်နေတာပဲဖြစ်ပါတယ်၊ မီဒီယာတွေကိုတော့ ကျွန်တော်တို့ သွားခွင့်ပေးမှာပါ"ဟု လည်း ဆက်လက်ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အကြမ်းဖက်စာရင်း ပေးပို့ထားခြင်းနှင့်ပတ်သက်ပြီး နောက်ဆုံးအခြေအနေကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက "လောလောဆယ် အားလုံးသိတဲ့အတိုင်းပဲ သတင်းစာထဲမှာလည်း ထည့်ထားပြီးပါပြီ၊ ဒီအကြမ်းဖက်နဲ့ ပတ်သက်တဲ့ ပါဝင်ပတ်သက်နေတဲ့လူတွေကို ကျွန်တော်တို့က အတိအကျ ဓာတ်ပုံနဲ့တကွ ထုတ်ပြန်ထားတာရှိပါတယ်၊ ဒါကိုလည်း ကျွန်တော်တို့က ဘင်္ဂလားဒေ့ရှ် ဘက်ကိုလည်း ပေးပြီးပါပြီ၊ နိုင်ငံတကာ Interpol ကိုလည်း ပို့ပြီးဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က "ကျွန်တော် ဖြည့်စွက်ပြောရရင် Immigration ကိုလည်း မေးမြန်းကြည့်ပါ၊ စိစစ်တဲ့အခါမှာ ဟိုမှာ လက်ခံမယ့် Team တွေမှာ ကွန်ပျူတာတွေပါ ရောက်ရှိနေပြီ၊ အဲဒီမှာ သူတို့ရဲ့ Bio Data တွေပါ ယူဖို့ရှိတယ်၊ သူတို့ဒီမှာ နေသွားတဲ့ လူတွေ ဟုတ်မဟုတ်ဆိုတာ ကျွန်တော်တို့ စာရင်းနဲ့တိုက်ဖို့ တစ်ခုရှိတယ်၊ ဒီလူတွေဟာ မိမိတို့ဆီမှာရှိတဲ့စာရင်းနဲ့ အကြမ်းဖက်သမားတွေ ပါ၊ မပါ စိစစ်ဖို့ရှိပါတယ်၊ အဆင့်နှစ်ဆင့်ရှိပါတယ်၊ တကယ်လို့ အကြမ်းဖက်သမားတွေပါလာရင် လိုအပ်တဲ့ အရေးယူမှုတွေ ဆောင်ရွက်ဖို့အတွက် လိုအပ်တဲ့ပြင်ဆင်မှုတွေကိုလည်း ပြုလုပ်ထားပါတယ်"ဟု ပြောသည်။

**အကြမ်းဖက်ဝါဒကို အားမပေးဘူး**

တစ်ဖက်နိုင်ငံမှ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိပြီး လွှဲပြောင်းပေးမှု ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က "ကျွန်တော်တို့ဘက်ကတော့ အကြမ်းဖက်သမားတွေနဲ့ ပတ်သက်ပြီး စာရင်းတွေကို ပေးထားပါတယ်၊ အားလုံးလည်းသိအောင် ကြေညာထားပါတယ်၊ သူတို့ ဘက်ကတော့ အခုချိန်မှာ ကျွန်တော်သိသလောက် ဒါတွေနဲ့ပတ်သက်ပြီး လွှဲပြောင်းပေးတာ မရှိသေးပါဘူး၊ စဖြစ်ဖြစ်ချင်း အောက်တိုဘာ ၉ ရက်တုန်းကတော့ နှစ်ယောက်လွှဲပြောင်းပေးခဲ့ဖူးတဲ့ သာဓကတော့ ရှိပါတယ်၊ သူတို့ကိုယ်တိုင်ကလည်း မူအားဖြင့်တော့ အကြမ်းဖက်ဝါဒကို အားမပေးဘူးဆိုတာမျိုးတော့ ပြောထား ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ ဒီဟာနဲ့ ပတ်သက်ပြီး ပို့လိုက်တဲ့လူတွေနဲ့ ပတ်သက်ပြီးတော့ သူတို့ဆီက ပြန်ကြားချက် တစ်စုံတစ်ရာ မရရှိသေးပါဘူး"ဟု ဖြေကြားသည်။

အကြမ်းဖက်သမားများနှင့် စပ်လျဉ်းပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က "အကြမ်းဖက်သမားကို လက်မခံဘူးဆိုတာ နှစ်နိုင်ငံသဘောတူညီပြီးသားပါ၊ ဘင်္ဂလားဒေ့ရှ်ဘက်ကလည်း သူတို့မြေပေါ်မှာ လက်မခံဘူး၊ မြန်မာနိုင်ငံအနေနဲ့ကလည်း အကြမ်းဖက်သမားတွေကို လက်မခံဘူး၊ အကြမ်းဖက်သမားဆိုတာမျိုးက ချိုပါတာ မဟုတ်ဘူးလေ၊ အဲဒီစခန်းတွေထဲမှာ ရှိနိုင်သလို၊ အခြားမမြင်ရတဲ့နေရာတွေမှာလည်း ရှိနိုင်တာပဲ၊ ဒါတွေကို နှစ်နိုင်ငံပေါင်းပြီး ဖမ်းပေးမယ်ဆိုပြီး ပြည်ထဲရေးဝန်ကြီးဌာနချင်းလည်း ညှိနှိုင်းသဘောတူညီပြီးသား ဖြစ်တယ်၊ မြန်မာနိုင်ငံကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပြည်ထဲရေးဝန်ကြီးနဲ့အဖွဲ့ ကိုယ်တိုင်လည်း ပြီးခဲ့တဲ့ နိုဝင်ဘာလက လာရောက်ခဲ့ပြီးဖြစ်ပါတယ်၊ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးအဆင့်လည်း လာမယ့်လမှာ သွားရောက်ပြီး နှစ်နိုင်ငံနယ်နိမိတ်မှာ ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်သမားတွေကို ဖော်ထုတ်ဖမ်းဆီးဖို့ သဘောတူညီပြီးသားဖြစ်ပါတယ်"ဟု ပြောသည်။

**ပြန်လည်လက်ခံရေး ပထမလျာထားချက်က နှစ်နှစ်**

ပြန်လည်လက်ခံရေးအချိန်ကန့်သတ်ချက် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက "ကျွန်တော်တို့ဘက်ကတော့ Save and Voluntary ဆိုတဲ့ သဘောတူညီချက်အတိုင်း အပြည့်အဝဆောင်ရွက်နေပါတယ်၊ အဲဒီအတွက်ကို ကျွန်တော်တို့အနေနဲ့ လက်ခံဖို့အတွက် အသင့်ဖြစ်နေပါတယ်လို့ ပြောချင်ပါတယ်၊ ပြန်လည်လက်ခံရေးနဲ့ ပတ်သက်ပြီး တကယ်ပဲ စိတ်ဝင်တစားရောက်ရှိပြီး တကယ်ကို ဒုက္ခခံကာ လာရောက်ကြတဲ့သူအားလုံးကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ကလည်း အများကြီး အလေးထားသလို အားလည်း အားကိုးပါတယ်၊ ကျွန်တော်တို့ သတင်းအမှန်တွေကို ဖြန့်ဖို့အတွက် မီဒီယာတွေရှိမှရမှာ ဖြစ်တဲ့အတွက်ကြောင့် အားလုံးကို ကျေးဇူးတင်ပါတယ်၊ ပြန်လည်လက်ခံရေးနဲ့ပတ်သက်ပြီး ပထမလျာထားချက်က နှစ်နှစ်ဖြစ်ပါတယ်၊ အခြေအနေအရ နှစ်နှစ်ထက်လည်း စောပြီးတော့ ပြီးချင်လည်း ပြီးနိုင်တယ်၊ ပိုလည်းကြာနိုင်တယ်၊ သတ်မှတ်ထားတာတော့ နှစ်နှစ်အတွင်းမှာဆိုတာ သတ်မှတ်ထားပါတယ်၊ လက်ခံမယ့်သူ စုစုပေါင်းအရေအတွက်ကို မသတ်မှတ်ပါ ဘူး၊ တကယ်လို့ မူနဲ့ကိုက်ညီတယ်၊ ပြန်လာဖို့ အရည်အချင်းနဲ့ ပြည့်စုံတယ်၊ ကျွန်တော်တို့ လက်ခံနိုင်တဲ့ သတ်မှတ်ချက်တွေနဲ့ ပြည့်စုံရင် ရပါတယ်"ဟု ဖြေကြားသည်။

**သတင်းစဉ်**

---

# Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲအကြို သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

Asian Tour၊ Japan Golf Tour နှင့် မြန်မာပီဂျီအေတို့ပူးပေါင်း၍ Leopalace 21 ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် 2018 Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကစားသမားများနှင့် ပြိုင်ပွဲအကြို သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ ဆင်နော့သ်(ဩစတြေးလျ) အပါအဝင် အီရှီကာဝါ (ဂျပန်)၊ ရှောင်နော့ရစ်(တောင်အာဖရိက)၊ မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးကစားသမားများဖြစ်သည့် ရဲထက်အောင်နှင့် နိုင်နိုင်လင်းတို့ တက်ရောက်ကြသည်။

2018 Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပဂေါက်သီးရိုက်ကစားသမား ၁၅၀ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဆင်နော့သ်အပါအဝင် ၂၀၁၆ ချန်ပီယံ ရှောင်နော့ရစ်(တောင်အာဖရိက)၊ ၂၀၁၅ ချန်ပီယံပလာပိုလ်(ထိုင်း)နှင့် ဘွန်ချူးရန်ကစ်တို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ မြန်မာနိုင်ငံမှ ပရော်ဖက်ရှင်နယ်ကစားသမားများ ဖြစ်သည့် နိုင်နိုင်လင်း၊ သိန်းဇော်မြင့်၊ ဇော်ဇင်ဝင်း၊ မျိုးဝင်းအောင်၊ သိန်းနိုင်စိုး၊ ဇော်ဇော်လတ်၊ ဘိုဘို၊ အောင်ဝင်း၊ လှမျိုး၊ အောင်ဆန်းဝင်း၊ အပျော်တမ်းကစားသမားများဖြစ်သည့် ဟိန်းစည်သူ၊ ကျော်သက်ဦး၊ လှိုင်မင်းထက်၊ သီဟမျိုး ဆက်တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ထို့ပြင် ပြိုင်ပွဲကျင်းပရေးအဖွဲ့၏ ဖိတ်ကြားမှုဖြင့် မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးကစားသမားများဖြစ်သည့် ဇော်မိုး၊ ရဲထက်အောင်နှင့် စည်သူရဲရင့်တို့ လည်း ယှဉ်ပြိုင်ခွင့်ရထားကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် ဆုကြေးငွေ စုစုပေါင်း ဒေါ်လာ ၇၅၀၀၀၀ ချီးမြှင့်မည်ဖြစ်ပြီး အားကစားဝါသနာရှင်များ အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို ရုပ်သံမှ တစ်ရက်လျှင် လေးနာရီနှုန်းဖြင့် နေ့စဉ်ပြသမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကြည့်ရှုနိုင်မည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

---

# အမျိုးသမီးလိဂ်ဘောလုံးပြိုင်ပွဲ လက်ရှိချန်ပီယံ မြဝတီအသင်းအနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၂၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၅) ပထမနေ့အဖြစ် လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့ ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ မြဝတီအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ထိပ်ဆုံးနေရာအတွက် အရေးပါသည့်ပွဲဖြစ်သောကြောင့် နှစ်သင်းစလုံး လူစုံထုတ်ကစားခဲ့ပြီး လက်ရှိချန်ပီယံ မြဝတီအသင်းက နိုင်ပွဲရယူကာ သစ္စာအားမာန်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ လက်ရှိချန်ပီယံ မြဝတီအသင်းအတွက် လက်ရွေးစင် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက အဓိကခြေစွမ်းပြပြီး ၃၁ မိနစ်နှင့် ၇၅ မိနစ်တွင် အနိုင်ဂိုးနှစ်ဂိုး စလုံးသွင်းယူပေးခဲ့သည်။ ပွဲစဉ် (၅) ဒုတိယနေ့ကို ဇန်နဝါရီ ၂၄ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# ရန်ကုန်-မန္တလေးအမြန်လမ်း၌ Express ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

**ပျော်ဘွယ် ဇန်နဝါရီ ၂၃**

ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း ပေပင်လေးလမ်းပိုင်း၌ ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က စည်းစိမ်ရှင် Express ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပေပင်လေးအမြန်လမ်းမကြီးရဲစခန်းအပိုင် ရန်ကုန်-မန္တလေး အမြန်လမ်းပိုင်း မိုင်တိုင်အမှတ် ၂၇၆/၀ အနီး နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ဗေဒါလမ်းနေ ယာဉ်မောင်း အောင်မင်းနိုင် (၃၄ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် 3N/--- စည်းစိမ်ရှင် Express ယာဉ်မှာ အင်ဂျင်ခန်းမှ ဝိုင်ယာရှော့ဖြစ်၍ မီးလောင်ခဲ့ကြောင်း သတင်းအရ ပေပင်လေး အမြန်လမ်းမကြီး ရဲစခန်းမှူး ရဲအုပ် ကျော်မင်းစိုး ပါဝင်သော ရဲတပ်ဖွဲ့ဝင်များက အုပ်ချုပ်မှုယာဉ်နှစ်စီး၊ အမြန်လမ်းမကြီး မီးသတ်တပ်ဖွဲ့မှ လက်ထောက်ဦးစီးမှူး အောင်ချမ်းပါဝင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၃ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး ယာဉ်ပေါ်တွင် ပါရှိသူ ယာဉ်မောင်းပါ အမျိုးသားသုံးဦးမှာ ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းမရှိကြောင်းနှင့် မီးလောင်မှုကြောင့် ယာဉ်တစ်စီးလုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း မှုခင်းမှတ်တမ်းအရ သိရှိရသည်။

**ဘိုဘို(မလှိုင်)**



# ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ရုံးထုတ်၊ တရားလိုကို စတင်စစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂၃**

မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက် အက်ဥပဒေဖြင့် ဖမ်းဆီးခံရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တရားရုံး၌ ရုံးထုတ်ပြီး အမှုနှင့်ပတ်သက်၍ တရားလိုဖြစ်သူကို စတင် စစ်ဆေးခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ယနေ့ရုံးထုတ်မှုနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တရားရုံးမှ သတင်းပြန်ကြားရေးအရာရှိ ဒုတိယ ခရိုင်တရားသူကြီး ဦးရဲလွင်က "ဒီကနေ့မှာတော့ ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီး အမှုအမှတ် ၄ မှာ သက်ဦးမောင်(ခေါ်)ဝလုံးနဲ့ ကျော်စိုးဦး (ခေါ်) မိုးအောင်တို့နှစ်ဦးကို မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေပုဒ်မ ၃(၁) (ဂ) အရ တရားစွဲဆိုတင်ပို့တဲ့ အမှုနဲ့ပတ်သက်ပြီး တရားလိုဖြစ်တဲ့ ဒုတိယ ရဲမှူးကြီး ယုနိုင်ကို စစ်ဆေးပါတယ်၊ ဒါ့အပြင် အရင်အပတ်ရုံးချိန်းတုန်းက တရားစွဲဆိုခံရသူတွေဘက်က အာမခံလျှောက်ထားတဲ့အပေါ် ဒီကနေ့မှာ နှစ်ဖက်လျှောက်လဲချက် ကျယ်ကျယ်ပြန့်ပြန့်ကြားနာခဲ့ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ တရားစွဲဆိုခံရသူ ရိုက်တာသတင်းထောက်နှစ်ဦးမှာ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေရဲစခန်းက (ပ)၁၂၉၈/၂၀၁၇၊ ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက် အက်ဥပဒေပုဒ်မ ၃(၁)(ဂ)တို့ဖြင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ယုနိုင်က တရားလိုအဖြစ် အမှုဖွင့်လှစ်ခဲ့ပြီး အမှုနှင့်ပတ်သက်၍ ဇန်နဝါရီ ၁၀ ရက်တွင် မြောက်ပိုင်းခရိုင် တရားရုံး၌ စတင်တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

အမှုကို မြောက်ပိုင်းခရိုင်တရားရုံးက ဖေဖော်ဝါရီ ၁ ရက်သို့ ထပ်မံချိန်းဆိုလိုက်ပြီး ယင်းနေ့တွင် အမှုမှ တရားလိုပြသက်သေ ၂၅ ဦးအနက် တရားလိုပြသက်သေတစ်ဦးကို ဆက်လက်စစ်ဆေးသွားမည်ဖြစ်သည့်အပြင် အာမခံလျှောက်ထားမှုအပေါ် အမိန့်ချမှတ်သွားမည် ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး**

# မြစ်ကြီးနားမြို့ KBZ MiNi Bank(1) တွင် ငွေကျပ်သိန်း ၉၀၀ ကျော် အနုကြမ်းစီးလုယူမှုဖြစ်ပွား

**မြစ်ကြီးနား ဇန်နဝါရီ ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြို့မဈေး-၁ တွင် ဖွင့်လှစ်ထားသည့် မြစ်ကြီးနားမြို့KBZ MiNi Bank(1) တွင် ငွေကျပ်သိန်း ၉၀၀ ကျော် အနုကြမ်းစီးလုယက်မှု ဇန်နဝါရီ ၂၃ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၃ ရက် ညနေ ၃ နာရီက မြစ်ကြီးနားမြို့ မြို့မရပ်ကွက် ဈေး-၁ အပေါ်ထပ်ရှိ အခန်းအမှတ် ၁၀၅/၁၀၆/၁၀၇/၁၀၈ တွင် ဖွင့်လှစ်ထားသည့် KBZ MiNi Bank(1)တွင် တာဝန်ခံ ဒေါ်နန်းအောင်အောင် (၄၄ နှစ်) နှင့် ဝန်ထမ်းငါးဦးက ဘဏ်ပိတ်သိမ်းရန် ပြင်ဆင်နေစဉ် လူလေးဦးခန့်က မျက်နှာဖုံးများ တပ်ဆင်လျက် ဝင်ရောက်လာကာ ဘဏ်လုံခြုံရေးတာဝန်ထမ်းဆောင်သည့် ပြည့်ဖြိုးအောင်(၂၃ နှစ်)အား လူတစ်ဦးက သေနတ်အတိုတစ်လက်ဖြင့် ချိန်ရွယ်ကာ သမံတလင်းတွင် မှောက်စေပြီး ကျန်ဝန်ထမ်း လေးဦးအားလည်း သံတုတ်ဟုယူဆရသော တုတ်များဖြင့် ချိန်ရွယ်လျက် သမံတလင်းတွင် မှောက်လျက်နေစေကာ မော့မကြည့်ရန် ပြောကြားပြီး ဘဏ်ရှိ ငွေကောင်တာမှ မြန်မာငွေ စက္ကူရောရာ ငွေကျပ်သိန်း ၉၂၀ အား ယူဆောင်ကာ ဝန်ထမ်းများ ကိုင်ဆောင်သည့် လက်ကိုင်ဖုန်းသုံးလုံးကို တစ်စစီဖြုတ်ကာ ဘဏ်ရှိ အမှိုက်ထည့်ခြင်းအတွင်းပစ်၍ ရေလောင်းဖျက်ဆီးသွားခဲ့ကြပြီး ရုံးအတွင်းရှိ CCTV စက်နှင့် ဝ၇၄ အမှတ်ပါ ကြိုးဖုန်းအား ယူဆောင်သွားခဲ့သည်။

ဖြစ်စဉ်ကို KBZ MiNi Bank(1) မှ တာဝန်ခံ ဒေါ်နန်းအောင်အောင် (၄၄ နှစ်)က တရားလိုပြု၍ တိုင်ကြားရာ မြစ်ကြီးနား မြို့မရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဖြစ်စဉ်ဖြစ်ပွားရာသို့ မြစ်ကြီးနားခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းနိုင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးကာ ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြစ်ကြီးနား)ကိုယ်ပွား**

# နေပြည်တော် ရေဆင်းနယ်မြေရဲစခန်းမှ သေမှုသေခင်းအား ဆက်လက်စုံစမ်းစစ်ဆေးရာ လူသတ်မှုပေါ်ပေါက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၈ ရက်တွင် ဆေးကုသမှုခံယူနေသည့် အမျိုးသမီးတစ်ဦး နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံတွင် သေဆုံးသွားကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ညောင်ပင်ကြီးကျေးရွာနေ မစန္ဒာမြင့်(၁၂နှစ်) ဖြစ်ကြောင်း သိရသည်။

မိခင်ဖြစ်သူ မသက်နှင်းဝေ (၂၈နှစ်)၏ ပြောကြားချက်အရ ဇန်နဝါရီ ၃ ရက် ညနေက မစန္ဒာမြင့်အား ရေထမ်းပုံးဖြင့် ရေသွားခပ်ခိုင်းခဲ့စဉ် နေအိမ်ရှေ့၌ ချော်လဲခဲ့ကြောင်း၊ ထို့နောက် နေအိမ်ပေါ်သို့ တက်သွားခဲ့ကြောင်း၊ ၁၀ မိနစ်ခန့်အကြာ နေအိမ်အောက်တွင်ထားသည့် ထင်းချောင်းများအား ယူခိုင်းခဲ့ရာ ဆင်းလာစဉ် လှေကားထစ်မှပြုတ်ကျခဲ့၍ ဒဏ်ရာများရရှိခဲ့သောကြောင့် ဆေးရုံသို့ တင်ပို့ကုသခဲ့ရာမှ သေဆုံးသွားခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ရေဆင်းနယ်မြေရဲစခန်း၌ သေမှုသေခင်း အမှတ်စဉ်(၃/၂၀၁၈)ဖြင့် ရေးဖွင့်စစ်ဆေးသည်။

အမှုမှ ဆေးစာစစ်ဆေးပေါ်ပေါက်ချက်အရ တပ်ဖွဲ့ဝင်များက မသက်နှင်းဝေအား ထပ်မံစစ်ဆေးခဲ့ရာ အခင်းဖြစ်နေ့တွင် နေအိမ်ခြံဝင်းအတွင်း၌ အပင်စိုက်နေစဉ် သမီးဖြစ်သူ မစန္ဒာမြင့်အား သံတူရွင်းပြားယူခိုင်းသည်ကို သမီးဖြစ်သူက "တစ်ခုပြီးတစ်ခု ခိုင်းနေတာပဲ" ဟု ပြောကာ သံတူရွင်းပြားအား ပစ်ချခဲ့သဖြင့် ဒေါသထွက်ပြီး သံတူရွင်းပြားဖြင့် ဦးခေါင်းကို ရိုက်လိုက်ရာ ဦးခေါင်းယာချိုစောင်းတွင် စုတ်ပြဲဒဏ်ရာရရှိခဲ့ကြောင်း၊ ညနေ ၆ နာရီခွဲခန့်တွင် မစန္ဒာမြင့်က ဗိုက်အောင့်သည်ဟုပြောသဖြင့် ဆေးရုံသို့တင်ပို့ကုသစဉ် သေဆုံးသွားခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် မသက်နှင်းဝေအား ရေဆင်းနယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ငွေကျပ် ၁၁ သိန်းကျော် ဖမ်းမိ

**ထန်းတပင် ဇန်နဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစိတ်မှ ရဲအုပ်တင်ဦးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က ထန်းတပင်မြို့နယ် ဇရပ်ကြီးနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် မျိုးဝင်းထွန်း ဦးစီးသည့်အဖွဲ့နှင့်ပူးပေါင်း၍ မိုးကောင်းကျေးရွာနေ ဒေါ်ပုကြွယ်၏ နေအိမ်အား မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ ဒေါ်ပုကြွယ်မှာ နေအိမ်အောက်ထပ် စားပွဲခုံရှေ့တန်းလျားတွင် ထိုင်နေသည်ကို တွေ့ရှိရပြီး အဆိုပါစားပွဲခုံပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၃၂ ပြား၊ နေအိမ်အပေါ်ထပ်ရှိ သံသေတ္တာအတွင်းမှ မူးယစ်ဆေးဝါးရောင်းချရငွေ ကျပ် ၁၀၉၉၀၀၀၊ ဒေါ်ပုကြွယ်၏ ခန္ဓာကိုယ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၉ ပြား၊ တစ်ထောင်ကျပ်တန် ၁၀ ရွက်တို့ကို ဖမ်းဆီးရမိခဲ့သည့်အတွက် ဇရပ်ကြီးနယ်မြေရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မူဆယ်သွားမည့်ယာဉ်အား စစ်ဆေးရာ ပိတောက်ခွဲသားများ ဖမ်းဆီးမိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ်မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၂၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၂၆ စီး၊ သွင်းကုန် ၁၀၁၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၂ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၄၇၁ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၆၁၇ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်း တန်ဖိုးငွေကျပ် ၁၈ ဒသမ ၀၈၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၂၂ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့သွားရောက်မည့် Toyota Wish မော်တော်ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် စောင်စများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသားများ ဆိုက်မျိုးစုံ ၁၆၃၂ ချောင်း၊ (၁ ဒသမ ၀၈၀၈ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၇၄၂ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးမြို့ပေါ်ရှိ ကားမှန်များခွဲ၍ ကားအတွင်းမှ ပစ္စည်းများ ခိုးယူခဲ့သူများအား ဖော်ထုတ်ဖမ်းဆီး

**မန္တလေး ဇန်နဝါရီ ၂၃**

မန္တလေးမြို့ပေါ်ရှိ ကားမှန်များခွဲ၍ ကားအတွင်းမှ ပစ္စည်းများ ခိုးယူခဲ့သူများအား ရဲတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မန္တလေးချမ်း အေးသာစံမြို့နယ် အမှတ်-၃ နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၇ ရက် နံနက် ၂ နာရီခွဲက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် လမ်း ၆၀ ၃၁×၃၂ လမ်းကြားရှိ လမ်းအရှေ့ဘက်တွင် ရပ်ထားသော မော်တော်ယာဉ်တစ်စီးအနီးတွင် အမျိုးသားတစ်ဦးအား ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်တွေ့ရှိစစ်မေးရာ ၎င်းသည် ဝေဖြိုး(ခ)ဂူးဂူး (၂၄ နှစ်) ကန်ကောက်ရပ်ကွက် ချမ်းအေးသာစံမြို့နယ်နေသူဖြစ်ပြီး ၎င်းအား ရှာဖွေရာ ဆိုင်ကယ်ပလပ်ခေါင်းများအား ထုချေကာ ကြွေသီးမှုန့်များထည့်သော အထုပ်တစ်ထုပ်အား တွေ့ရှိသဖြင့် စစ်မေးရာ ရပ်ထားသည့် မော်တော်ယာဉ်အား ကားမှန်ခွဲ၍ ပစ္စည်းများခိုးယူရန် ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရှိသည်။

ဝေဖြိုး(ခ)ဂူးဂူးအား ဆက်လက်စစ်မေးရာ ၎င်းသည် ဇန်နဝါရီ ၁၆ ရက် ညက ပြည်ကြီးမျက်ရှင်ရပ်ကွက် ၃၂×၆၀ လမ်းထောင့် ရတနာတိုင်းပြည် တိုက်ခန်းရှေ့တွင် ရပ်ထားသော မော်တော်ယာဉ်တစ်စီး၏ မှန်တံခါးအား ကြွေသီးမှုန့်များဖြင့် ပစ်ပေါက်ဖျက်ဆီးပြီး ယာဉ်အတွင်းမှ ပိုက်ဆံအိတ်တစ်ခုအား ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ဆက်လက်စစ်ဆေးရာ ၎င်းသည် လွန်ခဲ့သော သုံးလခန့်က မိုးမြတ်စိုး(ခ) ကျန်ကျောင်း (၂၀ နှစ်) ကန်ကောက်ရပ်ကွက် ချမ်းအေးသာစံမြို့နယ်နေသူနှင့်အတူ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၂၇ လမ်း ၇၂×၇၃ လမ်းကြားတွင် ရပ်ထားသည့် မတ်တူးအမျိုးအစား ကားမှန်အားခွဲ၍ အိတ်တစ်လုံးအား ဝေဖြိုး(ခ)ဂူးဂူးနှင့် မိုးမြတ်စိုး(ခ)ကျန်ကျောင်းတို့နှင့်အတူ ခိုးယူခဲ့ကြောင်း၊ မိုးမြတ်စိုး(ခ) ကျန်ကျောင်းအား ထပ်မံစစ်ဆေးရာ ၎င်းတို့သည် လွန်ခဲ့သော ဇန်နဝါရီ ၈ ရက်က ၃၂လမ်း၊ ၆၀×၆၂ လမ်းကြား ရတနာတိုင်းပြည်အိမ်ရာအနီးတွင် ရပ်ထားသော Belta ယာဉ်၏ ကားမှန်အားခွဲ၍ ကားအရှေ့ခန်းအတွင်းမှ ငွေကျပ် ၂၅၀၀၀၊ ကားသော့တစ်ချောင်းနှင့် အရက်ထည့်သည့် အိတ်ဆောင် စတီးပုလင်းပြားတစ်လုံးတို့အား ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများအား သိမ်းဆည်းပြီး ၎င်းတို့ကို အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အောင်စံမောင်**

# ငွေကျပ်သိန်း ၁၃၅၀ တန်ဖိုးရှိ ဘိန်းစိမ်းများ ပြည်ကြီးတံခွန်မြို့နယ်၌ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ယနေ့ မွန်းတည့် ၁၂ နာရီက မူးယစ်တပ်ဖွဲ့စု-၁၇ မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်း စက်မှုပန်းခြံအနီး၌ ခွန်ချစ်ဦး မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ မော်တော်ယာဉ်၏နောက်ခန်းရှိ စက္ကူပုံးများအတွင်းမှ ဘိန်းစိမ်း ၇၅ ထုပ် (အလေးချိန် ၉၀ ကီလို)နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ခွန်ချစ်ဦး (၂၂နှစ်)အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇဘဏ်လီမိတက်မှ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ကို ကျေပွန်စွာဖြင့် အခွန်စည်းကြပ်နှစ်အလိုက်

- ၂၀၁၁–၂၀၁၂ ခုနှစ်အတွက် ဝင်ငွေခွန်ကျပ် ၆,၀၁၅.၃၉၇ သန်း
- ၂၀၁၂–၂၀၁၃ ခုနှစ်အတွက် ဝင်ငွေခွန်ကျပ် ၁၀,၈၂၇.၇၀ သန်း
- ၂၀၁၃–၂၀၁၄ ခုနှစ်အတွက် ဝင်ငွေခွန်ကျပ် ၁၇,၀၁၀.၃၇ သန်း
- ၂၀၁၄–၂၀၁၅ ခုနှစ်အတွက် ဝင်ငွေခွန်ကျပ် ၂၂,၀၁၃.၆၁ သန်း
- ၂၀၁၅–၂၀၁၆ ခုနှစ်အတွက် ဝင်ငွေခွန်ကျပ် ၂၃,၁၅၅.၈၂ သန်း
- ၂၀၁၆–၂၀၁၇ ခုနှစ်အတွက် ဝင်ငွေခွန်ကျပ် ၂၈,၀၄၂.၂၅ သန်း တို့ဖြင့်

တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်းအပြင် ကြိုတင်ခွန်များနှင့် ပတ်သက်၍ စနစ်တကျ ကြိုတင်စီစဉ်ပေးသွင်းရန် ဆောင်ရွက်ထားရှိခြင်း၊

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ငွေကြေးကဏ္ဍမှ အဓိက အထောက်အကူပြု ပါဝင်နိုင်ခဲ့ခြင်း နိုင်ငံအတွင်း အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင်အမြောက်အမြား ပေါ်ထွန်းလာအောင် ပံ့ပိုးကူညီဖော်ဆောင် ပေးနိုင်ခဲ့ခြင်း၊

နှစ်စဉ်ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ချီးမြှင့်သော ပြည်တွင်းနှင့် နိုင်ငံတကာဆု အမြောက်အမြားကို ကမ္ဘောဇဘဏ်လီမိတက်မှ ထိုက်တန်စွာ လက်ခံရရှိခဲ့ခြင်း စသည့် အောင်မြင်မှုများ အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာပြည်သူပြည်သားများ အားကိုး အားထားရသော အောင်မြင်သည့်ထိပ်တန်း ဘဏ်ကြီးအဖြစ် ထာဝရရပ်တည်နိုင်ပါစေကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌လည်း ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဘဏ်များအသင်း

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၆–၂၀၁၇ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သော ကုမ္ပဏီများအနက် **"ကမ္ဘောဇဘဏ်လီမိတက်"** သည် **"ပထမ"** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် **"မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း" ၏ နာယက၊ "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အား အထူးပင်ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း **(MGJEA)**

# တစ်နိုင်ငံလုံးတွင် "ပထမ" နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်ခဲ့သော အခွန်ထမ်း "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ" အတွက်

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၆–၂၀၁၇ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် အများဆုံး ထမ်းဆောင်သော ကုမ္ပဏီများအနက် **"ကမ္ဘောဇဘဏ်လီမိတက်"** သည် ၂၀၁၆–၂၀၁၇ အခွန်စည်းကြပ်နှစ်အတွက် ကျပ်ငွေ (၂၈,၀၄၂.၂၅)သန်းဖြင့် တစ်နိုင်ငံလုံးတွင် **"ပထမ"** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်းအပြင် ကြိုတင်ခွန်များနှင့်ပတ်သက်၍ စနစ်တကျ ကြိုတင်စီစဉ်ပေးသွင်းရန် ဆောင်ရွက်ထားရှိခြင်း၊

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ငွေကြေးကဏ္ဍမှ အဓိက အထောက်အကူပြု ပါဝင်နိုင်ခဲ့ခြင်း အပြင် နိုင်ငံအတွင်း အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင်အမြောက်အမြား ပေါ်ထွန်းလာအောင် ပံ့ပိုးကူညီဖော်ဆောင် ပေးနိုင်ခဲ့ခြင်းနှင့် လူငယ်လုပ်ငန်းရှင်များ လေးစားအားကျအတုယူဖွယ်ရာ ရှေ့ဆောင် စံနမူနာပြု ပြသပေးခြင်း၊

ကမ္ဘောဇဘဏ်လီမိတက်၏ **"ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)"** သည် နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ရှေ့ဆုံးမှ တက်ကြွစွာ လူအား၊ ငွေအားဖြင့် ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိပြီး ဖောင်ဒေးရှင်းစတင်တည်ထောင်သည့် (၂၀၀၈)ခုနှစ်မှ (၂၀၁၇)ခုနှစ်အထိ (၉)နှစ် ကာလအတွင်း လူမှုအကျိုးပြုလုပ်ငန်းများတွင် နိုင်ငံတော်နှင့်ပြည်သူအတွက် ကျပ်ငွေ(၁၃၈)ဘီလီယံကျော် လှူဒါန်း ခဲ့ခြင်း၊

နှစ်စဉ်ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ချီးမြှင့်သော ပြည်တွင်းနှင့် နိုင်ငံတကာဆု အမြောက် အမြားကို ကမ္ဘောဇဘဏ်လီမိတက်မှ ထိုက်တန်စွာ လက်ခံရရှိခဲ့ခြင်း စသည့် အောင်မြင်မှုများ အတွက် **"မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA)"** နာယက၊ **"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အား အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ မြန်မာပြည်သူပြည်သားများ အမြဲထာဝရအားကိုး အားထားရသော အောင်မြင်သည့်ထိပ်တန်းဘဏ်ကြီးအဖြစ် ရပ်တည်နိုင်ပါစေကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌လည်း ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်နှင့် အသင်းသားများ
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA)

## နိုင်ငံတကာ သတင်းတိုထွာ

### လစ်ဗျားနိုင်ငံ အပြည်ပြည်ဆိုင်ရာလေဆိပ်အား တိုက်ခိုက်ခဲ့သောစစ်သွေးကြွများကို ဖမ်းဆီး

**ထရီပိုလီ ဇန်နဝါရီ ၂၃**

ထရီပိုလီမြို့ရှိ M’etiga အပြည်ပြည်ဆိုင်ရာလေဆိပ် တိုက်ခိုက်ခံရမှုတွင် ပါဝင်သောစစ်သွေးကြွ ၆၁ ဦးကို လစ်ဗျားနိုင်ငံ အထူးထောက်လှမ်းရေးတပ်ဖွဲ့က မကြာသေးမီက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

M’etiga အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်အုပ်စုတစ်စုက တိုက်ခိုက်ခဲ့ရာ အရပ်သား ၂၀ ဦးသေဆုံးပြီး အခြားလူ ၆၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ယင်းစစ်သွေးကြွများသည် M’etiga အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တိုက်ခိုက်နေစဉ်အတွင်း အကျဉ်းထောင်အားတိုက်ခိုက်ရန် ပစ်မှတ်ထားခဲ့ကြောင်းလည်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိထားသည့် စစ်သွေးကြွများအား စစ်ဆေးမေးမြန်းမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိပြီး ယင်းလက်နက်ကိုင် စစ်သွေးကြွများ အနက်ခြောက်ဦးကို ပြန်လွှတ်ပေးခဲ့ကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

ယင်းတိုက်ခိုက်မှုအား ကုလသမဂ္ဂကကျောထောက်နောက်ခံပေးထားသည့် အစိုးရအဖွဲ့က ပြစ်တင်ရှုတ်ချခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ အထူးထောက်လှမ်းရေးတပ်ဖွဲ့ဝင်များက ကြီးကြပ်စောင့်ကြည့်နေသည့် ထိန်းသိမ်းရေးစင်တာမှ IS၊ အယ်လ်ကိုင်ဒါနှင့် အခြားစစ်သွေးကြွအဖွဲ့ဝင်များကို ကယ်ထုတ်ရန် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လေဆိပ်အား ငါးရက်တာပိတ်ထားခဲ့ပြီး မကြာသေးမီက ပြန်လည်ဖွင့်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

### ချက်နိုင်ငံ၌ မီးလောင်မှုဖြစ်ပွားရာ လူလေးဦးသေဆုံး

**ပရာ့ဂ် ဇန်နဝါရီ ၂၃**

Naplacni လမ်းရှိ ယူရိုစတားဒေးဗစ် ဟိုတယ်၌ မကြာသေးမီက မီးလောင်မှုဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးခဲ့ကြောင်း ဇန်နဝါရီ ၂၂ ရက်က ချက်နိုင်ငံ ပရာ့ဂ်မြို့ရှိ အထွေထွေသင်ကြားရေး ဆေးရုံ၏ ပြောရေးဆိုခွင့်ရှိသူMichal Schneider က ပြောကြားခဲ့သည်။


အဆိုပါ မီးလောင်မှုသည် ချက်နိုင်ငံ၏မီးလောင်မှုသမိုင်းတွင် အဆိုးရွားဆုံးများအနက် တစ်ခုဖြစ်ကြောင်း သိရသည်။ ယခုအခါတွင် အဆိုပါ မီးလောင်မှုကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ မီးလောင်မှုဖြစ်စဉ်တွင် လူလေးဦးသေဆုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုတွင် ဒဏ်ရာရရှိသူများအနက်နှစ်ဦးမှာ အခြေအနေစိုးရိမ်ရကြောင်း သိရသည်။ အဆိုပါ ဟိုတယ်၌ ဧည့်သည်ပေါင်း ၁၀၀ ကျော်တည်းခိုနေထိုင်နိုင်ကြောင်း သိရပြီး မီးလောင်မှုဖြစ်ပွားချိန်တွင် မီးသတ်သမားများက လူ ၃၄ ဦးကို ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။ ကယ်ထုတ်နိုင်ခဲ့သူအများစုမှာ နိုင်ငံခြားသားများဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့ အမေရိကန်

═══ တင်လင်းအောင် ═══



အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာ ဇန်နဝါရီ ၂၀ ရက်က အမျိုးသမီးလူထောင်ပေါင်းများစွာ သမ္မတဒေါ်နယ်ထရန့်ရဲ့မူဝါဒနဲ့ ပတ်သက်ပြီး ကန့်ကွက် ဆန္ဒပြမှုတွေပြုလုပ်ခဲ့တယ်လို့ သတင်းမီဒီယာတွေမှာ ပလူပျံအောင် ဖော်ပြခဲ့ပါတယ်။ ဆန္ဒပြသူတွေဟာ အမျိုးသမီးအခွင့်အရေး၊ ရွှေ့ပြောင်းအခြေချသူတွေ အခွင့်အရေးနဲ့ မကျေမနပ် ဆန္ဒပြခဲ့ကြတာဖြစ်ပါတယ်။

အခုလို ဒုတိယအကြိမ်ချီတက်ဆန္ဒပြမှုဟာ ကမ္ဘာ့အင်အားအကြီးဆုံး အမေရိကန်အစိုးရယန္တရားရပ်စဲမှုဖြစ်ပွားပြီး ၁၂ နာရီအကြာမှာဖြစ်ပွားခဲ့တာဖြစ်သလို အမေရိကန် သမ္မတဒေါ်နယ်ထရန့်ကျမ်းသစ္စာကျိန်ဆိုပြီး တစ်နှစ်တိတိအချိန်မှာ ဖြစ်ပွားခဲ့တာဖြစ်ပါတယ်။

နယူးယောက်ဆန္ဒပြမှုမှာ ဆန္ဒပြသူ ၁၂၀၀၀၀ ကျော် လောက်ချီတက်ဆန္ဒပြခဲ့ကြတာဖြစ်သလို သူတို့ဟာ ကျွန်မတို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတန်ဖိုးကို ကာကွယ်တဲ့အနေနဲ့ ဆန္ဒပြခဲ့ကြတာဖြစ်ပါတယ်လို့ နယူးယောက်မြို့တော်ဝန် အကြီးတန်းအကြံပေးတစ်ဦးဖြစ်သူ အန်ဒရီယာဟာဂျယ်ဂျန်က သူရဲ့လူမှုရေးကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ ဖော်ပြခဲ့တာပါ။

သူတို့ဟာ လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားတဲ့အနေနဲ့ အခုလို ကန့်ကွက်ဆန္ဒပြခဲ့ကြတာပဲဖြစ်ပါတယ်။ ဆန္ဒပြသူတွေထဲမှာ မက္ကဆီကန်တွေ၊ ရွှေ့ပြောင်းအခြေချသူတွေ၊ ဟေတီတွေ၊ အာဖရိကန်တွေစတဲ့ သူတွေ အမျိုးစုံ ပါဝင်ပါတယ်လို့ ဆန္ဒပြပွဲမှာပါဝင်ခဲ့တဲ့ ဂျွန်မက်လန်းက ဆိုပါတယ်။ သူဟာ အမျိုးသမီးအခွင့်အရေးကိုထောက်ခံရန် နယူးဂျာစီပြည်နယ်ကတောင် လာရောက်ခဲ့ခြင်းဖြစ်ပါတယ်။ အမေရိကန်သမ္မတထရန့်ရဲ့ မူဝါဒဟာ အမျိုးသမီးတွေနဲ့ ရွှေ့ပြောင်းအခြေချတဲ့သူတွေကို ဆန့်ကျင်နေပါတယ်။ ဒါဟာ အမေရိကန်ရဲ့ ရပ်တည်ချက်ကို ဆန့်ကျင်နေတာပဲဖြစ်ပါတယ်လို့ သူမက ဆက်လက်ပြောခဲ့ပါတယ်။

အမျိုးသမီးတွေနဲ့ ရွှေ့ပြောင်း အခြေချတဲ့သူတွေအပေါ် အမေရိကန်သမ္မတထရန့်ရဲ့ မူဝါဒဟာ အဓိကသဘောထားကွဲလွဲစရာတွေဖြစ်လာခဲ့ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ မက္ကဆီကိုနဲ့ နယ်စပ်တံတိုင်းပြုလုပ်မယ့်အရေးနဲ့ပတ်သက်ပြီးတော့လည်း သဘောထားကွဲလွဲမှုတွေ ဖြစ်ခဲ့ပါတယ်။ သဘောထားကွဲလွဲမှုကတော့ ပါတီအနေနဲ့ ပြောရမယ်ဆိုရင် ရီပတ်ဘလစ်ကန်နှင့် ဒီမိုကရက်တွေကြား အဓိကဖြစ်ပွားခဲ့တာပါ။ သဘောထားကွဲလွဲ မှုတွေဟာ လူထုဆန္ဒပြမှုတင်မက အစိုးရယန္တရားရပ်ဆိုင်းတဲ့အထိ ဖြစ်သွားခဲ့တာပါ။

အမေရိကန်ပြည်ထောင်စုကို မိဘတွေနဲ့အတူ တရားမဝင်ရောက်လာကြတဲ့ သိန်းနဲ့ချီတဲ့ ရွှေ့ပြောင်းဝင်ရောက်လာသူတွေကို အကာအကွယ်ပေးထားတဲ့ အစီအစဉ်ကိုဘဏ္ဍာရေးဥပဒေမှာ ထည့်သွင်းဖို့ ဒီမိုကရက်တွေက တောင်းဆိုနေပေမယ့် အစိုးရနဲ့ ရီပတ်ဘလစ်ကန်တို့က အဆိုပါ တောင်းဆိုမှုကို ဆန့်ကျင်ခဲ့သလို နယ်စပ်လုံခြုံရေးအတွက် တံတိုင်းကာရံမယ့်အစီအစဉ်တွေကိုထည့်သွင်းမယ့်အမေရိကန် သမ္မတဒေါ်နယ်ထရန့်နဲ့ ရီပတ်ဘလစ်ကန်တွေရဲ့ လိုလားချက်တွေကိုလည်း ဒီမိုကရက်တွေဘက်က ငြင်းဆန်မှုတွေလုပ်ခဲ့ကြပါတယ်။ ပါတီနှစ်ခုကြားအားပြိုင်မှုတွေဟာ နိုင်ငံတွင်းရှိ ပြည်သူတွေကို အကျပ်ရိုက်စေပါတယ်။

အထက်လွှတ်တော်လူနည်းစု ဒီမိုကရက်ခေါင်းဆောင် ချက်ခ်စကူမာကတော့ အခုလို ဆန္ဒပြမှုတွေနဲ့ အစိုးရယန္တရားရပ်ဆိုင်းသွားတာဟာအမေရိကန်သမ္မတဒေါ်နယ်ထရန့်မှာ တာဝန်ရှိတယ်လို့ ဝေဖန်ခဲ့ပါတယ်။ ပါတီနှစ်ရပ်ကြားလွှတ်တော်ကိုယ်စားလှယ်တွေဟာ ဒီလိုပဲ တစ်ဖက်နဲ့ တစ်ဖက်အပြန်အလှန်အပြစ်ဖို့နေကြပါတယ်။

လွှတ်တော်အတွင်းမှာရှိတဲ့ လူများစု ရီပတ်ဘလစ်ကန်တွေနဲ့ လူနည်းစု ဒီမိုကရက်တွေကြားမှာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနဲ့ နယ်စပ်လုံခြုံရေးကိစ္စမှာ ဘဏ္ဍာရေးဆိုင်ရာသဘောထားကွဲလွဲတာကြောင့် အခုလို ဆန္ဒပြမှုတွေနဲ့သာမက အစိုးရယန္တရားရပ်ဆိုင်းသွား ရတာတွေနဲ့ပါ ရင်ဆိုင်နေရတာပါ။

အိမ်ဖြူတော်ရဲ့ ထုတ်ပြန်ချက်ကို ကိုးကားပြီး ရီပတ်ဘလစ်ကန် ခေါင်းဆောင် မစ်ချ်မက်ကွန်နဲက “သန်းပေါင်းများစွာသော အမေရိကန်ပြည်သူတွေကို ဘေးချိတ်ထားပြီး တာဝန်ယူမှုမရှိဘဲ နိုင်ငံရေးကစားဖို့အတွက် ဒီမိုကရက်အထက်လွှတ်တော်အမတ်တွေရဲ့ မရိုးသားတဲ့ ဆုံးဖြတ်ချက်တွေကို လွှတ်တော်မှာ တွေ့ရမှာ ဖြစ်ပါတယ်”လို့ ဆိုကာ အပြစ်ဖို့လိုက်သလို တစ်ဖက်ကလည်း အမျိုးသမီးတွေအရေး၊ ရွှေ့ပြောင်းအခြေချသူတွေ အရေးကို မျက်ကွယ်ပြုကာ သူတို့ဖြစ်ချင်တာကိုပဲ လုပ်နေကြတယ်လို့ ဆိုပြန်ပါတယ်။

အခုလိုဖြစ်တာတွေဟာ အမေရိကန်သမ္မတဒေါ်နယ်ထရန့်လက်ထက်မှာ အသံတွေ ကျယ်ကျယ်လောင်လောင်ပိုမိုကြားနေရသလိုပါပဲ။ ဒါဟာ ဒေါ်နယ်ထရန့်အတွက် ဘယ်လိုမှကောင်းတဲ့ လက္ခဏာတွေ ဖြစ်လာမယ်တော့ မထင်ပါဘူး။ နယ်စပ်တံတိုင်း အစီအစဉ်ကို တောင်ထည့်သွင်းဆွေးနွေးခဲ့တဲ့ ပါတီနှစ်ခုစလုံးရဲ့ ညှိနှိုင်းမှုကို လက်မခံဘဲပစ်ပယ်ခဲ့တာလည်း သူပါပဲ။

လက်ရှိအခြေအနေမှာ ပါတီနှစ်ခုကြား အားပြိုင်မှုတွေကို တွေ့နေရပါတယ်။ ဒါဟာ ရှေ့အနာဂတ်မှာ ပိုမိုပြင်းထန်လာမယ်လို့ နိုင်ငံရေးအကဲခတ်သူတွေက သုံးသပ်နေကြပါတယ်။ အစိုးရနဲ့ လွှတ်တော်ကို ထိန်းချုပ်ထားတဲ့ ရီပတ်ဘလစ်ကန်ပါတီနဲ့ ထိပ်တိုက်ရင်ဆိုင်ခဲ့တဲ့ ဒီမိုကရက်တွေရဲ့ လုပ်ရပ်ကလည်း နိုင်ငံရေးအရ ကြီးမားတဲ့ပြောင်းလဲမှုတွေဖြစ်ပေါ်လာနိုင်ပါတယ်။ သူတို့ဟာ တစ်ဖက်နဲ့ တစ်ဖက်နိုင်ငံရေးတွက်ကိန်းတွေ ရှိနေနိုင်တယ်လို့ ဝါရင့်သတင်းစာဆရာ ဂျူလီပေ့စ်က ဆိုပါတယ်။

လတ်တလောမှာ အမေရိကန်ရဲ့ နိုင်ငံရေးအခြေအနေတွေက ရှုပ်ထွေးနေပြီး အခုလို ရှုပ်ထွေးမှုတွေဟာ လာမယ့်ရွေးကောက်ပွဲမှာ ဂယက်မရိုက်ဖို့ မျှော်လင့်ရမှာပဲ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ပြောင်းလဲမှုတွေဟာ အချိန်မရွေးဖြစ်ပေါ်နိုင်တာနဲ့အညီ ဘယ်အရာမှ တစ်သတ်မတ်တည်း တွက်ကိန်းချလို့ရမှာ မဟုတ်ပါဘူး။ တကယ့်အရေးမဖြစ်ခင်မှာ ကြိုတင်တွက်ဆမှုတွေဟာ မှားယွင်းကောင်းမှားယွင်းနိုင်ပါတယ်။

အမေရိကန် သမ္မတထရန့်ဟာ ကျွန်တော်တို့ကို စုစည်းရမယ့်အစားအကွဲကွဲအပြားပြားဖြစ်အောင် လုပ်နေတယ်လို့ အထက်လွှတ်တော် ဒီမိုကရက်ခေါင်းဆောင်ချက်ခ်စကူမားက ပြောပါတယ်။ ထို့အတူပဲ အစိုးရသက်တမ်းတစ်နှစ်ပြည့်တဲ့အချိန်မှာကြုံရတဲ့ နိုင်ငံရေးအကျပ်အတည်းကို အမေရိကန် သမ္မတတစ်ဦးအနေနဲ့ ဘယ်လိုများ ရင်ဆိုင်ကျော်ဖြတ်မလဲဆိုတာဟာ အမေရိကန်ပြည်ထောင်စုကြီးနဲ့ အမေရိကန်ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်နေတဲ့ပြည်သူတွေရဲ့ ကံကြမ္မာနဲ့ တိုက်ရိုက်သက်ဆိုင်နေပါတယ်။

သို့သော်လည်း ဒီလိုမျိုး နိုင်ငံရေးအရ ကွဲပြားမှုကိစ္စတွေက အိုဘားမားအစိုးရလက်ထက်မှာလည်းဖြစ်ခဲ့ပြီး တော့ အဲဒီတုန်းကတော့ အစိုးရ လုပ်ငန်းတွေကို ၁၆ ရက်ကြာ ရပ်ထားခဲ့ပါတယ်။ အခုတစ်ကြိမ်မှာတော့ အမေရိကန် သမ္မတဒေါ်နယ်ထရန့်ဟာ အစိုးရယန္တရားကို ဘယ်လောက် ထိရပ်ထားမလဲဆိုတာ သူ့အပေါ်မှာပဲ မူတည်နေပါတယ်။

အခုလို အခြေအနေမှာတိုင်းပြည်စီးပွားရေးကို ချက်ချင်းလက်ငင်းသက်ရောက်မှုတွေ ဖြစ်နိုင်တဲ့ အခြေအနေမဟုတ်ပေမယ့် ဘဏ္ဍာငွေဈေးကွက်မှာတော့ ရိုက်ခတ်မှုတွေရှိနိုင်တယ်လို့ ကျွမ်းကျင်သူတွေက ဆိုပါတယ်။

ထရန့်ကို တရားစွဲဆိုဖို့ အရေး ဒီမိုကရက်တစ်လွှတ်တော်အမတ်တစ်ဦးရဲ့အဆိုပြုချက်ကို အမေရိကန်အောက်လွှတ်တော်က ရွှေ့ဆိုင်းထားဖို့ မဲခွဲဆုံးဖြတ်ခဲ့တာကို မကြာသေးမီကမှ ကြားသိခဲ့ရပါတယ်။ သူ့ကိုတရားစွဲမယ့် သူကတော့ တက္ကဆက်ပြည်နယ်အောက်လွှတ်တော်အမတ် အယ်လ်ဂရင်းပဲဖြစ်ပါတယ်။ သမ္မတထရန့်ရဲ့ လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး လက်ခံနိုင်စရာမရှိပါဘူးလို့ သူက ဆက်လက်ပြောခဲ့ပါတယ်။

သို့သော်လည်း သမ္မတထရန့်ရဲ့ ရွေးကောက်ပွဲမဲဆွယ် စည်းရုံးရေးအဖွဲ့ဝင်တွေနဲ့ ရုရှားတို့အကြား ပူးပေါင်းကြံစည်မှုတွေနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးလို့မပြီးခင်မှာ ထရန့်ကိုတရားစွဲဆိုဖို့ ကိစ္စတွေဟာ စောလွန်းပါသေးတယ်လို့ ရီပတ်ဘလစ်ကန် အမတ်တွေက ပြောပါတယ်။

မည်သို့ပင်ဆိုစေ လတ်တလောမှာ အမေရိကန်ရဲ့ နိုင်ငံရေးအခြေအနေဟာ ရှုပ်ထွေးလာပါတယ်။ သမ္မတရဲ့ဆုံးဖြတ်ချက်ဟာ အရေးကြီးနေပါတယ်။ သူဟာ အမေရိကန်နိုင်ငံကို ကိုယ်စားပြုနေသလို အမေရိကန်ပြည်သူတွေကို ကိုယ်စားပြုနေတဲ့ သူဆိုရင်လည်း မမှားပါဘူး။ ဒါကြောင့် အလုံးစုံသော ယိုယွင်းနိုင်တဲ့ အခြေအနေတွေကို အဘက်ဘက်က ဝိုင်းဝန်းထိန်းသိမ်းရင်း ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်ဖို့ ကောင်းမွန် တဲ့ ဆုံးဖြတ်ချက်တွေ၊ လုပ်ဆောင်မှု တွေကို အသိသတိရှိရှိနဲ့ ချမှတ်နိုင်ပါစေလို့ ဆုတောင်းရင်း။ ။

**Ref: Reuters, Xinhua**

> **“အထက်လွှတ်တော်လူနည်းစု ဒီမိုကရက်ခေါင်းဆောင် ချက်ခ်စကူမာကတော့ အခုလို ဆန္ဒပြမှုတွေနဲ့ အစိုးရယန္တရားရပ်ဆိုင်းသွားတာဟာ အမေရိကန် သမ္မတဒေါ်နယ်ထရန့်မှာ တာဝန်ရှိတယ်လို့ ဝေဖန်ခဲ့”**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ခ) ကုမ္ပဏီ၏ဝန်ထမ်းများ သို့မဟုတ် ဝန်ထမ်းအမျိုးအစားတစ်ရပ်ရပ်အတွက် အိုနာစာ ရန်ပုံငွေတစ်ရပ်ကိုကုမ္ပဏီက တည်ထောင်ထားရှိသည့်အခါ အဆိုပါရန်ပုံငွေသို့ ကုမ္ပဏီကဖြစ်စေ၊ဝန်ထမ်းများကဖြစ်စေ ထည့်ဝင်ထားသည့် ငွေကြေးများအားလုံး သို့မဟုတ် အဆိုပါ ရန်ပုံငွေသို့ အတိုး သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်အရ ရရှိသည့် ငွေကြေးများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တရားဝင်လိုင်စင် ထုတ်ပေးထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုတွင် ဖွင့်လှစ်ထားသည့် ငွေစာရင်း၌ အပ်နှံထားရှိရမည် သို့မဟုတ် ယုံကြည်အပ်နှံရေးအက်ဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) မှ (င) အထိတို့တွင် ဖော်ပြပါရှိသော သို့မဟုတ် ရည်ညွှန်းဖော်ပြထားသော ငွေချေးသက်သေခံလက်မှတ်များအဖြစ် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရမည်ဖြစ်ပြီး အခြားသက်ဆိုင်ရာ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) နှင့်သက်ဆိုင်သည့် ရန်ပုံငွေတစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီနှင့် ယင်း၏ဝန်ထမ်းများအကြားပြုလုပ်ထားသည့် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်ပါ ရန်ပုံငွေတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် စည်းမျဉ်းများနှင့် တစ်စုံတစ်ရာ ဆန့်ကျင်ခြင်းရှိစေကာမူ မည်သည့်ဝန်ထမ်းကမျှ ပုဒ်မခွဲ (ခ) ပါပြဋ္ဌာန်းချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံထားသည့် အဆိုပါရန်ပုံငွေတွင် ၎င်းထည့်ဝင်ထားသည့် ငွေပမာဏအချိုးကျအတိုင်း အဆိုပါရင်းနှီးမြှုပ်နှံမှုမှရရှိသည့် အတိုးနှုန်းထက် ပိုမိုသောနှုန်းထားတစ်ရပ်ဖြင့် အတိုးငွေကို လက်ခံရရှိခွင့် မရှိစေရ။

(ဃ) ဝန်ထမ်းတစ်ဦးသည် ကုမ္ပဏီသို့ တင်ပြတောင်းဆို၍ ပုဒ်မခွဲ(က) နှင့် (ခ) တို့တွင် ရည်ညွှန်းဖော်ပြထားသည့်ငွေကြေးအတွက် ဘဏ်လက်ခံပြေစာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်တစ်ရပ်ရပ်ပိုင်ဆိုင်မှု အထောက်အထားများကို ကြည့်ရှုခွင့်ရှိသည်။

(င) ဤပုဒ်မပါပြဋ္ဌာန်းချက်များကို သိလျက်ဖြင့် ဆန့်ကျင်ဆောင်ရွက်သော သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်ရန် ခွင့်ပြုသော သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်စေသော ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် တည်ဆဲဥပဒေအရ ချမှတ်သည့်ပြစ်ဒဏ်ကို ကျခံရမည်။

**"လီမိတက်" ဟူသော စကားရပ်ကို မလျော်မကန် သုံးစွဲမှုအတွက် ပြစ်ဒဏ်**

၄၅၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် ပုဂ္ဂိုလ်များသည် ကူးသန်းရောင်းဝယ်ခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို နောက်ဆုံးစာလုံးအဖြစ် "လီမိတက်" ဟူသော စကားရပ်ပါရှိသည့် အမည် သို့မဟုတ် ခေါင်းစဉ်တစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခဲ့လျှင် တာဝန်ကန့်သတ်ပြီး တရားဝင်ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းမဟုတ်ပါက ထိုသူ သို့မဟုတ် ထိုသူများသည်တည်ဆဲဥပဒေအရ ချမှတ်သည့် ပြစ်ဒဏ်ကို ကျခံရမည်။

**စာရင်းစာအုပ်များ၏ အချက်အလက်များကို မှားယွင်းစေရန် ပြင်ဆင်မှုများအတွက် ပြစ်မှု**

၄၅၆။ (က) ကုမ္ပဏီတစ်ခု၏ အရာရှိ၊ ယခင်က တာဝန်ထမ်းဆောင်ခဲ့သော အရာရှိ၊ ဝန်ထမ်း၊ ယခင်ကတာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်း၊ ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် ကုမ္ပဏီတွင် ယခင်က ပါဝင်ခဲ့သူတစ်ဦးဦးသည် ကုမ္ပဏီက ပိုင်ဆိုင်သည့် သို့မဟုတ် ထုတ်ဝေသည့် ငွေချေးသက်သေခံ လက်မှတ်တစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီ၏လုပ်ငန်းကိစ္စရပ်များနှင့် သက်ဆိုင်သည့် စာရင်းစာအုပ်တစ်ရပ်ရပ်၏ အချက်အလက်များကို ဖုံးကွယ်ခြင်း၊ ဖျက်ဆီးခြင်း၊ ချွတ်ယွင်းစေခြင်း သို့မဟုတ် မှားယွင်းစေရန် ပြင်ဆင်ခြင်းတို့ကို ပြုလုပ်မှုသည် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာရောက်ပြီး ဤဥပဒေအရ ပြစ်မှုမြောက်သည်။

(ခ) ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများနှင့် သက်ဆိုင်သော စာရင်းစာအုပ်များကို ထိန်းသိမ်းထားခြင်းနှင့် စပ်လျဉ်း၍ အသုံးပြုသည့် သို့မဟုတ် အသုံးပြုရန် ရည်ရွယ်ထားသည့် ကိစ္စရပ်ကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ် စက်ပစ္စည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်း တစ်မျိုးမျိုးဖြင့်ဖြစ်စေ ဖတ်ရှုရန်ခက်ခဲသည့်ပုံစံဖြင့် မှတ်တမ်းတင်ထားရှိသည့် သို့မဟုတ် ထိန်းသိမ်းထားရှိသည့်အခါ -

(၁) အရေးကြီးသည့် ကိစ္စရပ်များတွင် မှားယွင်းသည်ဟုလည်းကောင်း၊ သို့မဟုတ် လွဲမှား၍တင်ပြထားသည်ဟုလည်းကောင်းသိရှိပြီး အဆိုပါပစ္စည်းများဖြင့် ထိုကိစ္စရပ်အား မှတ်တမ်းတင်ထားရှိသူ သို့မဟုတ် ထိန်းသိမ်းထားရှိသူတစ်ဦးဦး၊

(၂) အဆိုပါပစ္စည်းဖြင့် မှတ်တမ်းတင်ထားရှိသော သို့မဟုတ် ထိန်းသိမ်းထားရှိသော ကိစ္စရပ်များ သို့မဟုတ် အဆိုပါပစ္စည်းဖြင့် မှတ်တမ်းတင်ထားရှိရမည့် သို့မဟုတ်ထိန်းသိမ်းထားရှိရမည့် အခြားကိစ္စရပ်များကို မှတ်တမ်းတင်ထားရှိရန် သို့မဟုတ် ထိန်းသိမ်းထားရှိရန် ရည်ရွယ်၍ဖြစ်စေ သို့မဟုတ် ၎င်းတို့ကို စုစည်းဆောင်ရွက်ခြင်း သို့မဟုတ် ပြန်လည်ပြုစုခြင်းတို့တွင် အသုံးပြု ရန်အတွက်ဖြစ်စေ ပြုစုဆောင်ရွက်သည့် ကိစ္စရပ်များတွင် ဖျက်ဆီး ခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် အချက်အလက်များကို မှားယွင်းစေရန် ပြင်ဆင်ခြင်းတို့ကို ဖြစ်စေသော အပြုအမူများကို ဆောင်ရွက်သူ တစ်ဦးဦး သို့မဟုတ်

(၃) အဆိုပါပစ္စည်းဖြင့် အကြောင်းကိစ္စရပ်များကို မှတ်တမ်းတင်ထားရန် သို့မဟုတ် ထိန်းသိမ်းထားရှိရန် တာဝန်ရှိပြီး ထိုသို့လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်သူ တစ်ဦးဦးသည် -

(ကက) ထိုသို့ မှတ်တမ်းတင်ထားရှိရမည့် သို့မဟုတ် ထိန်းသိမ်းထားရှိရမည့် အကြောင်းကိစ္စရပ်များမှ အချက်အလက်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မှားယွင်းစေရန် ရည်ရွယ်၍ ရေးသွင်းချက်များကို ပြုလုပ်ခြင်း သို့မဟုတ် ပြုစုခြင်း သို့မဟုတ်

(ခခ) အကြောင်းကိစ္စရပ်များကို ထိုသို့ မှတ်တမ်းတင်ထားရှိရန် သို့မဟုတ် ထိန်းသိမ်းထားရှိရန် ပျက်ကွက်ခြင်းသည် ထိုသို့ မှတ်တမ်းတင်ထားသည့် သို့မဟုတ် ထိန်းသိမ်းထားသည့် အခြားသော သီးခြားအရေးကြီးသည့် အကြောင်းကိစ္စများ တွင် မှားယွင်းစေမည်ဖြစ်ကြောင်း သို့မဟုတ် လွဲမှားစွာ တင်ပြခြင်းဖြစ်စေကြောင်း သိရှိခြင်းသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ဆောင်ရွက်ရာရောက်သည်။

(ဂ) တရားပြိုင်သည် ပြစ်မှုမြောက်သော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု ဖြစ်ပေါ်စေသည့် အခြေအနေများအားလုံးကို သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ကြောင်းနှင့် အပြစ်မှကင်းလွတ်ခွင့်ပြုသင့်ကြောင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ(ခ)အရ ဖြစ်ပေါ်လာသည့် စွဲချက်တစ်ရပ်ရပ်ကို ခုခံချေပရာရောက်သည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို ပုဒ်မ ၄၅၂ ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ ကျင့်သုံးဆောင်ရွက်ရမည်။

**အထွေထွေပြစ်မှုများ**

**အထွေထွေ ပြစ်ဒဏ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ**

၄၅၇။ (က) ကုမ္ပဏီအပါအဝင် တစ်ဦးတစ်ယောက်သည် -

(၁) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားသည့် ပြုလုပ်မှု သို့မဟုတ် အကြောင်းကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လျှင် သို့မဟုတ်

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဆောင်ရွက်ရန်လိုအပ်သည့် သို့မဟုတ် ညွှန်ကြားထားသည့်ပြုလုပ်မှု သို့မဟုတ် အကြောင်းကိစ္စ တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုလျှင် သို့မဟုတ်

(၃) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အခြားနည်းတစ်ရပ်ရပ်ဖြင့် ဆန့်ကျင် ဆောင်ရွက်လျှင်၊

ဤဥပဒေပါ အဆိုပါပြဋ္ဌာန်းချက် သို့မဟုတ် အခြားသောပြဋ္ဌာန်းချက်များကထိုသူသည် ပြစ်မှုတစ်ရပ်အရ အပြစ်မရှိကြောင်း ပေါ်ပေါက်ခဲ့ခြင်းမရှိလျှင် ဤပုဒ်မခွဲအရ ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာရောက်သည်ဟု မှတ်ယူရမည်။

(ခ) တစ်ဦးတစ်ယောက်သည် ပုဒ်မခွဲ(က)အရဖြစ်စေ၊အခြားပြဋ္ဌာန်းချက်များအရဖြစ်စေ ဤဥပဒေအရ ပြစ်မှုတစ်ရပ်နှင့်ပတ်သက်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှုနှင့် သက်ဆိုင်သည့် ပြစ်ဒဏ်ထက်မပိုသော ပြစ်ဒဏ်တစ်ရပ်ကိုကျခံရမည်။

(ဂ) ဤဥပဒေပါ သီးခြားပြဋ္ဌာန်းချက်တစ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်မှုအတွက် သက်ဆိုင်သောပြစ်ဒဏ်ကို ဤပုဒ်မမှတစ်ပါး ဤဥပဒေ၏ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်တွင် သီးခြားပြစ်ဒဏ်၊ ငွေဒဏ် သို့မဟုတ် အခြားပြစ်ဒဏ်တစ်ရပ်အဖြစ် သတ်မှတ်ဖော်ပြထားလျှင် အဆိုပါ ဆန့်ကျင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့်ပြစ်မှုအတွက် သက်ဆိုင်သည့် ပြစ်ဒဏ်သည် သီးခြားသတ်မှတ်ဖော်ပြထားသော ပြစ်ဒဏ် ဖြစ်သည်။

**စီရင်ပိုင်ခွင့်နယ်မြေအတွင်း အချို့တစ်ဝက်ကျူးလွန်ပြီး စီရင်ပိုင်ခွင့်နယ်မြေပြင်ပတွင် အချို့တစ်ဝက် ကျူးလွန်သော ပြစ်မှုများ**

၄၅၈။ အကယ်၍-

(က) တစ်ဦးတစ်ယောက်သည် တားမြစ်ထားသည့် ပြုလုပ်မှုတစ်ရပ်ကို နိုင်ငံတော်၏ ပြင်ပတွင်ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ဆောင်ရွက်ရမည့် ပြုလုပ်မှုတစ်ရပ်ကို နိုင်ငံတော်၏ ပြင်ပတွင် ပျက်ကွက်ခဲ့လျှင်၊

(ခ) အဆိုပါ ပြုလုပ်မှုအတိုင်း နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ခြင်း သို့မဟုတ် ဆောင်ရွက်ရန်ပျက်ကွက်ခဲ့ခြင်းတို့ဖြင့် ထိုသူသည် နိုင်ငံတော်အတွင်း ပြုလုပ်မှု တစ်ရပ်ကို ဆောင်ရွက်ခဲ့သကဲ့သို့ သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သကဲ့သို့ ဤဥပဒေနှင့် ဆန့်ကျင်သည့် ပြစ်မှုကိုကျူးလွန်လျှင် ထိုသူသည် အဆိုပါ ပြစ်မှု တစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ထိုက်သင့်သည်။

**ပြစ်မှုများကို ဆက်လက်ကျူးလွန်ခြင်း**

၄၅၉။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် အချိန်ကာလ အတွင်းတွင်ဖြစ်စေ၊ သတ်မှတ်ထားသည့် အချိန်ကာလမတိုင်မီတွင်ဖြစ်စေ ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ရန်လိုအပ်ပြီး အဆိုပါအချိန်ကာလအတွင်း တွင်ဖြစ်စေ၊ အဆိုပါအချိန်ကာလမတိုင်မီတွင်ဖြစ်စေ ထိုပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် ပြစ်မှုတစ်ရပ်ရပ်ဖြစ်လျှင် အဆိုပါ အချိန်ကာလအတွင်းတွင်ဖြစ်စေ၊ အဆိုပါအချိန်ကာလမတိုင်မီတွင်ဖြစ်စေ ထိုပြုလုပ်မှုကိုဆောင်ရွက်ခြင်းမပြုလျှင် အောက်ပါအတိုင်းဖြစ်ရမည်-

(၁) ပြုလုပ်မှုကို ဆောင်ရွက်ရမည့်တာဝန်ကို အဆိုပါအချိန်ကာလ ကုန်ဆုံးသွားပြီး နောက်တွင်သော်လည်းကောင်း၊ အဆိုပါ အချိန်ကျော်လွန်သွားသည့်အခါတွင် သော်လည်းကောင်း ထိုသို့ပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်မှုနှင့်စပ်လျဉ်း၍ပြစ်မှုတစ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ အဆိုပါ ပြုလုပ်မှုကို ဆောင်ရွက်ပြီးသည်အထိ ဆက်လက်ဆောင်ရွက်ရမည့်အပြင်

(၂) ပုဒ်မခွဲ(ဂ)ကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ပြုလုပ်ရန် လိုအပ်သည့် ပြုလုပ်မှု တစ်ရပ်ကို ဆောင်ရွက်ရန်အတွက် အချိန်ကာလသတ်မှတ်ထားခြင်းမရှိဘဲ ထိုပြုလုပ်မှုကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်းသည် ပြစ်မှုမြောက်ပြီး ယင်းနှင့် စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့်အခါ အောက်ပါ အတိုင်းဖြစ်ရမည် -

(၁) ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော်လည်း ပြုလုပ်မှုကို ဆောင်ရွက်ရမည့် တာဝန်ကို အဆိုပါ ပြုလုပ်မှုကို ဆောင်ရွက်ပြီးသည်အထိ ဆက်လက် ဆောင်ရွက်ရမည့်အပြင်

(၂) ပုဒ်မခွဲ(ဂ)ကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(ဂ) သတ်မှတ်ထားသည့် အချိန်ကာလ၌ ပြုလုပ်မှုအား ဆောင်ရွက်ရန် ပျက်ကွက်မှုနှင့် စပ်လျဉ်း၍ပြစ်မှုတစ်ရပ်ဖြင့် ပထမအကြိမ် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထိုအချိန်ကာလပြီးဆုံးပြီးနောက် ပြုလုပ်မှုအားဆောင်ရွက်ရန်ဆက်လက် ပျက်ကွက်နေလျှင် အောက်ပါအတိုင်းဖြစ်စေရမည် -

(၁) ပြုလုပ်မှုအား ဆောင်ရွက်ရန်ပျက်ကွက်မှုနှင့်စပ်လျဉ်း၍ ပြုလုပ်မှုကို ဆောင်ရွက်ရန်ပျက်ကွက်သည့် ကာလတစ်လျှောက် သို့မဟုတ် အဆိုပါ သတ်မှတ်ချိန်ကုန်ဆုံးပြီးနောက်ထပ်ပြစ်မှုနှင့် သက်ဆိုင်သည့်နေ့ရက်မတိုင်မီ ကာလတစ်လျှောက်အတွက် နောက်ထပ် ပြစ်မှုတစ်ရပ်ဖြင့်အပြစ်ရှိသည်၊ ၎င်းအပြင်

(၂) ဤဥပဒေနှင့် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ပါ ကိစ္စရပ်များ အတွက် အဆိုပါအချိန်ကာလအတွင်း ပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်မှုကြောင့် နောက်ထပ် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာရောက် သည်။

(ဃ) တစ်ဦးတစ်ယောက်သည် သတ်မှတ်ကာလတစ်ရပ်အတွင်း သို့မဟုတ် ထိုအချိန်ကာလ၏အပိုင်းအခြားတစ်ရပ်အတွင်း ပုဒ်မခွဲ (ဂ) အရ ပြစ်မှုတစ်ရပ်ဖြင့် အပြစ်ရှိလျှင် ထိုပြစ်မှုနှင့်သက်ဆိုင်သည့် ပြစ်ဒဏ်သည် အဆိုပါအချိန်ကာလ သို့မဟုတ် အဆိုပါ အချိန်ကာလ၏အပိုင်းအခြား တစ်ရပ်ရှိ နေ့ရက်တိုင်းစီကို တစ်ရက်လျှင် ဒဏ်ကြေးငွေကျပ်နှစ်သောင်း ငါးထောင်ကို ပေးဆောင်ရမည်။

**ခုခံချေပခြင်းနှင့် သက်သာခွင့်**

**ဒါရိုက်တာ သို့မဟုတ် အရာရှိက ခုခံချေပခြင်း**

၄၆၀။ (က) ပုဒ်မ ၄၃၅ ပါ ပြဋ္ဌာန်းချက်ကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ ဒါရိုက်တာ သို့မဟုတ် အရာရှိက အောက်ပါအတိုင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ကုမ္ပဏီ၏ ဘုတ်အဖွဲ့ကဆောင်ရွက်ရမည့် တာဝန် သို့မဟုတ် ၎င်းတို့က ဆောင်ရွက်ရမည့်တာဝန် တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် စွဲချက်တင်ထားသော ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦး အတွက် ခုခံချေပချက်တစ်ရပ်ဖြစ်သည် -

(၁) ဘုတ်အဖွဲ့က ဆောင်ရွက်ရမည့် တာဝန်နှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်တွင် ဘုတ်အဖွဲ့သည် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် သင့်လျော်သည့်ကိစ္စရပ်များ အားလုံးကို ဆောင်ရွက်ထားကြောင်း သို့မဟုတ်

(၂) ဘုတ်အဖွဲ့က ဆောင်ရွက်ရမည့်တာဝန်နှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်တွင် ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဘုတ်အဖွဲ့က ဤဥပဒေအရ သတ်မှတ်ချက်များကိုလိုက်နာဆောင်ရွက်ရန်အတွက် အဆိုပါ ဒါရိုက်တာ သို့မဟုတ် အရာရှိသည် သင့်လျော်သည့်ကိစ္စ ရပ်များအားလုံးကို ဆောင်ရွက်ထားကြောင်း သို့မဟုတ်

(၃) ဒါရိုက်တာ သို့မဟုတ် အရာရှိက ဆောင်ရွက်ရမည့်တာဝန်နှင့် စပ်လျဉ်းသည့်ပြစ်မှုတစ်ရပ်တွင် ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဤဥပဒေအရ သတ်မှတ်ချက်များကိုလိုက်နာဆောင်ရွက်ရန်အတွက် သင့်လျော်သည့်ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ထားကြောင်း သို့မဟုတ်

(၄) ဤကိစ္စရပ်တွင် ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဤဥပဒေအရ သတ်မှတ်ချက်များကို ၎င်းတို့ကိုယ်တိုင်ဖြစ်စေ၊ ဘုတ်အဖွဲ့ကဖြစ်စေ လိုက်နာဆောင်ရွက်ရန်အတွက် သင့်လျော်သည့်ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း။

(ခ) ပုဒ်မ ၄၃၅ ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ ဒါရိုက်တာ သို့မဟုတ် အရာရှိက အောက်ပါအတိုင်း သက်သေထင်ရှား တင်ပြနိုင်လျှင် ကုမ္ပဏီက ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် စွဲချက်တင်ထားသော ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးဦးအတွက် ခုခံချေပချက်တစ်ရပ်ဖြစ်သည် -

(၁) ကုမ္ပဏီသည် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် သင့်လျော်သည့်ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ထားကြောင်း သို့မဟုတ်

(၂) ဒါရိုက်တာ သို့မဟုတ် အရာရှိက ကုမ္ပဏီသည် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် သင့်လျော်သည့်ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ထားကြောင်း သို့မဟုတ်

(၃) ဤကိစ္စရပ်တွင်ဒါရိုက်တာ သို့မဟုတ် အရာရှိက ကုမ္ပဏီသည် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် အတွက်သင့်လျော်သည့်ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း။

**ဆန့်ကျင်ဆောင်ရွက်ကြောင်း မြွက်ဟကြေညာပြီးနောက် တာဝန်ရှိမှုများမှ ကင်းလွတ်ခွင့်ပြုခြင်း**

၄၆၁။ (က) ပုဒ်မ ၄၃၅ ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ ဤအပိုင်းအရပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားစွဲဆိုစစ်ဆေးမှုများအား ဆောင်ရွက်ခြင်းနှင့် တရားစွဲဆို စစ်ဆေးရာတွင် ထိုသူသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ သတ်မှတ်ဖော်ပြထားသည့် အခြား စည်းကမ်းချက်ကိုဖြစ်စေဆန့်ကျင်ဆောင်ရွက်ကြောင်း သို့မဟုတ် ဆန့်ကျင် ဆောင်ရွက်နိုင်ကြောင်း တရားရုံးကတွေ့ရှိသော်လည်း အောက်ပါကိစ္စရပ် များ ဖြစ်ပါက-

(၁) ထိုသူသည် သဘောရိုးဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့လျှင်၊ ၎င်းအပြင်

(၂) ထိုသူက ကုမ္ပဏီ၏အရာရှိ သို့မဟုတ် ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအပါအဝင် အမှုတွင်ပါရှိသည့် အကြောင်းအရာ အားလုံးတို့တွင် ထိုသူသည်ဆန့်ကျင်ဆောင်ရွက်ခြင်းအတွက် ကင်းလွတ် ခွင့်ပြုသင့်ကြောင်းတွေ့ရှိခဲ့လျှင် တရားရုံးသည် ဆန့်ကျင်ဆောင်ရွက်မှု အတွက် ထိုသူနှင့် သက်ဆိုင်မည့် သို့မဟုတ် အခြားနည်း တာဝန်ရှိနိုင်မည့် တာဝန်ရှိမှု တစ်ရပ်လုံးကိုဖြစ်စေ၊ ယင်း၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထိုသူအား ကင်းလွတ်ခွင့်ပြုနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*



# မာနတွေအားပြိုင်ကြသည့် 'ငယ်ကျွန်' ရုပ်ရှင်ဇာတ်ကား

## ယခုလ ၂၆ ရက်တွင် ရုံတင်ပြသမည်

ကိုလင်း

**မေတ္တာရောင်ပြန် ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်တင်ဆက်ရိုက်ကူးပြီး ဇာတ်လမ်း - မြိတ်တင်အောင်၊ ဇာတ်ညွှန်း - အင်ကြင်းဟန်တို့ ဖန်တီးရေးသားထားသော ဇာတ်အိမ်ကို ဒါရိုက်တာ ဝင်းထွန်းထွန်း၏ အနုပညာပြချက်များဖြင့် တွေ့မြင်ရမည့် "ငယ်ကျွန်" ရုပ်ရှင်ဇာတ်ကားကြီးကို ယခုလ ၂၆ ရက်တွင် စတင်ရုံတင်ပြသသွားမည်ဟု သိရသည်။ အဆိုပါ ဇာတ်ကားတွင် အကယ်ဒမီ လူမင်း၊ အောင်ရဲလင်း၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ရွှေမှုံရတီ၊ စုမြတ်နိုးဦးနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။**

**ဒါရိုက်တာ ဝင်းထွန်းထွန်း**

ကျွန်တော့် ဇာတ်တစ်ခုလုံး ခြုံကြည့်လိုက်ရင် သရုပ်ဆောင်တွေရဲ့အပိုင်းကအစ ပြောစရာမရှိလောက်အောင်ကို ကျွန်တော် ကျေနပ်မိပါတယ်၊ ဇာတ်ကားထဲမှာပါဝင်တဲ့ သူတွေရဲ့ ကာရိုက်တာတွေကို ဘယ်သူက ဘယ်ကာရိုက်တာနဲ့ လိုက်ဖက်တယ်ဆိုတာ ကျွန်တော်နဲ့အတူ အားလုံးဝိုင်းဝန်းကူညီတိုင်ပင်ပြီး ရွေးချယ်ခဲ့ကြတယ်၊ အဲ့ဒီလို ရွေးချယ်ခဲ့တဲ့အတိုင်းပဲ တကယ်ကို ကျေနပ်အားရမှုတွေရရှိခဲ့ပါတယ်၊ ဒီဇာတ်ကားကို စရိုက်ကတည်းက ကျွန်တော်ပင်ပန်းရကျိုးနပ်မယ့် ဇာတ်ကားတစ်ကားဖြစ်မယ်၊ ပရိသတ်အတွက်လည်း အမှန်တကယ် အားပေးမှုမျိုးရရှိမယ့် ဇာတ်ကားလို့ မျှော်လင့်ထားခဲ့ပါတယ်။

**အကယ်ဒမီ လူမင်း**

ဒီကားထဲမှာ ကျွန်တော်က 'ကျော်သာ' ဆိုတဲ့ ဇာတ်ကောင်နေရာကနေ သရုပ်ဆောင်ထားပါတယ်၊ ကျွန်တော်က ငယ်ငယ်ကတည်း ငွေကြေးပြည့်စုံတဲ့ အသိုင်းအဝိုင်းကနေ မွေးစားသားအဖြစ်နဲ့ ကျွေးမွေးစောင့်ရှောက်ပြီး ပညာလည်း ပြည့်စုံတဲ့အခါ သူတို့ရဲ့သမီးဖြစ်တဲ့ ဝတီဦး (မကြီးစိုး) ပေါ့၊ သူနဲ့ ကျွန်တော်လက်ထပ်ခဲ့တယ်၊ သူ့ကိုကျွန်တော်ကစပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ကတည်းကစပြီး သူ့ကိုချစ်တော့ သူ့ရဲ့နှိမ့်ချဆက်ဆံတာကို သားလေးတစ်ယောက်မွေးတဲ့အထိ နေထိုင်ခဲ့တယ်၊ နောက်ဆုံး ကျွန်တော်က သားရဲ့ချစ်သူ ကောင်မလေးနဲ့ ချစ်သူဖြစ်ပြီး မာနကြီးတဲ့ ဝတီဦးကို လက်တုံ့ပြန်တဲ့ပုံစံမျိုး သရုပ်ဆောင်ထားပါတယ်။

**အကယ်ဒမီ စိုးမြတ်သူဇာ**

ဒီကားကြီးက မကြီး နဂိုအတိုင်းပဲ သရုပ်ဆောင်နေကျပုံလေးပေါ့၊ အင်မတန်မာနကြီးတဲ့ ဝတီဦးဆိုတဲ့ မိန်းမတစ်ယောက်နေရာက သရုပ်ဆောင်ထားတာပါ၊ မကြီးရိုက်ချင်တဲ့ ကာရိုက်တာထဲကတစ်ခုဆိုလည်း မမှားပါဘူး၊ အတ္တကြီးပြီး ကိုယ်က လူတွေကို မတူသလို၊ မတန်သလို ဆက်ဆံတတ်တာပေါ့၊ ငယ်ငယ်ကတည်းက ကျော်သာနဲ့ လက်ထပ်တော့လည်း မိဘတွေကြောင့် ယူလိုက်ရတာ၊ သူ့ကို တစ်သက်လုံး ကိုယ့်ရဲ့ငယ်ကျွန်ဆိုပြီး စိတ်ကသတ်မှတ်ထားတာပေါ့၊ တစ်ကားလုံး ငိုရတာများတယ်၊ နောက်ပိုင်းတွေ သားဖြစ်သူ မောင်မောင် (အောင်ရဲလင်း) ကြောင့်ရော ယောက်ျားဖြစ်သူ ကျော်သာကြောင့်ပါ ကိုယ့်ရဲ့မာနတွေကို အစော်ကားခံရတာပေါ့၊ တကယ်ကို ပရိသတ်အကြိုက်တွေ့မယ့်ကားလို့ မကြီး ထင်ပါတယ်။

**အောင်ရဲလင်း**

ကျွန်တော်က ဒေါ်ဝတီဦးနဲ့ ဦးကျော်သာတို့ရဲ့တစ်ဦးတည်းသောသားနေရာကနေ သရုပ်ဆောင်ထားပါတယ်၊ အမေက မာနအလွန်ကြီးတယ်၊ အဖေက အထူးကုသမားတော်ကြီး၊ ဒါပေမယ့် အမေ့ကို သူက ချစ်ကြောက် ရိုသေနေရတဲ့ပုံပေါ့၊ မထင်မှတ်ဘဲ ကျွန်တော်က သာမန် မိန်းကလေးတစ်ယောက်နဲ့ ချစ်သူဖြစ်ခဲ့တယ်၊ ဒါကို အမေက သဘောမတူဘူး၊ ကျွန်တော်နဲ့ အဲ့ဒီကောင်မလေး တရားရုံးမှာလက်ထပ်ဖို့ လုပ်တာကို အမေက အမျိုးမျိုးကန့်ကွက်ပြီး မရရအောင်ခွဲခဲ့ကြတယ်၊ သူ့သားကို ဆင်းရဲတဲ့ သာမန် မိန်းကလေးနဲ့ ဘယ်လိုမှသဘောမတူဘူးပေါ့၊ နောက်ဆုံး ကောင်မလေးကြောင့် တစ်သက်လုံး အမေစကားကို မြေဝယ်မကျနားထောင်ခဲ့ပေမယ့် အမေကို အရွဲ့တိုက်ပြီး မိမိလုပ်ချင်တာတွေ လျှောက်လုပ်တဲ့သူအဖြစ် ပါဝင်ထားပါတယ်။

**ရွှေမှုံရတီ**

"ယိမ်း" ဆိုတဲ့ ဆင်းရဲပြီး မာနကြီးတဲ့ မိန်းကလေးတစ်ယောက်အဖြစ် သရုပ်ဆောင်ထားပါတယ်၊ ဒေါ်ဝတီဦးဆိုတဲ့ အမျိုးသမီးကို ကလဲ့စားချေချင်တဲ့စိတ်ကြောင့် ကိုယ့်ရဲ့ဘဝကို ပတ်ဝန်းကျင်ရဲ့ကဲ့ရဲ့မှုတွေ အောက်မှာထားပြီး ကလဲ့စားချေတာပေါ့နော်၊ မောင်မောင်ကို ယိမ်းက တကယ်ချစ်တယ်၊ ဒါပေမယ့် ယိမ်းနဲ့ မောင်မောင်တို့ ချစ်ခြင်းကိုခွဲခဲ့တဲ့ ဒေါ်ဝတီဦးက သူ့သားကိုတကယ်ချစ်ရင် ဒဏ်ရာတစ်ခု လုပ်ပြဆိုလို့ ကိုယ့်နဖူးကို ပုလင်းကွဲနဲ့ ခြစ်ပြခဲ့တယ်၊ ဒါပေမယ့် သူ့သားနဲ့ လုံးဝသဘောမတူဘူး၊ မတန်ဘူး ဆိုတဲ့ပုံစံနဲ့ ဆက်ဆံတာကိုခံခဲ့ရလို့ တစ်နေ့ ကိုယ့်ရှေ့မှာ ဒူးထောက်ရအောင် လုပ်မယ်ဆိုပြီး ဦးကျော်သာကို တွဲပစ်လိုက်တယ်၊ နောက်ဆုံး မောင်မောင်နဲ့ သူ့အမေ ဒေါ်ဝတီဦးတို့ ကိုယ့်ရဲ့မာနကြောင့် အသက်ပါ စွန့်လွှတ်ရတဲ့အထိ ကလဲ့စားချေခဲ့တယ်ပေါ့။

# အနုပညာနှင့် ပတ်သက်သည့် လက်မှုပညာဖြင့်သာ

## စီးပွားရေး လုပ်မယ်ဆိုသည့် သရုပ်ဆောင် ကောင်းခန့်



အနုပညာ သက်တမ်း ၁၀ နှစ်ပြည့်ခဲ့သူ သရုပ်ဆောင်ကောင်းခန့်၊ သူ့ကို ကောင်းခန့်ဟု ပရိသတ် သတိထားမိစေသော "အမေ့ချစ်သူ၊ ကျွန်တော့် ပထွေး"ဇာတ်ကားကို သရုပ်ဆောင် နန္ဒာလှိုင်နှင့် တွဲဖက်ကာ သရုပ်ဆောင်ခဲ့ပြီး အနုပညာလောကထဲကို စတင်အခြေချ ဝင်ရောက်ကာ နိုင်ငံ့အကျိုးပြု ဇာတ်ကားများစွာကို သရုပ်ဆောင်ရင်း ပရိသတ်အားပေးမှုတွေရရှိခဲ့သူ ဖြစ်သည်။ သရုပ်ဆောင်ကောင်းခန့်အနေဖြင့် အနုပညာလုပ်ဆောင်ရင်း ချစ်သူနှင့် လက်တွဲခဲ့ပြီး မိသားစုစီးပွားရေးအဖြစ် သရုပ်ဆောင်အလုပ်အပြင် Wooden DIY Products ပန်းပုပညာဖြင့် လူသုံး အိမ်သုံးပစ္စည်းများကို ကိုယ်တိုင်ပြုလုပ်ရောင်းချသွားမည်ဟု သိရသည်။

**မေး ။ ကောင်းခန့် အခု Wooden DIY Products တွေ ဖန်တီးပြီး ပြပွဲတွေ လုပ်ဖို့ရှိတယ်ဆို၊ လုပ်ဖြစ်သွားတာလေးက။**

ဖြေ ။ အရင်ကတည်းက ကျွန်တော့်အနေနဲ့ အဆောက်အအုံပုံစံတွေ ဆောက်ရတာတို့၊ အသစ်အသစ်တွေ ဖန်တီးရတာတို့ ဝါသနာပါတယ်၊ သရုပ်ဆောင်အလုပ်နဲ့ မအားတာကြောင့် အဲ့ဒီဘက်ကို လေ့လာဖို့ အားနည်းနေတာပါ၊ အခုမှ ကျွန်တော်လည်း အိမ်ထောင်လည်းကျသွားပြီး အနုပညာ အလုပ်ကလည်း အရင်လောက်မလုပ်ဖြစ်တော့ဘူးဆိုတော့ အချိန်လေးရတာနဲ့ ဒီအလုပ်လေး လုပ်ဖြစ်သွားတာပါ၊ နောက် သမီးလေးကလည်း ရှိလာပြီဆိုတော့ ကိုယ့်အတွက်ဆိုတာထက် သမီးအတွက် ရှေ့ရေးကို ကြည့်ပြီး စီးပွားရေးလုပ်မယ်ပေါ့၊ ကိုယ်တိုင်လည်း ဝါသနာပါတဲ့ အလုပ်မို့ ဒီအလုပ်လေးကို လုပ်ဖြစ်တာပါ၊ အစကတော့ သမီးကို စက္ကူလေးတွေနဲ့ အရုပ်လေးတွေ ဖန်တီးပေးဖြစ်တယ်၊ နောက်ပိုင်း Wooden DIY ကို သေချာလေ့လာဖြစ်ပြီး လုပ်ဖြစ်ခဲ့တာပါ၊ ကျွန်တော် အင်တာနက်ကနေ လေ့လာတယ်၊ စာအုပ်တွေ ကြည့်တယ်၊ နိုင်ငံခြားက Wood Art တွေ လေ့လာပြီးတော့ ကိုယ်ပိုင်စိတ်ကူးနဲ့ ဖန်တီးဖြစ်ခဲ့ပါတယ်။

**မေး ။ Arti Sans Handmade And Craft Fair ပွဲမှာ ပြသဖြစ်ခဲ့တာလေးက။**

ဖြေ ။ ပြပွဲက ဒီလ ၂၀ နဲ့ ၂၁ ရက်မှာ ပြုလုပ်တာပေါ့၊ ကျွန်တော် ပါဝင်ဖြစ်သွားတာက အရင်က ကျွန်တော့်သူငယ်ချင်းကလည်း ပန်းချီဆရာဆိုတော့ သူက ပွဲလုပ်တယ်၊ သူ့ပွဲကို ကျွန်တော်သွားရင်းနဲ့ ကျွန်တော်အခု DIY တွေ လုပ်နေတာ သူတို့တွေ့ထားတော့ ဇန်နဝါရီ ၂၀ နဲ့ ၂၁ရက်မှာ ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာမှာလုပ်မယ့် ပွဲရှိတယ်ဆိုပြီး ပြောတာကြောင့် ကျွန်တော်လည်း စိတ်ဝင်စားတာမို့ပြသဖြစ်ခဲ့တာပါ၊ ကျွန်တော့်အနေနဲ့က ဝါသနာအရပဲ လုပ်တာပါ၊ စီးပွားရေးအဖြစ်နဲ့ စလုပ်တာဆိုလည်း မမှားပါဘူး၊ ပြတဲ့အခါမှာလည်း အဓိကအသုံးပြုတာ ထင်းရှူးကို အသုံးပြုတာများပါတယ်၊ တခြားသစ်တွေလည်း တချို့အပိုင်းမှာ သုံးတာပေါ့၊ ထင်းရှူးကိုတော့ မြန်မာပြည်က ထင်းရှူးကို သုံးတာမဟုတ်ပါဘူး၊ နိုင်ငံခြားက ထင်းရှူးနဲ့လုပ်တဲ့ အသားတွေကို သုံးတယ်၊ ဘာလို့လဲဆို ကိုယ့်နိုင်ငံမှာ သစ်တောပြုန်းတီးမှုကိုလည်း ကာကွယ်တဲ့ သဘောပါ။

**မေး ။ နောက်ပိုင်းမှာ စီးပွားရေးချဲ့ထွင်သွားဖို့ရှိလား၊ သရုပ်ဆောင်ဘက်ကိုရော။**

ဖြေ ။ ဟုတ်-ရှိပါတယ်၊ နောက်ပိုင်းကို ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေအတွက် သူတို့ရဲ့လိုဂိုနဲ့ ဒီဇိုင်းတွေဆွဲပြီး အော်ဒါတွေ လက်ခံသွားဖို့ရှိပါတယ်၊ ဒီဟာနဲ့ပတ်သက်ပြီး လေ့လာချင်သူတွေရှိရင် တတ်နိုင်သမျှ မျှဝေသင်ကြားပေးသွားမယ်၊ လူငယ်တွေကို ဖိတ်ခေါ်မှာပါ၊ သရုပ်ဆောင်ပိုင်းနဲ့ ပတ်သက်ပြီးပြောရရင် ကျွန်တော်က သရုပ်ဆောင်တစ်ယောက်အဖြစ်နဲ့ ရပ်တည်လာတာလေ၊ အဲ့အလုပ်ကတော့ ဘယ်တော့မှ မစွန့်လွှတ်ပါဘူး၊ အခါအခွင့်သင့်ရင် လုပ်သွားမှာပါ၊ စီးပွားရေးလုပ်တာက သက်သက်ပါ၊ ဇာတ်ကားကို ရွေးချယ်ရိုက်တာမျိုးမဟုတ်ဘဲ ကိုယ်ကြိုက်တဲ့ကာရိုက်တာဆို ဘယ်နေရာရရ လုပ်ပါတယ်၊ ပရိသတ်အတွက် ကျွန်တော်က ဘဝဆန်တာလေးတွေပဲ ရိုက်တာများပါတယ်၊ ကျွန်တော်က အချစ်၊ အလွမ်းတွေတော့ သိပ်ပြီးအားသန်တာမျိုး မရှိပါဘူး။ **ကိုလင်း**

# Beauty Blogger နေခြည်ဦးနှင့် အလှမယ် မေမြတ်နိုးတို့ Maybelline New York Myanmar

## အစီအစဉ်ဖြင့် သွားရောက်မည်

Maybelline New York Myanmar မှ စီစဉ်မှုဖြင့် ဇန်နဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ဂျပန်နိုင်ငံ တိုကျို မြို့တွင် Gigi Hadid နှင့် တွေ့ဆုံပွဲကို မြန်မာနိုင်ငံမှ Beauty Blogger နေခြည်ဦးနှင့် အလှမယ်သရုပ်ဆောင် မေမြတ်နိုး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

"ခြည်ခြည်တို့က GI GI အလှကုန်လေးက မြန်မာပြည်ကို တရားဝင်လည်း ရောက်လာပြီ ခြည်ခြည်နဲ့ ညီမလေး မေမြတ်နိုးတို့က ဂျပန်နိုင်ငံ တိုကျိုကိုသွားပြီးတော့ Maybelline ရဲ့ပွဲကို တက်ရောက်ဖြစ်ပါမယ်၊ အာရှတစ်ခုလုံးမှာ ဂျပန်တစ်ခုထဲမှာ ပြုလုပ်တဲ့ပွဲလည်း ဖြစ်ပါတယ်၊ GI GI ကိုယ်တိုင်လည်း တက်ရောက်မယ့် ပွဲလေးဖြစ်သလို အာရှတစ်ခုလုံးမှာရှိတဲ့ နာမည်ကြီး စူပါမော်ဒယ်တွေ၊ Beauty Blogger တွေ၊ နိုင်ငံအသီးသီးကလည်း တက်ရောက်ကြမယ့်ပွဲဖြစ်ပါတယ်၊ GI GI ကိုယ်တိုင်ဒီ Product ဘာကြောင့်ထုတ်တာလဲဆိုတာ အသေးစိတ်ရှင်းလင်းမှာဖြစ်တယ်၊ အလွန်လည်း စိတ်လှုပ်ရှားနေပါတယ်"ဟု Beauty Blogger နေခြည်ဦးက ပြောသည်။ အဆိုပါ ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲတွင် Beauty Blogger နေခြည်ဦး၊ အလှမယ် သရုပ်ဆောင် မေမြတ်နိုး၊ အောင်လေးစသည်တို့က ပါဝင်ကာ GI GI ၏ EAST COAST COLLECTION အလှပြင်ဆင်ထားသည့် အကြောင်းနှင့် စပ်လျဉ်း၍ အလှအပဆိုင်ရာ ချစ်မြတ်နိုးသူများကို ပြန်လည်ဝေမျှခဲ့သည်။ **ကိုလင်း**




# ချစ်သူ အကပညာရှင်နှင့်အတူ

## အားကစားခန်းမဖွင့်လှစ်လိုက်သည့် ဂျင်းနီ

အဆိုတော် ဂျင်းနီနှင့်အတူ သူ့၏ ချစ်သူ အကပညာရှင် ဟန်ဇော်တို့နှစ်ဦး ဦးစီးပြီး ကျန်းမာရေးနှင့် ပတ်သက်သည့် အားကစားခန်းမကို ယခုလ ၂၂ ရက်မှ စတင်ကာ ဖွင့်လှစ်လိုက်ပြီဟုသိရသည်။ အဆိုပါ ခန်းမကို Artists in Motion ဟု အမည်ပေးထားပြီး နိုင်ငံတကာနည်းပြများနှင့် သင်ကြားပို့ချပေးသွားမည်ဟု သိရသည်။

"၂၁ရာစုမှာ လူတိုင်းဟာ နည်းမျိုးစုံနဲ့ရုန်းကန်နေကြရပါတယ်၊ ရုန်းကန်မှုနဲ့ အတူရောဂါဘယများဟာလည်း ရှေးယခင်ကထက် ထူပြောလာပါတယ်၊ အဲ့ဒါကြောင့် ကျန်းမာရေးကို ပိုမိုအလေးထား ဂရုစိုက်ဖို့ လိုအပ်လာပါပြီ၊ ကျန်းမာရေးကိုဂရုစိုက်ရာမှာလည်း ဖြစ်လာမှကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းက ပိုမိုထိရောက်တယ်ဆိုတာ ကမ္ဘာ့ပညာရှင်တွေက အသိအမှတ်ပြုထားကြပါတယ်၊ ဒါကြောင့်ကျန်းမာရေးအတွက် အကောင်းဆုံးကာကွယ်မှုက အားကစားလုပ်ခြင်းပါပဲ၊ အားကစားလုပ်ဖို့ဆိုရင် ဘယ်လိုမျိုး၊ ဘယ်လိုနေရာကို ရွေးချယ်ရမလဲ၊ ရွေးချယ်ဖို့ဆိုရင်တော့ ဂျင်းနီတို့ရဲ့ Artist in Motion ကိုသာ လာခဲ့လိုက်ပါ၊ ဘာလို့လဲဆိုတော့ ကချင်၊ ခုန်ချင်လား၊ Ready ပဲ၊ မြန်မာအက၊ နိုင်ငံတကာအက (Latin dance, Zumba, Bollywood dance) အစုံရှိတယ်၊ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ဖို့လား MMA(Aikido, Jujitsu, Kyokushin Karate) နဲ့ (Boxing,Kick Boxing) ဒါမှမဟုတ် ကျန်းမာရေးသီးသန့် Cardio,TRX, Yoga ကစားဦးမလား အစုံရှိတယ်လေ။

"နည်းပြတွေကတော့နိုင်ငံတကာအဆင့်မီသင်နိုင်တဲ့နည်းပြတွေ၊ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရ နည်းပြတွေက သင်မှာလေ၊ ရလာမယ့်ရလဒ်ကောင်းတွေကတော့ ပိုလို့ ကျန်းမာလာမယ်၊ ပျော်ရွှင်လာမယ်၊ အပေါင်းအသင်းအသစ်တွေ တိုးလာမယ်ပေါ့နော်၊ တခြားအကျိုးကျေးဇူးတွေကို ပြောမယုံကြုံမှသိ ဆိုသလို လာသာကစားကြည့်လိုက်ဖို့ အားလုံးကိုဖိတ်ခေါ်လိုက်တယ်နော်"ဟု အဆိုတော် ဂျင်းနီက ပြောသည်။

အဆိုပါ ခန်းမကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ AKK Shopping Center သုံးလွှာတွင် ဖွင့်လှစ်ထားပြီး မြန်မာအက၊ လက်တင်အက၊ အိန္ဒိယအက၊ ယောဂ၊ လက်ဝှေ့နှင့် အခြားအားကစားနည်းများကိုလည်း သင်ကြားပို့ချမည်ဖြစ်သည်။ **ကိုလင်း**



## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ဆယ်မန်ခန်ရဲ့ လူကြိုက်များသည့်ရုပ်ရှင် တရုတ်ပြည်တွင် ပြသခွင့်ရ



တရုတ်နိုင်ငံဟာ ဘောလိဝုဒ်ရုပ်ရှင်ကားတွေအတွက် ဈေးကွက်ကောင်းတစ်ခုဖြစ်လာတဲ့အခါ ဘောလိဝုဒ်ရုပ်ရှင်စတားတွေဟာ သူတို့ရဲ့ ရုပ်ရှင်ဇာတ်ကားတွေကို တရုတ်ပြည်မှာ ပြသခွင့်ရပြီး ဈေးကွက်ရရှိအောင် ဦးတည်လာကြပါတယ်။ အာမီယာခန်ရဲ့ Dangal ရုပ်ရှင်ကားဟာ တရုတ်နိုင်ငံမှာပြသပြီး အောင်မြင်မှုအကြီးအကျယ်ရပြီးတဲ့နောက်မှာတော့ ဘောလိဝုဒ်စတားတစ်ဦးဖြစ်တဲ့ ဆယ်မန်ခန်ဟာလည်း သူ့ရဲ့ရုပ်ရှင်ဇာတ်ကားကို တရုတ်ပြည်မှာပြသတော့မှာပဲ ဖြစ်တယ်။ ဆယ်မန်ခန်ရဲ့ အအောင်မြင်ဆုံးရုပ်ရှင်တစ်ကားဖြစ်တဲ့ Bajirangi Bhaijaan ဇာတ်ကားကို တရုတ်ပြည်မှာ ပထမဦးဆုံးပွဲဦးထွက် ပြသတော့မှာပါ။ အဲဒီရုပ်ရှင်ဇာတ်ကားနဲ့ ဆယ်မန်ခန်ဟာ ဝက်ဝက်ကွဲအောင် အောင်မြင်မှုရရှိခဲ့ပြီး တရုတ်ပြည်မှာ ပထမဦးဆုံးအကြိမ် ပြသမယ့်ကားလည်း ဖြစ်တယ်။

China's E stars ရုပ်ရှင်ကုမ္ပဏီကနေ ဆယ်မန်ခန်ရဲ့ Bajirangi Bhaijaan ရုပ်ရှင်ကားကို တရုတ်ပြည်မှာပြသမယ့်နေ့ကို ကြေညာခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မတ် ၂ရက်မှာ စတင်ပြသမှာပဲ ဖြစ်တယ်။ တရုတ်ပြည်ဈေးကွက်အတွက် အဲဒီ ရုပ်ရှင်ဇာတ်ကားပိုစတာတွေကိုလည်း ကြေညာထားတာတွေ တွေ့ရပါတယ်။ ကာဘီယာခန် ရိုက်ကူးတဲ့ Bajirangi Bhaijaan ဇာတ်ကားမှာ ဆယ်မန်ခန်၊ ကရီနာကပူးနဲ့ ကလေးသရုပ်ဆောင် Harshaali Malhotra တို့ပါဝင်သရုပ်ဆောင်ထားပါတယ်။ အိန္ဒိယမှာ မိခင်နဲ့ကွဲပြီး တစ်ယောက်တည်းကျန်ရစ် ခဲ့တဲ့ စကားမပြောတတ်သူ အသက် ၆ နှစ်အရွယ် ပါကစ္စတန်မိန်းကလေးတစ်ဦးကို နေရပ်ကို ရအောင် စုံစမ်းပြီးပြန်ပို့တဲ့ ရိုးသားတဲ့လူတစ်ဦးအဖြစ် ဆယ်မန်ခန်က ပါဝင်သရုပ်ဆောင်ထားပါတယ်။ အဲဒီဇာတ်ကားထဲမှာ ကလေးသရုပ်ဆောင်အဖြစ်သရုပ်ဆောင်ခဲ့တဲ့ Harshaali Malhotra ဟာလည်း ကလေးနဲ့မလိုက်အောင် သရုပ်ဆောင်ထားနိုင်တာကို တွေ့ရပါတယ်။ Bajirangi Bhaijaan ဇာတ်ကားကို အိန္ဒိယမှာတော့ ၂၀၁၅ ခုနှစ်မှာ ပြသခဲ့ပြီး ထင်ထားတာထက်ပိုပြီး လူကြိုက်များခဲ့တဲ့ကားလည်း ဖြစ်ပါတယ်။

The Indian Express

..................................

### အဆိုးရွားဆုံးသော ရုပ်ရှင်ဆုစာရင်းဝင်နေတဲ့ Transformers:The Last Knight




အဆိုးရွားဆုံးသောရုပ်ရှင်ဆိုပြီးဆုပေးတဲ့ ရာဇီ ဆုပေးပွဲမှာ စွန့်စားခန်းရုပ်ရှင်တစ်ကားဖြစ်တဲ့ Transformers:The Last Knight ဟာ အဆိုးရွားဆုံးသော ရုပ်ရှင်အဖြစ် ဆုရရှိလိမ့်မယ်လို့ တစ်ပြေးလျက်ရှိပါတယ်။ မနှစ်က အော်စကာဆုရှင် ဂျနီဖာလောရင့်၊ တွမ်ခရုနဲ့ ရပ်ဆယ်ခရိုးတို့လည်း အဆိုးရွားဆုံးသော သရုပ်ဆောင်စာရင်းမှာ ဆန်ခါတင်စာရင်းမှာ ထားကြပါတယ်။ ရာဇီရုပ်ရှင်ဆုပေးပွဲဆိုတာ အော်စကာ ဆုပေးပွဲကို သရော်တဲ့အနေနဲ့ အဆိုးရွားဆုံးသော ဇာတ်ကားတွေကို ဆုပေးတဲ့ ဆုပေးပွဲလည်းဖြစ်တယ်။ အဲဒီဆုပေးပွဲကို ၁၉၈၀ ပြည့်နှစ်ကတည်းက စတင်ခဲ့တာ လည်းဖြစ်တယ်။ နှစ်တစ်နှစ်အတွင်းမှာ အဆိုးရွားဆုံးသော ရုပ်ရှင်လို့သတ်မှတ်ထားတဲ့ကားတွေကို ဆုပေးတာပဲ ဖြစ်တယ်။ Transformers:The Last Knight ရုပ်ရှင်ကားဟာ အဆိုးဝါးဆုံးသော ဆုစာရင်းမှာ ရှစ်ဆုတောင် ဆန်ခါတင်စာရင်းဝင်နေပါတယ်။ အဲဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ မာခ် ဝေလ်ဘာ့ဂ်နဲ့အန်တိုနီဟော့ကင်းတို့ ကိုယ်တိုင်လည်း အဆိုးရွားဆုံးသော သရုပ်ဆောင်ဆုအဖြစ် ဆန်ခါတင်စာရင်းမှာ ပါဝင်နေပါတယ်။

Transformers:The Last Knight ဇာတ်ကားဟာ တစ်ကမ္ဘာလုံးအနှံ့ ပြသချိန်မှာတော့ ဝင်ငွေ ၆၀၅ သန်းအထိ ရရှိခဲ့တဲ့ကားလည်း ဖြစ်တယ်။ ဂျနီဖာလောရင့်ဟာလည်း Mother ဇာတ်ကားနဲ့ အဆိုးရွားဆုံးသော သရုပ်ဆောင်အဖြစ် ဆန်ခါတင်ဝင်ခဲ့တာဖြစ်ပြီး အဲဒီဇာတ်ကားပြသချိန်မှာတော့ ၄၅သန်းပဲရရှိခဲ့ပါတယ်။ တွမ်ခရုကတော့ The Mummy ဇာတ်ကားနဲ့ ဆန်ခါတင်စာရင်းဝင်တာပဲ ဖြစ်တယ်။ ရာဇီ ရုပ်ရှင်ဆုပေးပွဲမှာ ဆန်ခါတင်စာရင်းဝင်နဲ့ ဆုရရှိသူတွေကိုတော့ နိုင်ငံပေါင်း ၂၄နိုင်ငံက ရာဇီအဖွဲ့ဝင် တစ်ထောင်နီးပါးဟာအွန်လိုင်းကနေတစ်ဆင့် မဲပေးခဲ့တာပဲဖြစ်တယ်။ ရာဇီရုပ်ရှင်ထူးချွန်ဆုရရှိသူ စာရင်းကိုတော့ မတ်လ ၃ ရက်နေ့မှာ ကြေညာမှာပဲ ဖြစ်တယ်။

**ရိုက်တာ**

ချိုး

# တောင်နဝင်းဆည်နှင့် ဝဲကြီးဆည်ရေသောက်စနစ်များ ပြုပြင်ပေး

**ထီလာမောင်**



တောင်နဝင်းဆည်ရေပေးမြောင်းပြုပြင်ပြီး နွေစပါးအတွက် ရေများပေးဝေနေစဉ်။

မြန်မာနိုင်ငံသည် စပါး၊ ဝါ၊ ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲ၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ ဆေးရွက်ကြီး၊ ကြံ၊ ရော်ဘာ စသည်ဖြင့် ဒေသအလိုက်၊ ရာသီဥတုအလိုက် သီးနှံစုံ စိုက်ပျိုးသော နိုင်ငံဖြစ်သည်။ တောင်သူလယ်သမားများ သီးနှံမျိုးစုံ စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက မြန်မာတစ်နိုင်ငံလုံးတွင် ဆည်မြောင်းတာတမံများ ဆောက်လုပ်၍ စိုက်ပျိုးရေများ ပေးဝေနေသည်။ မြစ်ရေတင်စီမံကိန်းများ၊ ရေလှောင်တွင်းများ၊ မြေအောက်ရေများဖြင့်တစ်နိုင်ငံလုံး စိုက်ပျိုးသီးနှံများအတွက် စိုက်ပျိုးရေများကို နည်းမျိုးစုံဖြင့် ပေးဝေလျက်ရှိသည်။

**ပဲခူးတိုင်းဒေသကြီး**

ပဲခူးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဒုတိယစပါးကျီဖြစ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ပဲခူးတိုင်းဒေသကြီး၏ အရှေ့ခြမ်း၊ အနောက်ခြမ်းတို့တွင် ဆည်မြောင်းတာတမံများကို စီမံကိန်းချ၍ တည်ဆောက်ပေးခဲ့သည်။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်နဝင်းဆည်၊ မြောက်နဝင်းဆည်၊ ဝဲကြီးဆည်နှင့် တောင်ညိုဆည်တို့၏ ရေသောက်စနစ်များကို ခေတ်မီပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၊ (ODA)နှင့် LOAN အကူအညီ ဖွံ့ဖြိုးရေးချေးငွေများဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်လုံးလုံး ထိုဆည်လေးခုတွင် အပိုင်းလိုက် ဆောင်ရွက်နေကြသည်။

တောင်နဝင်းဆည်ကို ၁၉၈၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ၁၉၉၆ ခုနှစ်က စိုက်ပျိုးရေ ပေးဝေခဲ့သည်။ ဆည်ရေပြည့်ရေလှောင်မှုများ ဧကပေ ၂၈၇၀၀၀ ဖြစ်ပြီး ဆည်ရေသောက်ဧရိယာဧက ၆၂၅၀၀ သို့ စိုက်ပျိုးရေ ပေးဝေခဲ့သည်။ နှစ်စဉ် နွေစပါးကို ၂၀၃၁၁ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

**တောင်နဝင်းဆည်**

တောင်နဝင်းဆည်သည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ပေါက်ခေါင်းမြို့နယ် ရွာသစ်ကျေးရွာအနီးတွင် တည်ရှိသည်။ တောင်နဝင်းချောင်းကိုပိတ်၍ ဆည်ဖို့ထားသော ဆည်ဖြစ်ကာ မြေသားတမံအမျိုးအစားဖြစ်သည်။ တမံအမြင့် ၁၄၁ ပေ၊ တမံအလျား ၁၆၆၇၄ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၂၈၇၀၀၀ ရှိသည်။ ဆည်၏ရေပေးရေမြောင်းများမှာ နှစ်ကာလ ကြာမြင့်လာသလို ထိရောက်သော အထူးပြင်ဆင်ခြင်းလုပ်ငန်းများ မလုပ်နိုင်သဖြင့် တိမ်ကောပျက်စီးလာခဲ့ရာ ယခုအခါ ရေသောက်စနစ်အဆင့်မြင့်ပြုပြင်မှုများ ဆောင်ရွက်နေပြီး ဆောင်ရွက်မှုပြီးစီးပါက ယခင်နွေစပါး ၂၀၃၁၁ ဧက စိုက်ပျိုးနေရာမှ ၁၇၈၅၄ ဧက ပိုမိုစိုက်ပျိုးကာ စုစုပေါင်း ၃၈၁၆၅ ဧကအထိ တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။

**ဝဲကြီးရေလှောင်တမံ**

ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းရှိ တောင်သူလယ်သမားများ စိုက်ပျိုးထားသော သီးနှံစုံ ရေရရှိရေးအတွက် ပြည်ခရိုင် ပေါင်းတည်မြို့၌ ဝဲကြီးရေလှောင်တမံကို ၁၉၉၈ ခုနှစ်က တည်ဆောက်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ရေလှောင်တမံ၏ ရေပြည့်ရေလှောင်နိုင်မှုမှာ ဧကပေ ၂၅၂၀၀၀ ဖြစ်သည်။ ဆည်ရေသောက်ဧရိယာ ၄၈၆၉၉ ဧကကို ရေပေးဝေနိုင်သည်။

မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) အကူအညီဖြင့် ဝဲကြီးရေသောက်စနစ် ခေတ်မီပြင်ဆင်ခြင်းလုပ်ငန်းကို အပိုင်းလိုက် ပြုပြင်ဆောင်ရွက်လျက်ရှိရာ ရေပေးတူးမြောင်းများတစ်လျှောက် ချုံနွယ်ရှင်းလင်းခြင်း၊ တူးမြောင်းပုံစံကျ တူးဖော်ခြင်း၊ ကျောက်တောင်တူးဖော်ခြင်း၊ ဆလံခုတ်ခြင်း၊ အုတ်လိုင်နာစီခြင်း လုပ်ငန်းများကို စက်ယန္တရား ၄၅ စီးနှင့် လူအားဖြင့် ဆောင်ရွက်နေသည်။ ဝဲကြီးဆည်ရေသောက်တူးမြောင်းများ ပြင်ဆင်ပြီးပါက လက်ဝဲ၊ လက်ယာတူးမြောင်းဘေးရှိ ကျေးရွာအုပ်စု ၃၅ စု ကျေးရွာပေါင်း ၁၈၃ ရွာမှ တောင်သူလယ်သမား ၈၄၃၆ ဦးအတွက် ဆည်ရေအလေအလွင့် မရှိတော့ဘဲ ရေအပြည့်အဝ ရရှိတော့မည်ဖြစ်သည်။

ထို့အပြင် ဝဲကြီးဆည်ရေသောက်မှ ရေ အသုံးချသူများအသင်းကို မြန်မာနိုင်ငံတွင် ပထမဆုံးဖွဲ့စည်းခဲ့ပြီး ရေအသုံးချရေးလုပ်ငန်းများကို ဆပ်ကော်မတီအလိုက် ဆောင်ရွက်လျက်ရှိရာ ရေအလေအလွင့်မရှိဘဲ စိုက်ပျိုးသီးနှံများအတွက် ရေအလုံအလောက် ပေးဝေနိုင်တော့မည်ဖြစ်၍ ပေါင်းတည်မြို့နယ်မှတောင်သူလယ်သမားများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ ။

# တယ်လီနော၏ တစ်နိုင်ငံလုံး ဒေတာသုံးစွဲမှုတွင် ရန်ကုန်နှင့် မန္တလေးက ထိပ်ဆုံး၌ရပ်တည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

တယ်လီနောမြန်မာ၏ နှစ်ကုန်လေ့လာမှုစစ်တမ်းရလဒ်မှ ရရှိသော အချက်အလက်များအရ မြန်မာနိုင်ငံမှ ဖုန်းအသုံးပြုသူများသည် ဒေတာသုံးစွဲမှုကို ပိုမိုအကျွမ်းတဝင်ရှိလာကြောင်းနှင့် နိုင်ငံတစ်ဝန်း ဒေတာသုံးစွဲမှုစာရင်းတွင် ရန်ကုန်နှင့် မန္တလေးတို့သည် အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးထက်ပိုများပြီး ထိပ်ဆုံး၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းမှ တယ်လီနောအသုံးပြုသူ ၁၉ သန်းကျော်အနက် ရန်ကုန်မှအသုံးပြုသူများသည် ဒေတာသုံးစွဲမှုအားလုံး၏ ၃၄ ရာခိုင်နှုန်းကို အသုံးပြုထားပြီး မန္တလေးတိုင်းဒေသကြီးက ၁၇ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံး အသုံးပြုကာ ရှမ်းပြည်နယ်က ခုနစ်ရာခိုင်နှုန်းဖြင့် တတိယအများဆုံး သုံးစွဲခဲ့ကြောင်း သိရသည်။ ဆိုရှယ်မီဒီယာဖြစ်သည့် Facebook ကို သုံးစွဲမှုစာရင်းတွင်လည်း ရန်ကုန်တိုင်းဒေသကြီးသည် အသုံးပြုနှုန်း ၃၃ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးတွင်ရှိနေပြီး မန္တလေးတိုင်းဒေသကြီးက ၁၇ ရာခိုင်နှုန်းနှင့် ပဲခူးတိုင်းဒေသကြီးက ခုနစ်ရာခိုင်နှုန်း အသီးသီးရှိခဲ့ကြသည်။

"မြို့ကြီးတွေမှာ ဒေတာသုံးစွဲမှုနှုန်း ပိုများတာကို တွေ့ရပါတယ်၊ တယ်လီနောရဲ့ 3G နဲ့ 4G ကွန်ရက်တွေဟာ ရန်ကုန်တိုင်းဒေသကြီး လူဦးရေရဲ့ ၉၉ ရာခိုင်နှုန်းကို လွှမ်းခြုံထားပြီးဖြစ်လို့ ရန်ကုန်ကတော့ ဒေတာသုံးစွဲမှုမှာ ထိပ်ဆုံးကနေ ဆက်ဦးဆောင်နေမယ်လို့ မျှော်လင့်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ နိုင်ငံတစ်ဝန်းမှာ ကွန်ရက်ပိုမိုချဲ့ထွင်ဖို့၊ နောက်ပြီး အကောင်းမွန်ဆုံးဒေတာနဲ့ ဖုန်းဝန်ဆောင်မှုတွေကို ပေးအပ်နိုင်ဖို့အတွက် ဆက်လက်လုပ်ဆောင်သွားမှာဖြစ်တဲ့အတွက် ဝေးလံတဲ့ ကျေးလက်ဒေသတွေမှာ အသုံးပြုသူတွေ၊ ဒေတာအသုံးပြုမှုတွေ အနာဂတ်မှာ ပိုမိုများပြားလာမယ်လို့လည်း မျှော်မှန်းနိုင်ပါတယ်"ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေး အရာရှိချုပ် Joslin Myrthong က ပြောကြားသည်။

ရန်ကုန်နှင့် မန္တလေးမြို့များရှိ တယ်လီနောအသုံးပြုသူများသည် ဖုန်းခေါ်ဆိုမှုတွင်လည်း တစ်နိုင်ငံလုံးတွင် အမြင့်ဆုံးနေရာများ၌ ရပ်တည်နေကြောင်း တယ်လီနော၏ ၂၀၁၇ နှစ်ကုန်လေ့လာမှုစစ်တမ်းတွင် ဖော်ပြချက်အရ သိရသည်။

**သူရဖြိုး**

# ပြောင်းဈေးကောင်း၍ ပြောင်းစိုက်တောင်သူများအဆင်ပြေ

**ဆီဆိုင် ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်း စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းတိုးနေသလို ယခုနှစ် ပြောင်းဈေးမှာလည်း ဈေးကောင်းရနေ၍ ပြောင်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ဒေသခံပြောင်းစိုက်တောင်သူများထံမှ သိရသည်။

"ပြောင်းဈေးနှုန်းက မနှစ်က ဒီအချိန်ဆို တစ်ပိဿာကို ငွေကျပ် ၂၈၀ ပဲရှိတယ်၊ ဒီနှစ်မှာတော့ ၄၆၀ အထိရှိတော့ ပြောင်းစိုက်တောင်သူတွေ အဆင်ပြေကြတယ်၊ ကျွန်တော် က CP ၈၀၈ ပြောင်းမျိုး ၁၅ ဧကစိုက်ပျိုးပြီး အချိန် ၂၆၀၀၀ ရတယ်၊ မနှစ်ကဆို တစ် ဧကကို ၁၄၀၀ ဝန်းကျင်လောက်ပဲ ထွက်ပေမယ့် ဒီနှစ်က တစ်ဧကကို ၁၇၀၀၊ ၁၈၀၀ အထိ ထွက်တယ်၊ မနှစ်ကထက် လျှော့စိုက်ခဲ့ပေမယ့် အထွက်နှုန်းတိုးပြီး ဈေးကောင်းရတော့ အဆင်ပြေတယ်"ဟု ဒေသခံ ပြောင်းစိုက်တောင်သူ တစ်ဦးဖြစ်သည့် ဦးရာကုတ်က ပြောသည်။

ဟော်တောင်ကျေးရွာရှိ ပြောင်းအဝယ်ဒိုင်ဖြစ်သူ ဦးခွန်မောင်ဘိုကလည်း လက်ရှိတွင် ပြောင်းဈေးနှုန်းက နေ့စဉ်မြင့်တက်နေကြောင်း၊ မနက်တွင် ၄၆၀ ကျပ်မှ ညနေတွင် ၄၇၀ ကျပ်အထိ မြင့်တက်သည့်အခြေအနေမျိုးရှိနေသော်လည်း ရောင်းသူနည်းပါးလျက်ရှိကြောင်း ပြောသည်။



ပြောင်းပွဲရုံတစ်ခုတွင် ပြောင်းအိတ်များရောင်းချနေစဉ်

ဆီဆိုင်မြို့နယ်တွင် ပဲစင်းငုံ၊ စပါး၊ ပြောင်း၊ မြေပဲ အစရှိသော သီးနှံများကို အဓိက စိုက်ပျိုးပြီး ပြောင်းစိုက်ဧကပေါင်း တစ်သောင်းကျော်ရှိကာ ယခုနှစ်တွင် ပြောင်းသီးနှံ အထွက်နှုန်းကောင်းသလို ဈေးနှုန်းလည်းကောင်းနေ၍ ပြောင်းစိုက်တောင်သူများ အဆင်ပြေနေကြသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ဦးခိုက်ပူဇော် မဟာမကုဋရံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်

**မောင်တင်လှိုင်(ဟိုတယ်/ခရီး)**



မဟာမကုဋရံသီမှာ "ကြီးမြတ်တော်မူသော မော်တင်အစွန်း၌ တောက်ပသော ရောင်ခြည်ဖြင့် ကြည်ညိုဖွယ်အဆင်းရှိသည့်စေတီ"ဟု အဓိပ္ပာယ်ရပြီး စေတီတော်ကို ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ပေးသနားတော်မူခဲ့သော ဆံတော်ရှစ်ဆူအနက် ဆံတော်နှစ်ဆူကို ဌာပနာပြု၍ တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

**စေတီတော်တည်ထားကိုးကွယ်**

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သုံးလောကထွတ်ထား ရှင်တော်ဂေါတမမြတ်ဘုရား ဘုရားအဖြစ်သို့ ရောက်ရှိသည့်အခါက မြန်မာနိုင်ငံ ဥက္ကလာပတိုင်း အသီကဋ္ဌနမြို့သား တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ ကုန်ရောင်းကုန်ဝယ်သွားရာက ဘုရားပွင့်တော်မူခိုက်နှင့် ကြုံတွေ့သဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ဖူးမြော်ခွင့်ရရှိပြီး၊ မုတ်ကြွတ်ကျစ်တို့ကို လှူဒါန်းကာ "ဒေဝါဇိက သရဏဂုံ" ဆောက်တည်ခဲ့ကြလေသည်။

ထိုအခါ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက တဖုဿနှင့် ဘလ္လိကကုန်သည် ညီနောင်တို့အား နောင်အစဉ်သဖြင့် ကိုးကွယ်ပူဇော်နိုင်ရန်အလို့ငှာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလဆန်း ၅ ရက်နေ့တွင် ဆံတော်မြတ်ရှစ်ဆူ စွန့်ကြဲပေးအပ်ခဲ့သည်။ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ ပင့်ဆောင်လာသော ဗုဒ္ဓဆံတော်ရှင် ရှစ်ဆူအနက်မှ ဆံတော်နှစ်ဆူကို ဇေယျသေန နဂါးမင်းသည် တန်ခိုးဖြင့် ရယူခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ကုသိမနာဂရ(ပုသိမ်)တောင်ပိုင်းရှိ နဂါးရစ်မှော်ခေါ် သရနတောင်စွန်း(ဝါ)မော်တင်စွန်းတွင် မဟာ သက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ပင်လယ်တွင်းမှရရှိသော မြသားဖြင့် စိုင်တမော့အရွယ်စေတီကို တည်ထားကိုးကွယ်ခဲ့သည်။

**တစ်လတိုင်တိုင်ကျင်းပ**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ တန်ခိုးကြီး သာသနာ့သမိုင်းဝင် မဟာမကုဋရံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် လှူဒါန်းပူဇော်ပွဲကို ယခုနှစ်တွင် ဖေဖော်ဝါရီ ၁ ရက် မှ မတ် ၁ ရက်( ၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်မှ တပေါင်းလပြည့်နေ့)အထိ တစ်လတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

ဘုရားပွဲတော်၌ ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ခြင်း၊ ဆရာတော် သံဃာတော်များက အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ ပင့်သံဃာများအား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခြင်း စသည့် အစီအစဉ်များနှင့်အတူ ဇာတ်သဘင်ပွဲများ၊ စင်တင်တေးဂီတများ စသည့် ပျော်ပွဲရွှင်ပွဲများ အစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

**ဒေဝါဝင်း ရာဇာဝင်းများဖြင့် ပူဇော်**

ဖွင့်ပွဲနေ့ နံနက်အချိန်အခါ နတ်တောင် တောင်ခြေမှ ကမ်းနားသဲသောင်ပြင်တစ်လျှောက် ဖောင်တော်ဆိပ်ဘုရားအထိ ဒေဝါဝင်း ရာဇာဝင်းများဖြင့် မြတ်မော်တင်စေတီတော်အား ပူဇော်ကန်တော့သည့်မြင်ကွင်းမှာ များစွာ မင်္ဂလာရှိလှပေသည်။ သမာဓိစောင်းတန်းမှ ဆံတော်ရှင် မြတ်မော်တင်ဘုရား ရင်ပြင်ပေါ်သို့ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တက်ရောက်၍ ဆံတော်ရှင် မြတ်မော်တင်

**"ဆံတော်ရှင် မြတ်မော်တင်စေတီသည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ စေတီတစ်ဆူဖြစ်ပြီး သာသနာတော်အတွင်း ဆံတော်၊ မွေတော်၊ ဓာတ်တော်များကို ဌာပနာပြု၍ တည်ထားကိုးကွယ်ခဲ့ကြသော စေတီတော်အဆူဆူအနက် မြန်မာနိုင်ငံ၌ ပထမဆုံးတည်ထားကိုးကွယ်ခဲ့သော စေတီတော်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးကြပ်၍ ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကျင်းပပေးသော ဘုရားပွဲတော်လည်းဖြစ်သည်"**

စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကာ စေတီတော်မြတ်ကြီး၏ အင်္ဂါထောင့်တွင် ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ သစ်သီးကိုးမျိုး၊ ယိုကိုးမျိုးတို့ဖြင့် ဆက်ကပ်လှူဒါန်းကြမည်ကို ကုသိုလ်ယူနိုင်ကြပေသည်။ ဆရာတော် သံဃာတော်များက မြတ်မော်တင်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူခြင်း၊ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခြင်းအတွက်လည်း သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြပေမည်။

**ထပ်မံပြုပြင်မွမ်းမံ**

မြတ်မော်တင်စေတီတော်မြတ်ကို သာသနာတော်နှစ် ၂၀၁၀ ပြည့်နှစ်တွင် သီရိဓမ္မာသောကမင်းကြီးကလည်းကောင်း၊ သက္ကရာဇ် ၄၇၅ ခုနှစ် တပေါင်းလပြည့်နေ့တွင် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးကလည်းကောင်း ထပ်မံပြုပြင်မွမ်းမံပြီး ခုနှစ်ရက်တိုင်တိုင် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပခဲ့သည်။

မဟာမကုဋရံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီးသည် ဂေါတမမြတ်စွာဘုရားရှင်၏ ဆံတော်အစစ်နှစ်ဆူ ကိန်းဝပ်တော်မူရာ စေတီတော်မြတ်ဖြစ်သည့်အတွက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ရိုးရာဓလေ့ ထုံးတမ်းစဉ်လာနှင့်အညီ နှစ်စဉ်ပြုပြင်မွမ်းမံ၍ အစိုးရအဆက်ဆက် ကျင်းပခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

**ထေရဝါဒထွန်းကားရာနိုင်ငံ**

မြန်မာနိုင်ငံတစ်ဝန်းတွင် တန်ခိုးကြီးဘုရားများ ရှိသည့်အနက် ဆံတော်ရှင် မြတ်မော်တင်စေတီသည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ စေတီတစ်ဆူဖြစ်ပြီး သာသနာတော်အတွင်း ဆံတော်၊ မွေတော်၊ ဓာတ်တော်များကို ဌာပနာပြု၍ တည်ထားကိုးကွယ်ခဲ့ကြသော စေတီတော်အဆူဆူအနက် မြန်မာနိုင်ငံ၌ ပထမဆုံး တည်ထားကိုးကွယ်ခဲ့သော စေတီတော်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးကြပ်၍ ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကျင်းပပေးသော ဘုရားပွဲတော်လည်းဖြစ်သည်။

ဘုရားပွဲတော်ကို တစ်နှစ်လျှင်တစ်ကြိမ် တစ်လတိတိသာ ကျင်းပပြီး ရှေးယခင်က ပွင့်ခဲ့သော ဘုရားရှင်တို့၏ ဓာတ်တော်၊ မွေတော်များ တည်နေ ကိန်းဝပ်တော်မူကြောင်းကို ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့ပြီး ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ပေးခဲ့သော ဆံတော်များ တည်နေကိန်းဝပ်တော်မူရာ စေတီတော်မြတ် ဖြစ်လေသည်။ မြတ်မော်တင်စေတီတော်သို့ ဂေါတမမြတ်စွာဘုရား ကိုယ်တော်တိုင် သက်တော်ထင်ရှားရှိစဉ် နှစ်ကြိမ်တိုင်တိုင် ကြွရောက်ရာဌာနဖြစ်ကြောင်း သမိုင်းအစဉ်အလာလည်း ရှိနေသဖြင့် မြတ်မော်တင်စေတီတော်သည် မြန်မာနိုင်ငံတော်၏ အထင်ကရ ထင်ရှားသော စေတီတော်တစ်ဆူ ဖြစ်လေသည်။

**နတ်၊ နဂါး၊ ဆင်ဖြူတော်နှင့် ဝိဇ္ဇာဓိုရ်များ ကြည်ညို**

မဟာကောဇာသက္ကရာဇ် ၄၇၅ ခုနှစ် တပေါင်းလပြည့်နေ့တွင် အမြင့် သံတောင် ၂၅ ရှိ စေတီတော်အဖြစ် အလောင်းစည်သူမင်းကြီးက ထပ်မံပြုပြင်မွမ်းမံ၍ တည်ထားခဲ့ပြီးနောက် အလှူရှင်အဆက်ဆက်၏ ပြုပြင်မွမ်းမံမှုကြောင့် ယခုအခါ အမြင့် သံတောင် ၈၈ တောင်နှင့် အဝန်းမှာ သံတောင် ၁၃၆ ရှိသည်။ လူများသာမက နတ်များ၊ နတ်နဂါးများ ကြည်ညိုခဲ့သော စေတီလည်းဖြစ်ပြီး နံနက်နှင့် ညနေချမ်း အချိန်အခါများတွင် ဇေယျသေနနဂါးမင်း အမှူးပြုသော ရေနတ်နဂါးတို့သည် စေတီတော်၏ အနောက်တောင်ဘက်လမ်းမှ ဝတ္ထုပစ္စည်းများယူဆောင်ကာ ပူဇော်မှုပြုခဲ့ကြသဖြင့် ထိုလမ်းကို နဂါးလမ်းဟူ၍လည်းကောင်း၊ ဆင်ဖြူတော်တို့သည် စေတီတော်၏တောင်ဘက်အရပ်မှ တက်ရောက်ဖူးမြော်ခဲ့ကြသဖြင့် စေတီတော်၏ တောင်ဘက်လမ်းကို ဆင်ဖြူတော်လမ်းဟူ၍လည်းကောင်း၊ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်တို့သည် ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့် စေတီတော်၏ အရှေ့တောင်အရပ်မှ တက်ရောက်ဖူးမြော်ခဲ့ကြ၍ စေတီတော်၏အရှေ့တောင်လမ်းကို ဝိဇ္ဇာဓိုရ်လမ်းဟူ၍ လည်းကောင်း ခေါ်တွင်ခဲ့ကြောင်း သိရပေသည်။

**ဘုရားဖူးများစည်ကား**

ဘုရားပွဲတော်ကာလတွင် ပွဲတော်သို့သွားရောက်သည့် သဘော်များ၏ ခေါင်မိုးများပေါ်တွင် သာသနာ့အလံများ၊ ပလတ်စတစ်ပူဖောင်းများကို ဝါးခက်များဖြင့် တင့်တယ်လှပစွာ ပန်းပွားဆင်ထားတတ်သည်ကို တွေ့ရသူများသည် မြတ်မော်တင်ဘုရားပွဲတော်ကို သွားလိုစိတ်များ ပေါ်ပေါက်လာတတ်သည်။ ကျေးရွာဓလေ့ တေးသံသာများ လွှင့်ထုတ်ပေးနေသည်မှာလည်း ကြားရသူများအဖို့ ဘုရားပွဲတော်သို့ သွားလိုစိတ်များ ထပ်မံဖြစ်ပေါ်စေပါသည်။

ရန်ကုန်မြို့မှ ၂၅၈ မိုင်ကွာဝေးသော ခမောက်မှော်သို့ စက်တပ်ရေယာဉ်ကြီးများဖြင့်လည်းကောင်း၊ ပုသိမ်မြို့မှ မော်တင်စွန်းဘုရားအထိ ၁၀၁ မိုင် ၃ ဖာလုံ ခရီးကို မော်တော်ကားများဖြင့်လည်းကောင်း အလွယ်တကူ သွားလာနိုင်ပြီး ပုသိမ်မြို့မှ ၈၆ မိုင်ကွာဝေးသော ခမောက်မှော်သို့ ရေယာဉ်ကြီးများဖြင့် သွားလာနိုင်သည်။ တစ်ညအိပ် ဘုရားဖူးပြီး ပြန်လာနိုင်မည်ဖြစ်ရာ သွားရေးလာရေး အလွန်လွယ်ကူလှပေသည်။

အပြန်ခရီးတွင် ပုသိမ်၊ မြောင်းမြ၊ ဝါးခယ်မ၊ မအူပင်မြို့များသို့ ဝင်ရောက်၍ ဘုရားဖူးနိုင်သည်။ သမိုင်းဝင် ဟိုင်းကြီးကျွန်းမြို့ကိုလည်း ဝင်ရောက်လေ့လာနိုင်သည်။ ကျောက်ကလပ်သို့ စက်လှေဖြင့်လည်းကောင်း၊ ငွေတောင်ခေါ်(မြွေတောင်)သို့ မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ နွားလှည်းများ၊ ဆိုင်ကယ်များဖြင့်လည်းကောင်း၊ ခြေကျင်လျှောက်၍လည်းကောင်း သွားလာနိုင်သည်။ ရှုမျှော်၍မဆုံးသော ခရီးလမ်းတွင် ရေဝေကုန်းတန်းတစ်လျှောက် ကျောက်ဆောင် ကျောက်ကမ်းပါးများသည် လှပစွာ စီခြယ်ထားသည့်အလား မိုးကောင်းကင်၏ ပြာလဲ့သောအရောင်၊ စိမ်းမြမြပင်လယ်ရေပြင်များ၊ လှိုင်းကြက်ခွပ်သံများ၊ လှိုင်းဖြူဖြူဖွေးများ ကမ်းစပ်သို့ တလိမ့်လိမ့်တက်လာပုံများ၊ လေပြည်လေအေးများနှင့် သဘာဝရှုခင်းများကို ကြည့်ရှုခံစားနိုင်ကာ သွားရောက်လေ့လာနိုင်ကြသည်။ ငွေတောင်ရေချိုးဆိပ်တွင် ရေချိုးရသည်မှာလည်း အလွန်ပျော်စရာကောင်းလှပေသည်။ သန့်ရှင်းလတ်ဆတ်သော ပင်လယ်အစားအစာများကို စားသောက်နိုင်သည်။ အုန်းရည်ချိုချိုလေးများလည်း သောက်သုံးနိုင်သည်။ ပွဲတော်ဈေးခင်းမှာ သဲသောင်ပြင်တွင်ရှိ၍ ပင်လယ်ရေပြင်၏ အလှသဘာဝနှင့် ပဏာရ တင့်တယ်လျက်ရှိသည်။ ကျန်းမာရေးနှင့် လုံခြုံရေးကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာများက နေ့ညမပြတ် စောင့်ရှောက်ပေးထားမည်ဖြစ်သည်။

**အံ့ဖွယ် ၁၈ ပါး**

မြတ်မော်တင်စေတီတော်မြတ်ကြီးတွင် အံ့ဖွယ် (၁၈)ပါး ရှိလေသည်။

၁။ ညအခါ စေတီတော်အား တစ်ယောက်တည်း အဓိဋ္ဌာန်၍ ခုနစ်ပတ်ရစ်ပတ်ပါက ရွှေသံငွေသံကြားရခြင်း၊

၂။ ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်များ အမြောက်မိုး၊ လက်နက်မိုး၊ ဗုံးမိုး ရွာသော်လည်း ကျည်ဆန်တစ်ခုမျှ မခခြင်း၊

၃။ လပြည့် လကွယ်နေ့များတွင် ရောင်ခြည်တော်လွှတ်လေ့ရှိခြင်း၊

၄။ စေတီကုန်းနှင့် ပရိဝုဏ်တစ်ဝိုက်တွင် ရာသီပန်းများ မပြတ်ပွင့်ခြင်း၊

၅။ ညချမ်းအခါတွင် စေတီတော်ကုန်းတော်၌ အမွှေးရနံ့လှိုင်ခြင်း၊

၆။ ခေါင်းလောင်းများ လူမတီးဘဲ မြည်တတ်ခြင်း၊

၇။ ယခုထက်တိုင်ပင် ရံဖန်ရံခါ ဆွမ်းများ ဦးအောင်မတင်နိုင်ခြင်း၊

၈။ နှစ်စဉ်နှစ်တိုင်း ဘုရားပွဲတော်ဖြစ်သော်လည်း အန္တရာယ်မရှိခြင်း၊

၉။ နတ်ကျား၊ နဂါးတို့ ဘုရားဖူးလာသော်လည်း လူတို့အား ဒုက္ခမပေးခြင်း၊

၁၀။ လပြည့် လကွယ် အရုဏ်ဦးယံအချိန်များတွင် စေတီကုန်းတော်မှ မောင်းသံ၊ ဗုံသံ စသော တူရိယာအမျိုးမျိုးတို့၏အသံကို ကြားရတတ်ခြင်း၊

၁၁။ ဘေးအန္တရာယ်များကျရောက်ပါက စေတီတော်ကြီးအား အာရုံပြု၍ ရှိခိုးဆုတောင်းလိုက်သော် ဘေးအန္တရာယ်မှ ကင်းဝေးခြင်း၊

၁၂။ တပေါင်းလဘုရားပွဲတော်ကြီး ဖြစ်ခါနီးတိုင်း ကျီးအုပ်ကြီးများ၊ အမျိုးအမည်မသိသော ငှက်အုပ်ကြီးများ၊ တောင်တော်နှင့် စေတီတော်အား ရစ်ပတ်ပျံဝဲတတ်ခြင်း၊

၁၃။ ဘုရားပွဲတော်သို့ လူသိန်းသန်းချီ၍ လာရောက်သော်လည်း သောက်ရေကန်မှ ရေများမလျော့ခြင်း၊

၁၄။ ဘုရားပွဲတော်တွင် ဆွမ်းတော်တင် တောင်ပုံရာပုံ စွန့်ပစ်ထားသော်လည်း ကျီးတစ်ကောင်မျှ လာရောက်စားသောက်မှုမရှိခြင်း၊

၁၅။ ဘုရားပွဲတော်တွင် လူပေါင်းသိန်းချီ၍ ရောက်လာသော်လည်း တောင်တော်တွင် လူပြည့်သည်ဟု မရှိခြင်း၊

၁၆။ ယုံကြည်စွာဖြင့် စေတီတော်ကြီးရင်ပြင်တော်တွင် သစ္စာအဓိဋ္ဌာန်ပုတီးစိပ်ပါက ရင်ပြင်တော်မှ မြည်ဟည်းသံ ကြားရတတ်ခြင်း၊

၁၇။ နှစ်စဉ် တပေါင်းလတိုင်း အကြောင်းတစ်စုံတစ်ရာကြောင့် ဘုရားပွဲတော်မကျင်းပနိုင်ပါက တောင်တော်မြည်ဟည်းခြင်း၊

၁၈။ စေတီတော်ကို အဝေးမှမြင်ရလျှင်သော်လည်းကောင်း၊ စေတီတော်ပရိဝုဏ်သို့ ကြည်ညိုစိတ်ဖြင့် ရောက်လာသည်နှင့်လည်းကောင်း၊ ဖူးမြော်ဦးတိုက်လျှင်သော်လည်းကောင်း ကာယသုခ၊ စိတ္တသုခနှစ်ပါး ချမ်းမြေ့ရခြင်း၊

စသည့် အံ့ဖွယ်(၁၈)ပါးနှင့် ပြည့်စုံတော်မူသော စေတီတော်မြတ်ဖြစ်ခြင်းကြောင့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများ သွားရောက်ဖူးမြော်စေချင်ပါသည်။

**ဒေသန္တရဗဟုသုတ ရရှိ**

မြတ်မော်တင်စေတီကို ဖူးမြော်ရင်း ဧရာဝတီတိုင်းဒေသကြီး၏ သာယာတိုးတက်ဖွံ့ဖြိုးနေသော လုပ်ငန်းများ၊ ရေမြေတောတောင်များ၏အလှ သဘာဝရှုခင်းများ၊ အုန်းပင်များ၊ ဓနိပင်များ၊ စပါးပင်များ စသည့် စိုက်ခင်းများကို ကြည့်ရှုခံစားရင်း ဧရာဝတီမြစ်ကူးတံတားများ၊ မြန်မာနိုင်ငံ၏ အထူးစီမံကိန်းများ၊ ဟိုင်းကြီးကျွန်းဆိပ်ကမ်းရှိ များပြားလှသော ငါးဖမ်းရေယာဉ်များ၊ သာယာလှပသည့် သမိုင်းဝင် ဟိုင်းကြီးကျွန်းမြို့နှင့် စံပြရွာ၊ အဏ္ဏဝါရွာ၊ ကျောက်ချောင်းရွာ၊ ခမောက်မော်ရွာ၊ ကံချိုင်ရွာ၊ ဆီးချိုင့်ရွာတို့၏ သဘာဝအလှအပများကို တွေ့မြင်ရမည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပျူငှာနွေးထွေးစွာ ဆက်ဆံမှုများကိုလည်း ထိတွေ့ခံစားရမည့်အပြင် ဒေသန္တရဗဟုသုတများစွာ ရရှိမည်ဖြစ်ပါသည်။

စိတ်ရွှင်လန်းမှုကိုဖြစ်စေပြီး ကျန်းမာရေးကို အထောက်အပံ့ပေးသော ပင်လယ်လေကောင်းလေသန့်များကို ရှူရှိုက်ရခြင်း၊ သဲသောင်ကမ်းစပ်များပေါ်တွင် လမ်းလျှောက်ရခြင်း၊ ဒေသထွက်ကုန်ပစ္စည်းများကို အမှတ်တရ ဝယ်ယူရရှိနိုင်ခြင်းတို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှု၊ ရိုးသားမှု၊ ညှော်ဝတ်ကျေပွန်မှုတို့ကိုလည်း ထိတွေ့ခံစားနိုင်ပေသည်။

**ရွှေတိဂုံစေတီမြတ်ကြီးပုံတူ**

လက်ရှိအချိန်တွင် မြတ်မော်တင်စေတီတော်မြတ်ကြီးအား ရွှေတိဂုံစေတီတော်မြတ်ကြီး၏ပုံတူအဖြစ် ရွှေရောင်စတီးပြားများငုံကာ ပြန်လည်ပြုပြင်ဆောင်ရွက်ထားသလို စေတီတော်၏ရင်ပြင်တော်ကိုထိန်းထားသော မြေထိန်းနံရံများကို ခြံငုံကာ အဆိုပါနေရာများတွင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းများကို လူအများလာရောက်ကြည့်ရှုနိုင်မည့် ပြခန်းငယ်များကိုလည်း ဆောင်ရွက်ထားမည်ဖြစ်သည်။ စေတီတော်မြတ်ကြီး၏ ရွှေထီးတော်အသစ် တင်လှူပူဇော်ခြင်း အခမ်းအနားကိုလည်း ဖေဖော်ဝါရီ ၁ ရက်(တပို့တွဲလပြည့်ကျော် ၁ ရက်)တွင် ကျင်းပသွားမည်ဖြစ်သည်။ အရန်စေတီ ၁၆ ဆူတို့အား ရွှေသင်္ကန်းများ ကပ်လှူထားခြင်း၊ သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်ခြင်းနှင့် မုခ်ဦးများကိုလည်း အသစ်ပြန်လည်ပြုပြင်ထားခြင်းတို့ကြောင့် ဆံတော်ရှင်မြတ်မော်တင်စေတီတော်ကို အလွန်သပ္ပာယ်စွာ ဖူးမြော်ရမည်ဖြစ်သည်။

ဘုရားဖူးများ စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးမြော် ကြည်ညိုနိုင်ရန်အတွက် အဘက်ဘက်မှ ပြည့်စုံစွာ စီစဉ်ထားရှိပြီးဖြစ်ရာ ကြုံတောင့်ကြုံခဲ မဟာမကုဋရံသီ ဆံတော်ရှင် မြတ်မော်တင်စေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို သွားရောက်ဖူးမြော်ကြည်ညိုကြစေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# မိုးညှင်းမြို့၌ နားခါရပ်ကွက်ပန်းခြံကို ကိုယ့်အားကိုယ်ကိုးတည်ဆောက်လျက်ရှိ

**မိုးညှင်း ဇန်နဝါရီ ၂၃**
မိုးညှင်းမြို့ နားခါရပ်ကွက်၌ ပြည်သူများအပန်းဖြေနိုင်ရန်အတွက် ကိုယ့်အားကိုယ်ကိုး ပန်းခြံကို ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ မတည်ငွေနှင့် အလှူရှင်များ၏ ထည့်ဝင်ငွေများဖြင့် တည်ဆောက်နေကြောင်း သိရသည်။

"အခု မိုးညှင်းမြို့မှာ တိုက်တာအဆောက်အအုံတွေ ပေါလာလို့ အပန်းဖြေစရာနေရာ မရှိတော့ဘူးလေ၊ မြို့ထဲမှာ ပြည်သူတွေအနားယူဖို့အလှူရှင်တွေရဲ့အားကိုယူပြီး အပန်းဖြေနိုင်တဲ့နေရာလေးတစ်ခု ဖန်တီးပေးနေတာပါ"ဟု နားခါရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်အေးက ပြောသည်။ အဆိုပါပန်းခြံ တည်ဆောက်ရာတွင် မြို့နယ်စည်ပင်၏ဘတ်ဂျက်ကို အသုံးမပြုဘဲ နားခါရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်အေးက ငွေကျပ်သိန်း ၄၀ ကျော် မတည်၍ မိုးညှင်းမြို့ပေါ်ရှိ အလှူရှင်များ၏ ထည့်ဝင်ငွေဖြင့်သာ တည်ဆောက်နေကြောင်း သိရသည်။

ပန်းခြံကို 'နားခါရပ်ကွက်ပန်းခြံ'ဟု အမည်ပေးထားပြီး မိုးညှင်းမြို့အလယ်တွင် ဖြတ်သန်းစီးဆင်းနေသော နန့်ရင်းချောင်းဘေး ရေတိုက်စားခဲ့သည့်ကမ်းပါးကို အာရ်စီကွန်ကရစ်ကျောက်ခွေများဖြင့် ကာရံကာ တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ပန်းခြံထဲတွင် ပြည်သူများ အပန်းဖြေရုံသာမက ကိုယ်လက်လေ့ကျင့်ခန်းများ ပြုလုပ်နိုင်စေရန် အားကစားပစ္စည်းများလည်း ထားရှိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုတည်ဆောက်မှုက ၆၀ ရာခိုင်နှုန်းပဲ ပြီးပါသေးတယ်၊ မြို့ပေါ်ကအလှူရှင်တွေရဲ့အလှူငွေကျပ်သိန်း ၂၀၀ ကျော်ကို အသုံးပြုထားပါတယ်၊ အားလုံးပြီးစီးသည်အထိဆိုရင်တော့ နောက်ထပ် ငွေကျပ်သိန်း ၁၀၀ လောက် ကုန်ဦးမယ်လို့ ခန့်မှန်းထားပါတယ်၊ ဒီပန်းခြံပြီးသွားရင် မိုးညှင်းမြို့မှာ မီးဘေးအန္တရာယ်တွေ တွေ့ကြုံလာရင်လည်း ကယ်ဆယ်ရေးစခန်းအနေနဲ့ ကူညီနိုင်တဲ့နေရာတစ်ခုလည်း ဖြစ်လာမယ်"ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောသည်။

မိုးညှင်းမြို့ပေါ်၌ လက်ရှိအချိန်တွင် ပြည်သူများ အပန်းဖြေရန်အတွက် အောင်သပြေ(၃)ရပ်ကွက်၌ မိုးညှင်းမြို့နယ်စည်ပင်သာယာအဖွဲ့ပိုင် ပန်းခြံတစ်ခုသာရှိရာ ယခုတည်ဆောက်နေသော နားခါရပ်ကွက်ပန်းခြံ ပြီးစီးပါက ပြည်သူများ အပန်းဖြေနိုင်မည့်နေရာသစ်တစ်ခု ထပ်တိုးလာတော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး(EPN)**




## သတင်းတိုများ

### ထူးချွန်အားကစားသမားများအား ဂုဏ်ပြုပွဲကျင်းပ

၂၀၁၇-၂၀၁၈ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၀အောက် ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် သိုင်းပြိုင်ပွဲတို့တွင် အောင်ပွဲရခဲ့သည့် ညောင်ရွှေမြို့နယ်မှ အားကစားသမားများနှင့် ထူးချွန်အားကစားသမားများအား ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးတို့က ဂုဏ်ပြုစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် တာဝန်ရှိသူများက အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၀ အောက် ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတို့တွင် ညောင်ရွှေမြို့နယ်မှအသင်းများက ပထမဆုများကို ဆွတ်ခူးရယူနိုင်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အန္တရာယ်ရှိသည့် တိမ်းစောင်းနေသောခါတ်တိုင်ကိုပြန်လည်တည့်မတ်ပေး

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရန်မျိုးအောင်ရပ်ကွက်အတွင်းရှိ လိုင်းပေါင်းစုံကားဝင်းဟောင်း အရှေ့ဘက်ခြမ်းမှ တိမ်းစောင်းနေသောခါတ်တိုင်ကို ပြည်သူများ အန္တရာယ်ကင်းစေရန် ဇန်နဝါရီ ၁၈ ရက်က ပြန်လည်တည့်မတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ အဆိုပါ ကားဝင်းဟောင်းအတွင်း အနယ်နယ်အရပ်ရပ်သို့ ပြေးဆွဲနေသော ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းများ တည်ရှိနေပြီး ခါတ်တိုင်မှာ တိမ်းစောင်းကာ ပြိုလဲကျမည့်ပုံစံအထိ ဖြစ်ပေါ်နေသောကြောင့် မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်ဒုတိယလျှပ်စစ်မန်နေဂျာ ဦးဇော်ဝင်းနိုင်နှင့် ဝန်ထမ်းများက ခါတ်တိုင်ကိုပြန်လည်တည့်မတ်ကာ အန္တရာယ်ကင်းဝေးစေရန် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

### ယာဉ်အန္တရာယ်ကင်းရေးနှင့် မူခင်းကျဆင်းရေး ပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများအား ယာဉ်အန္တရာယ်ကင်းရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ တတိယပတ်အတွင်းက ပြုလုပ်ခဲ့ရာ မကွေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေတင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိလိုက်နာရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းနှင့် သက်ငယ်မုဒိမ်းမှုကြိုတင်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို မူခင်းဖြစ်စဉ်သရုပ်ပြဗီဒီယိုများ ပြသ၍ ရှင်းလင်းဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ **စစ်ကြည်(စလင်း)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျောင်းကုန်း ဇန်နဝါရီ ၂၃**
ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်း ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇန်နဝါရီ ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

တာဝန်ရှိသူများသည် တံခွန်တိုင်အခြေခံပညာအထက်တန်းကျောင်း၌ Emerald Delta ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေသော အလျား ပေ ၉၀၊ အနံ ပေ ၃၀ ရှိ ကျောင်းဆောင်ဆောက်လုပ်နေမှုကို သွားရောက်စစ်ဆေးခဲ့သည်။ ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့သည် ကျောင်းကုန်းမြို့နယ် သဲကုန်-ညောင်ခြေထောက် ရေသွယ်မြောင်းတူးဖော်ခြင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုခဲ့ကြပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းမော်က ရှင်းလင်းတင်ပြသည်။ အဆိုပါရေသွယ်မြောင်းသည် အလျား ၅ ဒသမ ၆ မိုင်၊ မြောင်းမျက်နှာပြင်အကျယ် ပေ ၃၀ ၊ မြောင်းအောက်ခြေအကျယ် ၁၆ ပေ၊ ပျမ်းမျှအနက် ၇ ပေရှိပြီး အဆိုပါရေသွယ်မြောင်းကြောင့် ဒေသတွင်းမှ တောင်သူများ၏ စိုက်ပျိုးမြေဧရိယာ ၃၆၀၀ ဧကကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## လောင်းရှည်မြို့ရှိ မြို့ရှင်ကြီးရေကန် ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်

**ဆော ဇန်နဝါရီ ၂၃**
မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်းရှိ လောင်းရှည်မြို့မှာ ယခုအခါတွင် ဆောမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာအဆင့်သာ ရှိနေသော်လည်း ရှေးမြန်မာမင်းများလက်ထက်က မြို့တစ်မြို့ဖြစ်ခဲ့ရာ အဆိုပါမြို့တည်စဉ်က ပါဝင်ခဲ့သည့် နတ်နန်း၊ နတ်စင်များကို ပြုပြင်ထိန်းသိမ်းလျက်ရှိကြသည့်အပြင် မြို့ရှင်ကြီးရေကန် ပြုပြင်ခြင်းလုပ်ငန်းကိုလည်း ဇန်နဝါရီ ၂၀ ရက်မှစ၍ ဆောင်ရွက်နေကြောင်း သိရသည်။

"မြို့တည်မှတ်တမ်းအရ ကန်သုံးချက်ဆိုတာမှာ အခုမြို့ရှင်ကြီးရေကန်ပဲ ကျန်တော့တယ်၊ ရေကန်ထဲက ရေဟောင်းတွေကို မြောင်းသွယ်ပြီး စတင်ထုတ်ပါတယ်၊ ရေကန်ပတ်လည် အကျယ်က ပေ ၃၀၀ ကျော်ရှိပါတယ်၊ စေတနာရှင်များရဲ့အားနဲ့ ဆောင်ရွက်တာပါ၊ လုပ်ငန်းအားလုံးပြီးရင် စလင်းချောင်းကနေ ရေဖြည့်ပါမယ်၊ ရေကန်နားက ကျည်းသားပင်အိုကြီးတွေမှာလည်း သစ်ခွပန်းပင်တွေကပ်ပြီး ပျိုးထောင်ပါတယ်၊ ကုသိုလ်ပါဝင်လိုသူများ ဖုန်း-၀၉-၂၅၆၅၇၉၆၇၁ ကို ဆက်သွယ်နိုင်ပါတယ်"ဟု သမိုင်းသုတေသီတစ်ဦးဖြစ်သူ ဦးစောမင်းနိုင်က ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ လောင်းရှည်မြို့ကို ကောဇာသက္ကရာဇ် ၃၈၀ ပြည့်နှစ် ကဆုန်လပြည့်တနင်္ဂနွေနေ့တွင် နက္ခတ်ကိုးလုံးနှင့်ယှဉ်လျက် အမတ်သိဋ္ဌည်းနှင့် အဘယတေဇဘွဲ့ခံ မြို့သူကြီးကောတို့က လောင်းရှည်မြို့အဖြစ် တည်ထောင်သတ်မှတ်ခဲ့ကြောင်း သမိုင်းမှတ်တမ်းတွင် ဖော်ပြထားသည်။ ထို့ကြောင့် ယခုအခါ လောင်းရှည်မြို့တည်နှစ် ၁၀၀၀ ပြည့်ပွဲ ကျင်းပနိုင်ရန် ဒေသနေပြည်သူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၁၀၁**

## လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းပြီးစီးမှုကို လူထုက စစ်ဆေး၍ အတည်ပြု



**ကျောက်တန်း ဇန်နဝါရီ ၂၃**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်းကို ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများတွင် ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များနှင့် ကျေးရွာနေပြည်သူများ ကိုယ်တိုင် အကောင်အထည်ဖော်လျက်ရှိရာ ချောင်းစောက်ကျေးရွာတွင် အရှည်ပေ ၅၇၀၊ အကျယ် ၈ ပေရှိ ကွန်ကရစ်လမ်းနှင့် အရှည် ၅၂၅ ပေ၊ အကျယ် ၄ ပေရှိ ကွန်ကရစ်လမ်း နှစ်လမ်းကို စီမံကိန်းမှထောက်ပံ့ငွေ ကျပ် ၁၀၆ သိန်းကျော်နှင့် လူထုမှ လုပ်အားထည့်ဝင်မှုဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည်။

အဆိုပါလုပ်ငန်းပြီးစီးမှုနှင့်ပတ်သက်၍ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များက စာရင်းများရှင်းလင်းတင်ပြခြင်းကို ဇန်နဝါရီ တတိယပတ်အတွင်းက ကျေးရွာရှိ လူထုစစ်ဆေးပွဲမဏ္ဍပ်၌ ပြုလုပ်ခဲ့ပြီး ကျေးရွာလူထုက လုပ်ငန်းပြီးစီးမှုကို စစ်ဆေးကာ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ရလဒ်အပေါ်တွင် စိတ်ကျေနပ်မှုရှိကြောင်း ဆန္ဒမဲပေး၍ အတည်ပြုခဲ့ကြသည်။

**စိုးဝင်း(ကျောက်တန်း)**

## အရစ်ကျငွေချေစနစ်ဖြင့် လယ်ယာသုံးစက်ပစ္စည်းများ ရောင်းချပေး

**မိုင်းကိုင် ဇန်နဝါရီ ၂၃**
ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် သမဝါယမဦးစီးဌာနနှင့် ရွက်သစ် လယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းတို့ ပူးပေါင်း၍ မိုင်းကိုင်မြို့နယ်အတွင်းရှိ သမဝါယမအသင်းသား တောင်သူများထံသို့ လယ်ယာသုံးစက်ပစ္စည်းများကို အရစ်ကျငွေပေးချေစနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ အရစ်ကျရောင်းသည့် စက်ပစ္စည်းကိရိယာများ ပေးအပ်ပွဲကို ဇန်နဝါရီ ၂၂ ရက်က ဆင်မြောက်ကျေးရွာအုပ်စု လွယ်လိုင်ကျေးရွာ၌ ကျင်းပခဲ့သည်။

လယ်ယာသုံးစက်ပစ္စည်းများ ပေးအပ်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုလတ်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးသိန်းညွန့်နှင့် ဝန်ထမ်းများ၊ ရွက်သစ် လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌ ဦးကျော်ဦးနှင့် တာဝန်ရှိသူများ၊ သမဝါယမအသင်းသားများ တက်ရောက်ခဲ့ကြပြီး Good Brother ကုမ္ပဏီမှထုတ်လုပ်သော လယ်ယာသုံး လက်တွန်း ထွန်စက်နှင့် ထော်လာဂျီ (အသေး) များ စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၄၂ သိန်းကျော်ကို အရစ်ကျငွေပေးချေစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။ မိုင်းကိုင်မြို့နယ်၌ မြို့နယ်သမဝါယမဦးစီးဌာနနှင့် ရွက်သစ် လယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းတို့ပူးပေါင်း၍ တောင်သူများအတွက် လယ်ယာလုပ်ငန်းခွင်သုံး စက်ပစ္စည်းများကို ကျေးရွာအရောက် အရစ်ကျစနစ်ဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

## တန်ဖိုးမြှင့်စားသောက်ကုန် ပြုလုပ်သည့် နည်းပညာပံ့ပိုးခြင်း သင်တန်းဆင်း

**ဟားခါး ဇန်နဝါရီ ၂၃**
ချင်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနတို့ ပူးပေါင်း၍ ဟားခါးမြို့၌ ဖွင့်လှစ်ခဲ့သည့် ဝဥ၊ စပျစ်၊ ကော်ဖီနှင့် ချင်းတို့မှ တန်ဖိုးမြှင့်စားသောက်ကုန်(Value Added Products)များ ထုတ်လုပ်သည့် နည်းပညာပံ့ပိုးခြင်း သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၀ ရက်က ဟားခါးမြို့မြို့တော်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က သင်တန်းသားများအနေဖြင့် ယခုဖွင့်လှစ်ခဲ့သည့်သင်တန်းမှ သင်ကြားပေးသည့် နည်းပညာရပ်များကို လက်တွေ့နယ်ပယ်တွင်အသုံးချပြီး ပြည်နယ်၏ထုတ်ကုန်များ ဖြစ်လာစေရန်နှင့် တစ်နိုင်တစ်ပိုင်မှ ပြည်တွင်းပြည်ပအထိ တင်ပို့နိုင်သည့်တိုင်အောင် ကြိုးစားအသုံးချသွားကြရန် အမှာစကားပြောကြားကာ သင်တန်းနည်းပြဆရာ ပညာရှင်နှစ်ဦးအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။ ထို့နောက် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်းက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ သင်တန်းကို ဇန်နဝါရီ ၁၆ မှ ၂၀ အထိ ငါးရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၄၅ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

# အထူးကျေးဇူးတင်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ မြန်မာ-ထိုင်းချစ်ကြည်ရေး မြန်မာအလှူရှင်များနှင့် ထိုင်းနိုင်ငံဓမ္မကာယဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပပြုလုပ်သော သံဃာတော်အပါး ၂၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ၂၁-၁-၂၀၁၈ ရက်(တနင်္ဂနွေနေ့)တွင် အောင်မြင်ခမ်းနားစည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအခမ်းအနားအတွက် အဘက်ဘက်မှ စိတ်ရောကိုယ်ပါ အားတက်သရော ဝိုင်းဝန်းကူညီဆောင်ရွက်ပြီး အလှူငွေ/ပစ္စည်းများ ပါဝင်လှူဒါန်းပေးခဲ့သော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများအားလုံးကိုလည်းကောင်း၊ အခမ်းအနားကျင်းပရေးကော်မတီဝင်များ အားလုံးကိုလည်းကောင်း၊ အလှူရှင်များအားလုံးကိုလည်းကောင်း၊ ပရဟိတနှင့် လူမှုရေးအသင်းအဖွဲ့များအားလုံးကိုလည်းကောင်း၊ မန္တလေးမြို့တော်သူ၊ မြို့တော်သားများအားလုံးကိုလည်းကောင်း၊ အနယ်နယ်ရပ်ရပ်မှ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော ဧည့်သည်တော်များအားလုံးကိုလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

# အခွန်တာဝန်ကျေပွန်သည့် အခွန်ထမ်းပြည်သူများသို့ကျေးဇူးတင်လွှာ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့် မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များ၏ စာရင်းကိုထုတ်ပြန်ခဲ့ပြီး ယင်းတို့အနက် အခွန်အများဆုံးပေးဆောင်သူ ၅၀ ဦး၏ စာရင်းအား နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ဘဏ္ဍာငွေအတွက် အခွန်တာဝန်ကျေပွန်ခဲ့သော ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အခွန်ထမ်းပြည်သူများ အားလုံးအား ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အထူးလှိုက်လှဲစွာ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ထို့ပြင်မိမိတို့၏စီးပွားရေး လုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်ပြီး နောင်လာမည့်နှစ်များတွင်လည်း အခွန်တာဝန် ဆက်လက်ကျေပွန်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အနုပညာဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနပိုင် အောက်ဖော်ပြပါအဆောက်အအုံအား ငှားရမ်းခြင်းအတွက် ဈေးပြိုင် ပေးသွင်းသူများအား ဖိတ်ခေါ်အပ်ပါသည်-

(က) ဗဟန်းမြို့နယ်၊ အမှတ်(၈) ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ယခင် ပန်းချီ၊ ပန်းပုကျောင်းဟောင်းရှိ အဆောက်အအုံ(၂)လုံး

(ခ) ကမ္ဘာ့ဇရိပ်သာ (ချင်းချောင်းနန်းတော်) (အလျား ၃၀× အနံ ၃၀× အမြင့် ၁၂)ပေရှိ ပန်းပုဆောင်ဟောင်းမြေနေရာ

(ဂ) အမျိုးသားဇာတ်ရုံ(ရန်ကုန်)၊ အရှေ့မျက်နှာစာ၊ ပေ(၅၀×၇၀) သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံ

(ဃ) ကမ္ဘာ့ဇရိပ်သာ (ချင်းချောင်းနန်းတော်) (မြေညီထပ်နှင့် ပထမထပ်)

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၁-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်** - ၉-၂-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်** - ထပ်မံအကြောင်းကြားပါမည်။
**တင်ဒါပုံစံရောင်းချမည့်နေရာ** - အမျိုးသားဇာတ်ရုံ(ရန်ကုန်)
**တင်ဒါတင်သွင်းရန်နေရာ** - အမျိုးသားဇာတ်ရုံ(ရန်ကုန်)၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

တင်ဒါပုံစံ(က)၊ (ခ) (၁)စောင်အတွက် ကျသင့်တန်ဖိုး -၂၀၀၀/ကျပ်
တင်ဒါပုံစံ(ဂ) (၁)စောင်အတွက် ကျသင့်တန်ဖိုး -၅၀၀၀/ကျပ်
တင်ဒါပုံစံ(ဃ) (၁)စောင်အတွက် ကျသင့်တန်ဖိုး -၁၀၀၀၀/ကျပ်

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့်အချက်များ အသေးစိတ်သိရှိလိုပါက အနုပညာဦးစီးဌာန ဆက်သွယ်ရန် ဖုန်း-၀၁-၃၈၂၄၈၉ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ဟသ်ာတမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟသ်ာတမြို့ ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသော လူနာများအား ကုသပေးနိုင်ရန်လိုအပ်သော ဆေးဝါးများ၊ ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ (FDAအသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၂-၁-၂၀၁၈ရက်(တနင်္လာနေ့)
**တင်ဒါပိတ်ရက်** - ၉-၂-၂၀၁၈ရက်(သောကြာနေ့) ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက် အသေးစိတ်အချက်အလက်အား သိရှိလိုပါက အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံးခန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့၊ ဟသ်ာတမြို့**
**ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး**
**ဖုန်း-၀၄၄-၂၀၂၁၀၉၆**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ စစ်ကိုင်း(၃၁)လမ်း၊ အမှတ် (၅၄၅) ဒေါ်ရင်ရင်ချို ပိုင်မြေပေါ်တွင် ဆောက်လုပ်ထားသော S.M Construction ပိုင်ဆိုင်သောတိုက်ခန်း ဒုတိယထပ်(ခြေရင်း)နှင့် တတိယထပ်(ခြေရင်း)ခန်းအား ဒေါ်ကေသီလှ ၁၂/ဒဂန(နိုင်)၀၁၅၁၇ ထံမှ ကျွန်မဒေါ်ခင်အေးဝင်း၊ ဒေါ်လှလှဝင်းတို့သည် အရစ်ကျစနစ်ဖြင့် ငွေအကျေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ကျွန်မတို့ပိုင်ဆိုင်သော တိုက်ခန်းများကို ကျွန်မတို့၏ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ရောင်း/ဝယ်/ငှား ရမ်း/ပေါင်နှံခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့သည်ရှိသော် တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်အေးဝင်း ဖုန်း-၀၉-၂၅၀၃၅၈၉၇၁၊**
**ဒေါ်လှလှဝင်း ဖုန်း-၀၉-၇၇၁၂၄၁၀၉၁၊ ၀၉-၄၂၃၆၃၅၁၃၂**

## အများသိစေရန်ကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ တနိုင်းမြို့နယ်၊ ပုန်ခုန်းရပ်ကွက်၊ အမှတ် (၁၀)၊ ဦးပိုင်အမှတ် (၄)၊ စကေး ၆၄"ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခေါင်နော ၁/တနန(နိုင်) ၀၀၇၅၆၉ နှင့် ခင်ပွန်း ဦးရှိန်နောင်ဇော်တူး ၁/တနန(နိုင်)၀၀၁၉၄၃ တို့ ကြိုးစားရှာဖွေဝယ်ယူထားသော အိမ်မြေဖြစ်ပါသည်။ ဦးရှိန်နောင်ဇော်တူး ကွယ်လွန်သွားပြီးနောက် ၎င်းအိမ်မြေကို ဒေါ်ခေါင်နော တစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း ခိုင်ခန့်သည့် ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများအားလုံး လက်ဝယ်ရှိနေရုံသာမက လက်ရှိနေထိုင်လျက်ရှိပါသည်။ ထို့ကြောင့် ၎င်းမြေကို ဒေါ်ခေါင်နောမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းပြုလုပ်ခွင့်မရှိကြောင်းနှင့် ဒေါ်ခေါင်နော တစ်ဦးတည်းသာလျှင် ၎င်းအိမ်မြေကို တရားဝင်ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခေါင်နော၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ် HP ဆိုင်းပန်**
**MPA, LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၃၉)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၆)၊ အကွက်အမှတ်(ရေကန်ကွက်)၊ ဦးပိုင်အမှတ် ၃၃၊ မြေချိန်ဧရိယာ ၀ဒသမ ၀၉၄ဧက၊ မြေဂရန်အမှတ်တွဲအမှတ် ၈၂၄-၅/၂၀၀၂/၀၃(အေ)ဖြင့် ဦးမောင်ဆန်းမှ အမည်ပေါက်ပိုင်ဆိုင်ပြီး ဦးမောင်ဆန်းသည် ၂၄-၉-၂၀၀၃ ရက်တွင် လည်းကောင်း၊ ၎င်း၏ဇနီး ဒေါ်ပန်စောသည်လည်း ၁၉-၁၁-၂၀၀၃ရက်တွင်လည်းကောင်း ကွယ်လွန်သွားပြီး ၎င်းတို့၏သမီးကြီးဖြစ်သူ ဒေါ်နန်းစောမြင့်သည်လည်း ၁၉-၈-၂၀၀၂ ရက်တွင် အပျိုကြီးဘဝဖြင့်ပင် ကွယ်လွန်ပြီးဖြစ်ပါသည်။ ကျန်ရစ်သူ သား/သမီးငါးဦး ဖြစ်သည့် ဒေါ်အေးခမ်း ၁၃/လရန(နိုင်)၀၂၈၂၇၆၊ ဒေါ်အေးခွမ် ၁၃/လရန(နိုင်)၀၀၁၆၂၈၊ ဒေါ်အေးမွန် ၁၃/လရန(နိုင်)၀၀၂၅၈၁၊ မအေးဆု ၁၃/လရန(နိုင်)၀၀၂၅၈၂၊ စိုင်းဆိုင်ဟွမ် ၁၃/လရန(နိုင်)၁၃၁၆၂၇တို့မှာ ဦးမောင်ဆန်း အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၁၄I/၂၀၀၄)အရ စာချုပ်ချုပ်ဆိုပြီး ဖြစ်၍ ၎င်းတို့ငါးဦးအနေဖြင့် မြေငှားဂရန်အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည် ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ စာရွက်စာတမ်းပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလအိမ်ရာ၊ တိုက်အမှတ်(A)၊ အခန်းအမှတ်(၃၀၁)၏ တိုက်ခန်းအမည်ပေါက်မှာ ဒေါ်ခင်စိုး ၁၃/လလန(နိုင်)၀၄၄၈၅၀ ဖြစ်ပါသည်။ အဆိုပါအခန်းအမည်ပေါက်ထံမှ ဦးတင်ကြိုင် ၁၂/စခန(နိုင်)၀၄၈၈၄၃ က အရောင်းအဝယ်စာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူပြီး ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ(၂)၊ နေပြည်တော်သို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)**
**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/9015 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## အမည်ပြောင်း

ရပ်စောက်မြို့နယ်၊ ရတနာပုံကျေးရွာ(န)၊ အထက၊ စတုတ္ထတန်းမှ မောင်ကြယ်စင်လင်းလက်အား ယနေ့မှစ၍ မောင်ဟိန်းဆက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းဆက်နိုင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)မှ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းအတွက် လိုအပ်သောလမ်းခင်းပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပေးသွင်းလိုသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါ လျှောက်လွှာပုံစံများကို ၂၃-၁-၂၀၁၈ရက်မှစ၍ ဒုညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၄)၊ အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၅-၁-၂၀၁၈ ရက်၊ ၁၆:၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၆-၁-၂၀၁၈ ရက်၊ ၁၀:၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ဒုညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၄)၊ လမ်းလုပ်ငန်းစခန်းရုံး၊ ဘိုကလေးမြို့နယ်

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၁-၃၆၄၅၀၄၆**

## ရောင်းမည်

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ကုန်သည်လမ်းမပေါ်၊ လမ်းမကြီးနှင့် နီးကပ်သောနေရာတွင်ရှိ၊ လူစည်ကားပြီး စီးပွားရေးအချက်အချာကျသောနေရာတွင်ရှိ သုံးထပ်ခွဲ RC တိုက်သစ်(၁၅×၄၅)ပေအား ညှိနှိုင်းဈေးဖြင့် ရောင်းမည်။

**ဆက်သွယ်ရန်-ဖုန်း-၀၉-၄၀၂၃၂၃၂၂၈၊ ၀၉-၄၀၁၄၂၄၄၃၉**

## ၁၄-၁-၂၀၁၈ရက်ထုတ်ကြေးမုံသတင်းစာ၊ စာ-၃၀နှင့် ၁၇-၁-၂၀၁၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာ-၂၇ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝင်းဝင်းခိုင်၏ အများသိစေရန် ကြေညာချက်များနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သုရဿတီလမ်း၊ အမှတ် ၉၃ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် (၇/ဒ[၃])၊ မြေကွက်ပေါ်တွင် ကျွန်ုပ်၏အမှုသည် ဦးမျိုးမင်းသူမှ (MMC Construction)မှ ကန်ထရိုက်တာအဖြစ် တာဝန်ယူကာ ၂ခန်းတွဲ(၈)ထပ်တိုက်အား ဆောက်လုပ်ခဲ့ရာ၌အဆိုပါ ကန်ထရိုက်တိုက်သည် ၁၀၀%ဆောက်လုပ်ပြီးစီး၍ ဓာတ်လှေကားအပါအဝင် လူနေထိုင်ရန်အသင့်ဖြစ်ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ယာ/အုံ)ဌာနတွင် B.C.C(လူနေထိုင်ခွင့်လက်မှတ်)လျှောက်ထားသည့်အဆင့်သို့ ရောက်ရှိနေပြီးဖြစ်ပါသည်။

သို့ရာတွင် မြေရှင်များဘက်မှ ဦးမျိုးမင်းသူ(ကန်ထရိုက်တာ)၏ ခွင့်ပြုချက်မရရှိဘဲ တိုက်ခန်းများအား သော့ဖွင့်၍ ပြင်ဆင်ခြင်း၊ လူနေထိုင်ခြင်းများပြုလုပ်ပြီး ဦးမျိုးမင်းသူထံသို့လည်း (၁၀-၁၁-၂၀၁၇)နှင့်(၃၀-၁၁-၂၀၁၇)ရက်စွဲပါ အကြောင်းကြားစာများကို ပေးပို့ခဲ့သည့်အတွက် ဦးမျိုးမင်းသူမှလည်း ၂၄-၁၁-၂၀၁၇ရက်စွဲပါ အကြောင်းကြားစာကို ပြန်လည်ပေးပို့ဖြေရှင်းခဲ့ပြီးဖြစ်သည့်အပြင် အဆိုပါတိုက် ခန်း၌ လူနေထိုင်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို မပြုလုပ်ရန် တားမြစ်ခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်အမှုသည်ဖြစ်သူ ဦးမျိုးမင်းသူသည် အထက်ဖော်ပြပါ ကန်ထရိုက်တိုက်အား တာဝန်ကျေပွန်စွာပြီးစီးအောင်ဆောက်လုပ်ပေးခဲ့ပါလျက် မြေရှင်များဘက်မှ ၁၀-၁၁-၂၀၁၇နှင့် ၃၀-၁၁-၂၀၁၇ရက်စွဲပါအကြောင်းကြားစာများအား ဦးမျိုးမင်းသူထံသို့ ပေးပို့ခြင်း၊ ၁၄-၁-၂၀၁၈ရက်စွဲပါ ကြေးမုံသတင်းစာနှင့် ၁၇-၁-၂၀၁၈ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာများတွင် ထည့်သွင်းကြော်ငြာခြင်းစသော ပြုလုပ်ခြင်းတို့သည် ဦးမျိုးမင်းသူ၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ဦးမျိုးမင်းသူ လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများအား ထိခိုက်စေရန် ရည်ရွယ်၍ မမှန်မကန်ထည့်သွင်းကြေညာပြုလုပ်ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါသည်။

ထို့ကြောင့် ၎င်း ၁၄-၁-၂၀၁၈ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၁၇-၁-၂၀၁၈ ရက် ထုတ်မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်များအား ဒေါ်စပယ်ခိုင်ပါ ခြောက်ဦးတို့မှ ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှစိန်(တရားလွှတ်တော်ရှေ့နေ) စဉ်-၃၂၇၈**
**အမှတ် ၂၀၇၊ ဒုတိယထပ်၊ United Condo၊ နဝဒေးလမ်းနှင့် အလံပြဘုရားလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၂၀၄၅၅၃၊ ၀၉-၅၀၀၀၈၂၁**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တံတား၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးစိန်ဟုတ်
## အသက် (၇၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းမြောက်အရှေ့၊ ဥယျာဉ်လမ်း၊ အမှတ် ၃၁နေ (ဦးထော်ဖန်-ဒေါ်နှင်းရင်)တို့၏သား၊ ဒေါ်စိန်သန်း၏ခင်ပွန်း၊ ဦးဉာဏ်ထွန်း-ဒေါ်စန်းစန်းမြင့်(ခ) ဒေါ်ချယ်ရီ၊ ဦးဇော်လွင်-ဒေါ်ဝါဝါသန်း၊ ဦးတင်မောင်အေး-ဒေါ်အေးအေးမြင့်(ခ)မငယ်တို့၏ဖခင်၊ မောင်သူရကျော်အောင်၊ မောင်ရဲဇေယျာအောင်၊ မောင်ထက်ပိုင်ဖြိုးအောင်၊ မောင်ကောင်းပြည့်စုံထွန်း (အထက-၂၊ ကမာရွတ်)၊ မအိန္ဒြေကြည်ဖြူမြတ်(TTC)တို့၏အဘိုးသည် ၂၀-၁-၂၀၁၈ရက် (စနေနေ့) ညနေ ၆:၄၀နာရီတွင် ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၈ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၈ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အမည်ပြောင်း

ဦးအောင်ကိုချစ်၏သမီး အမှတ်(၁၃)၊ အမက K.G တန်းမှ မဝင်းစန္ဒာအား မဝင်းသန္တာအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မဝင်းသန္တာအောင်**

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ တာမခန် အထက၊ ဆဋ္ဌမတန်း(A)မှ မနန်းစန္ဒာလင်း၏ ဖခင် အမည်မှန်မှာ ဦးစိုင်းအိုက်ဖုန်း ၁၃/ကမန(နိုင်)၀၆၈၇၅၃ ဖြစ်ပါကြောင်း။ **ဦးစိုင်းအိုက်ဖုန်း**

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ တာမခန် အထက၊ ဆဋ္ဌမတန်း(C)မှ မောင်ဟိန်းမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအိုက်ဖုန်း ၁၃/ကမန(နိုင်)၀၆၈၇၅၃ ဖြစ်ပါကြောင်း။ **ဦးစိုင်းအိုက်ဖုန်း**

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ တာမခန် အထက၊ တတိယတန်း(A)မှ မနန်းတင်တင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအိုက်ဖုန်း ၁၃/ကမန(နိုင်)၀၆၈၇၅၃ ဖြစ်ပါကြောင်း။ **ဦးစိုင်းအိုက်ဖုန်း**

## ဖခင်အမည်မှန်

မသီရိအောင် ပထမနှစ် အရှေ့တိုင်းပညာ၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် (အဝေးသင်ဌာနခွဲ)၊ မပြည့်ပြည့်အောင် နဝမတန်း (A)၊ အထက(၄)၊ သာကေတ တို့၏ဖခင် ဦးအေးလွင်၏ အမည်မှန်မှာ ဦးတင်အေးလွင် ၁၁/မအန(နိုင်)၀၂၁၆၃၄ဖြစ်ပါသည်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ် (က-၂)၊ ဦးပိုင်အမှတ် ၁၀၁၊ ၆၉×၇၁ကြား၊ (မနောဟရီ×စိန်ပန်း) လမ်းကြားရှိ ဦးကျင်ဟုတ် အမည်ဖြင့်ချထားပေးသော မြေကွက်အား ဒေါ်လီမိန့်(ခ) လီစူးဖျင် ၁၃/လရန(နိုင်)၀၆၀၆၁၁မှ မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ မြေကွက်ဖိုး၊ လမ်းဖိုးပေးသွင်းခြင်းငွေရပြေစာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစောခဲနက်(ခ)စောနဲတာ အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူ ကုန်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် ၁၄၀၆နေ (ဦးစောကျော်အုံး)-နော်ရီးနာဇင်းတို့၏သား၊ (ဦးအောင်ဇေ-ဒေါ်နန်စီ) တို့၏သားသမက်၊ နော်အယ်လ်မီးနာအုံး-စောဆန်နီဘွိုင်းတို့၏မောင်၊ စောခေးတန်း-နော်ဖောစော့၊ နော်အယ်ဒီးနာအုံး-စောပေါလ်၊စောတာမူ-နော်ပပဝင်း တို့၏အစ်ကို၊ နော်မြင့်မေခင်(ဆရာမ၊အလက-၃၊ အင်းစိန်)၏ချစ်လှစွာသော ခင်ပွန်း၊ နော်တင်ဇာအုံး(Park Royal Hotel)၊ နော်စန္ဒီအုံး(သရုပ်ပြ၊ ဒဂုံ တက္ကသိုလ်)၊ စောကျော်ဝေဟင် (Mingalardon Cargo Service)၊ နော်အိမ့်မေမီအုံး (Community Architect)၊ နော်ထိုက်ထက်ထက်အုံး(ဆရာမ၊ အလက-၃၊ အင်းစိန်)တို့၏ဖခင်သည် ၂၂-၁-၂၀၁၈ ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ခရစ်တော် ၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၁-၂၀၁၈ ရက်(ကြာသပတေးနေ့) နံနက်၉နာရီတွင် နံ့သာကုန်း ကရင်နှစ်ချင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရွှေရည်ဝင်း
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**အသက်(၂၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊တိုက် ၃၅၊ အခန်း(၃၀၂)နေ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အစားအသောက်ဌာနခွဲမှ ဒု-ကြီးကြပ်ရေးမှူးဒေါ်ရွှေရည်ဝင်းသည်၂၁-၁-၂၀၁၈ ရက်တွင် ရုတ်တရက်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

## အသိပေးနိုးဆော်ဖိတ်ကြားလွှာ

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊(ထားဝယ်ရှင်ကိုးရှင်)မှ တစ်ဆူအပါအဝင်ဖြစ်သော သရက်ချောင်းမြို့နယ်၊ ရှေးဟောင်းသမိုင်းဝင် ရှင်တောင့်ပုံစေတီတော်မြတ်ကြီးအား ထီးတော်အသစ်တင်လှူခြင်း၊ ဗုဒ္ဓဘိသေကအနေကဇာတင်ခြင်းနှင့် လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းအလှူမင်္ဂလာပြုလုပ်မည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များအားလုံး ကြွရောက်ပါရန် ခင်မင်လေးစွာဖိတ်ကြားအပ်ပါသည်။

(၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်) ၂၇-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၇ နာရီ၊ ရှင်တောင့်ပုံစေတီတော်ရင်ပြင်

**ဂေါပကအဖွဲ့**
**သမိုင်းဝင်ရှင်တောင့်ပုံစေတီတော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/5922 Toyota Alphard 110 Micro Bus(4×2)ယာဉ်လက်ဝယ်ရှိသူ ဦးလှထွန်း ၁၂/ဥကတ(နိုင်)၀၇၇၀၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးလှသန်း ၅/ဆလက(နိုင်)၀၃၆၇၅၇သည် သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်အမှတ် (မန်း ၂၀၀၆/၃၈၁)နှင့် ရေယာဉ်အုပ်လက်မှတ်အမှတ် ဆဒ-၂၈၂/၁၂ (၁၂-၁-၁၂) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၀၉၅၄၁၃၁**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၁၅၈၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၁ (ရှမ်းတန်း)၊ ဦးပိုင်အမှတ် (D/7)၊ မြေကွက်အမှတ် ၇၊ မြေကွက်ဧရိယာ ၀ဒသမ၀၅၇၉ဧက၊ မြေကွက်တည်နေရာစုပေါင်းရုံး ၂လမ်း၊ ဗိုလ်ကြီးမြင့်ဟန်( KWA -၁၀၁၉၄၉)အဘအမည် ဦးမြဟန်၏ အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်အား အရောင်းအဝယ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရှိ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အေးသီတာ ၇/ရတန(နိုင်)၀၀၁၀၆၇ထံမှ မြို့နယ်စီမံကိန်းဦးစီးမှူး၊ ရွှေတောင်မြို့နယ် စီမံကိန်းဦးစီးရုံးက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် အောက်ပါလိပ်စာသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်စီမံကိန်းဦးစီးမှူး**
**မြို့နယ်စီမံကိန်းဦးစီးရုံး၊ ရွှေတောင်မြို့၊ ပြည်ခရိုင်**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးပို
### အသက်(၉၈)နှစ်

စစ်ကိုင်းမြို့၊ နန္ဒဝန်ကွက်သစ်ရပ်နေ(ဦးသီလှ)၏ဇနီး၊ ကျောက်ဆည်မြို့နေ ဦးအောင်ကြီး-ဒေါ်လှရီ၊ မြို့သစ်ရပ်နေ (ဦးစောလွင်)-ဒေါ်ခင်ခင်ဝင်း၊ နန္ဒဝန်ရပ်ကွက်နေ ဒေါ်မြမြဝင်း၊ တောင်ကြီးမြို့နေ ဦးမောင်မောင်-ဒေါ်နှင်းနှင်းခိုင်၊ မုံရွာမြို့နေ ဦးခင်မောင်လှ(စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်)-ဒေါ်ဖြူဖြူအေး၊ ဈေးကုန်းရပ်နေ ဦးခင်မောင်ချို-ဒေါ်အေးအေးထွေး၊ စစ်ကိုင်းမြို့၊ ကားကြီးကွင်းနေ ဦးမြင့်ဆွေ-ဒေါ်မိမိစန်း၊ နန္ဒဝန်ရပ်နေ ဦးခင်မောင်စိုး-ဒေါ်အေးအေးမြင့်၊ မြို့သစ်ရပ်နေ ဦးခင်မောင်မြင့်-ဒေါ်ငယ်ငယ်၊ နန္ဒဝန်ရပ်နေ ဦးခင်မောင်တင့်တို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၂၃-၁-၂၀၁၈ရက် ၁၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ယုန်ဖြူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးပို
### အသက်(၉၈)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်လှ-ဒေါ်ဖြူဖြူအေးတို့၏ မိခင် ဒေါ်အေးပို အသက်(၉၈)နှစ်သည် ၂၃-၁-၂၀၁၈ရက် နံနက် ၁၁း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းထွန်းဦး-ဇနီးဒေါ်တင်တင်ဝင်း**
**ပြည်ထောင်စုရှေ့နေချုပ်ရုံးမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးပို
### အသက်(၉၈)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်လှ-ဒေါ်ဖြူဖြူအေးတို့၏ မိခင် ဒေါ်အေးပို အသက်(၉၈)နှစ်သည် ၂၃-၁-၂၀၁၈ရက် နံနက် ၁၁း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့်**
**ဥပဒေရုံးများမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြထွန်း
### အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ ဗိုလ်မှူးခင်မောင်ဆွေ(ငြိမ်း)-ဒေါ်ခင်နွဲ့နွဲ့တို့၏ဖခင် ဦးမြထွန်းသည် သာစည်မြို့နယ်၊ ကြက်မောက်ကျေးရွာနေအိမ်တွင် ၁၇-၁-၂၀၁၈ရက် ၁၂း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်၊ အမှတ်စဉ်(၁၅)**
**ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဝေဝေလွင်
### အသက်(၅၈)နှစ်

ဦးမျိုးဝင်း(ညွှန်ကြားရေးမှူး) ပြည်သူ့လွှတ်တော်ရုံး(နေပြည်တော်)၏ ချစ်လှစွာသောဇနီး ဒေါ်ဝေဝေလွင် အသက်(၅၈)နှစ်သည် ၂၁-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော် 82-Eco သူငယ်ချင်းများ**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်(၁၉၈၂ခုနှစ်)**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရွှေရည်ဝင်း အသက်(၂၆)နှစ်
### ဒုကြီးကြပ်ရေးမှူး(အစားအသောက်)

နေပြည်တော် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အစားအသောက်ဌာနခွဲမှ ဒုကြီးကြပ်ရေးမှူး(အစားအသောက်) ဒေါ်ရွှေရည်ဝင်းသည် ၂၁-၁-၂၀၁၈ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း
## မရွှေရည်ဝင်း
### (ဒုဦးစီးမှူး)
### အသက်(၂၆)နှစ်

နေပြည်တော်၊ ပိတောက်အိမ်ရာ၊ တိုက် ၇၁၇၊ အခန်း ၁၄နေ ဦးကျော်စိုး-ဒေါ်ဝင်းချိုချို(မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး-ဘဏ္ဍာရေး)တို့၏ချစ်လှစွာသောသမီး မရွှေရည်ဝင်း (ဒု-ဦးစီးမှူး-FDA)သည် ၂၁-၁-၂၀၁၈ရက်တွင်ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဘဏ္ဍာရေးဌာနခွဲဝန်ထမ်းမိသားစုများ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ကျော်နိုင် (ဦးစီးအရာရှိ-စက်မှု)
### အသက်(၅၄)နှစ်

ပြည်မြို့၊ (၁၆)လမ်းထိပ်၊ ပါရဂူဆည်မြောင်းဝင်း၊ အမှတ်(၈)နေ ဒေါ်ကလျာ၏ခင်ပွန်း၊ ကောင်းစည်ဟိန်း၏ ဖခင် ဦးအောင်ကျော်နိုင်(ဦးစီးအရာရှိ-စက်မှု) အလုပ်ရုံအဆင့်(ခ) (စက်မှုတိုင်း-၃)၊ ပြည်မြို့သည် ၁၉-၁-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(စက်မှုလုပ်ငန်းရုံး)**
**တည်ဆောက်ရေး(၃)ဝန်ထမ်းများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**မကွေးမြို့**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်သန်းတင် (ပွင့်ဖြူ)
### အသက်(၉၇)နှစ်

ကုန်းဇောင်း၊ ဉာဏ်ကန်ရပ်နေ(ဦးဘဝင်း-ဒေါ်ခန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုညဝမ္မလမ်း၊ တိုက် ၁၁ (သုံးလွှာ)နေ (ဦးကြည်)၏ဇနီး၊ (ဦးခင်မောင်ချမ်း)-ဒေါ်မိမိလေး၊ ဦးအောင်ဝင်း-ဒေါ်ခင်မြသီ၊ ဦးကြည်လှိုင်-ဒေါ်ခင်ထားမူ၊ ဦးကိုကိုအောင်-ဒေါ်နုအေးချို၊ ဦးကျော်ဝင်း-ဒေါ်လဲ့လဲ့သန်း၊ ဦးခင်မောင်သန်း-ဒေါ်တင်တင်ဝင်းတို့၏မိခင်၊မြေး ၁၀ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၁-၂၀၁၈ရက် (တနင်္လာနေ့) ည ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဖိုးခွေး (ပန်းတနော်)
### အသက်(၉၀)

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော် (၅)လမ်း၊ အိမ်အမှတ် ၇၄(မြေညီထပ်)နေ ဒေါ်စန်းရင်၏ခင်ပွန်း၊ ဒေါ်စန်းစန်းမြင့် (ဒါရိုက်တာ၊ CB Bank)၏ ဖခင် ဦးဖိုးခွေး (ပန်းတနော်)သည် ၁၅-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့**
**CB Bank (PLC)**

### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးတင်မောင်လှ(ငြိမ်း) အသက်(၈၇)နှစ်
### ကြည်း-၇၉၈၈၊ OTS (21)
### လ/ထ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူး
### ကာကွယ်ရေးဝန်ကြီးဌာန

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော် ပြည်သာယာ၊ မင်္ဂလာလမ်း၊ အမှတ် ၂နေ (ဦးမောင်မောင်ကြီး-ဒေါ်စဝ်ခင်နန်းနွယ်)တို့၏သား၊ ဒေါ်မြင့်မြင့်ဝင်း (SAJNT ALBERT ဆရာမ)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မိုးသန္တာလှ (အထက-တာချီလိတ်)၊ ဒေါ်မိုးနန္ဒီလှ(ခေတ္တ-USA)-ဦးလင်းစောမြင့်(ခေတ္တ-USA)၊ဦးအောင်သူရဦးအောင်တေဇ-ဒေါ်နွေးမီမီဇင်တို့၏ဖခင်၊ ဦးဖြိုးကိုကိုဇံ-ဒေါ်ဝတ်ရည်နန္ဒာထွန်း၊ ဒေါ်အိသက်ပိုင်ဇံ၊ ဒေါ်အေးမြတ်နန္ဒီ၊ ဒေါ်ဆက်ခိုင်မြနှောင်၊ မောင်ရဲဝင့်တေဇ၊ မောင်ဟိန်းထက်တေဇတို့၏အဘိုး၊ မောင်သူရိယစိုးမိုး၏ဘိုးဘိုးကြီးသည် ၂၂-၁-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၈ရက် (သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်ဝင်း(ခ)ဦးဝမ်း (မြေနီကုန်း)
### အသက်(၈၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ အမှတ် (၂၃၈/ခ)၊ ပြည်လမ်းနေ (ဦးတင်စိုး-ဒေါ်ကျင်မြ၊ IBP ကိုယ်စားလှယ်ဟောင်း)တို့၏သား၊ [ဖျာပုံ ဦးအုန်းခင်(သမာဓိမြို့ဝန်)-ဒေါ်တင်ဦး]တို့၏ သားသမက်၊ (ဒေါ်ခင်သီတာ)၏ခင်ပွန်း၊(ဒေါ်ခင်ခင်ကြည်)၊ (ဦးဘိုနီ)တို့၏မောင်/ညီ၊ ဦးဝင်းနိုင်သူ-ဒေါ်သူဇာမော်တို့၏ဖခင်၊ မနဒီယွန်း၏အဘိုး၊ (ဦးကျော်လှိုင်)-ဒေါ်ခင်သီတာ၊ ဦးကျော်ထွန်း-ဒေါ်ခင်လေးဝါတို့၏ဦးလေး၊ မခင်ရတနာကျော်၊ မောင်ခန့်မြတ်ကျော်တို့၏ဘိုးလေးသည် ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃း၃၈နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ညွှန့်ညွှန့်ရီ
### အသက်(၇၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ (ဦးသောင်းတင်-ဒေါ်လှမြင့်)တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တေးနယဉ်လမ်း၊ ၇မိုင်ခွဲ၊ အမှတ် ၂၆/Dနေ (ဗိုလ်မှူးချုပ်တင်ဦး)(လေ/၁၂၆၆)၏ဇနီး၊ (ဦးကျော်စိန်)-ဒေါ်ကျင်မြ၊ ဦးအေးကျော်(Super Mega Engineering Co.,Ltd)-(ဒေါ်နီနီဝင်း)၊ ဦးမြင့်သိန်း-ဒေါ်မြင့်မြင့်ကြည်၊ ဦးလှသန်း-ဒေါ်နွဲ့နွဲ့ရီတို့၏အစ်မ၊ ကိုထင်အောင်ဇော် (New Golden Lion Enterprise)-ဒေါ်တင်တင်အေး(လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)၊ ကိုမောင်မောင်အောင်၊ ကိုမောင်မောင်အေး (Master Mariner (FG)-မသီတာတင်၊ ကိုကျော်ကျော်ထွေး(ဒုရဲမှူး၊ ငြိမ်း)-မဝင်းဝင်းခိုင်တို့၏ချစ်လှစွာသောမိခင်၊ တူ သုံးယောက်၊ တူမ နှစ်ယောက်တို့၏ အဒေါ်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၈း၂၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၈ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီ တွင်ထွက်ခွာပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၈ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဂါ့မာရီဂိုလ်း(ခ)ဒေါ်ငွေမာညွှန့်
### ဒုမြို့နယ်ဦးစီးမှူး (လဝက၊ ငြိမ်း)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ အမှတ် ၄၄/၆(A)နေ (မန်းစတန်လီ-ဂါ့အဲလိဇဘက်)တို့၏သမီး၊ ဦးကျော်မောင်သန်း(Uncle Ross)၏ ချစ်လှစွာသောဇနီး၊ စမျိုးမြတ်သန်း-နန့်မေမြတ်စိုး(Ausie)၊ နန့်အေးမာသန်း-ကိုလှမျိုးကျော်တို့၏မိခင်၊ Zipporah ကြယ်စင်ကျော်သန်း၏အဘွား၊ (မန်းလင်းခင်)၊ (မန်းထွန်းမြင့်) Pastor၊ Rev. မန်းဘင်ဆင် (Brayton Church)တို့၏ညီမ၊ စဝင်းရွှေ(ခ)တွတ်ကီ၏အစ်မသည် ၂၂-၁-၂၀၁၈ရက်(တနင်္လာနေ့) ည ၁၁နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံခရစ်ယာန်ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဆရာမကြီးဒေါ်ဒေါ်လီတာ
### အထက(၄)တောင်ကြီး
### (N.C.H.S - ငြိမ်း)
### အသက်(၉၁)နှစ်

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ကမ္ဘောဇလမ်း၊ အမှတ် ၇၇/၉နေ (ဆရာကြီး ဦးတာ- ဒေါ်ဒေါ်စော)တို့၏ သမီး၊ (ဦးခွန်ထွန်းလွင်)၏ချစ်လှစွာသော ဇနီး၊ ဦးစစ်နိုင်ဦး-ဒေါ်စောဥမ္မာလွင် တို့၏ချစ်လှစွာသောမိခင်၊ မောင်ထွန်းလင်းဦး၊ မောင်လွင်မင်းခန့်တို့၏အဘွားသည် ၂၂-၁-၂၀၁၈ရက် (တနင်္လာနေ့) ည ၁၀း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၁- ၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ပထမ တိုင်းရင်းသားပေါင်းစုံ နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး တိုင်းရင်းသားပေါင်းစုံနှစ်ခြင်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ငပုတော်မြို့နယ်အသင်း(ရန်ကုန်)
## ဦးခင်ကြူ
### (ကပ-၁၂၆၈၇)
### တပ်မတော်-ရေ(ငြိမ်း)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ဆောက်လုပ်ရေးအိမ်ရာဝင်းနေ (ဦးစံရင်-ဒေါ်သိန်းတင်)တို့၏သား၊(ဦးအောင်ရှိန်-ဒေါ်ဒေါ်ထွေးရင်)တို့၏သားသမက်၊ ဒေါ်ခင်တုတ်၏ခင်ပွန်း၊ ဦးမျိုးဆွေ-ဒေါ်အေးအေးခိုင်(ဆောက်လုပ်ရေး)၊(ဦးတင်မောင်ဆွေ) - တက-ဥမ္မာကြူ(သုဝဏ္ဏ ရဲစခန်း)၊ ဒေါ်ကြူကြူမာ (ရေအရင်းအမြစ်)၊ ဦးရဲဝင်းဟန်-ဒေါ်ဥမ္မာစိုး၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုး၊ ငပုတောမြို့နယ်အသင်း(ရန်ကုန်) ရာသက်ပန်အသင်းဝင် ဦးခင်ကြူသည် ၂၃-၁-၂၀၁၈ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၈ ရက် မွန်းလွဲ ၁နာရီတွင် ကျိုစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ဒေါ်ခင်မူမူ (ပုသိမ်)
### အထက၊ ကျောက်တံတား
### အလယ်တန်းပြဆရာမ(ငြိမ်း)
### အသက်(၆၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ (ဦးထွန်းစိန်-ဒေါ်စိန်ပု)တို့၏သမီး၊ ဇီးကုန်းမြို့နေ(ဦးပုမောင်-ဒေါ်ငွေ)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊အမှတ်၂၄၆၊ ၃၉လမ်း(အထက်)၊ တတိယထပ်(ယာ)နေ ဦးတင့်လွင် (ရဲမှူး၊ ငြိမ်း)၏ဇနီး၊ အရှင်ဉာဏသာမိ (ဗုဒ္ဓဂယာမေ့နီတိဗိမာန်၊ သန်လျင်)၏ ရဟန်းမယ်တော်၊ မောင်ထက်မြက်ဦး၊ မောင်ရဲရင့်ဦး၊ မခင်မြတ်နိုးတို့၏မိခင်သည် ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၁-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၁-၂၀၁၈ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၁)တွင် ဒေါ်မေအေး (မုဒုံ) အသက်(၈၁)နှစ် နာရေးကြော်ငြာတွင် အမက(၄)အလုံအစား အထက (၄)အလုံဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မောင်ကျော်ကိုကိုသက်
### B.C.Sc (Hons:) (2004)
### အသက်(၃၅)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျားကွက်သစ်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ် ၉၊ ငါးလွှာ(B)နေ (ဒေါက်တာဆန်းလွင်ဦး) - ဒေါ်တင်မေကြည်တို့၏ သား၊မအေးအေးသက် Asst: Manager (Myanmar Oriental Bank Ltd)၊ မသက်နှင်းဖြူ(Site Engineer, M & W Co,. Ltd.)တို့၏အစ်ကိုသည် ၂၂-၁-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၆း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၈ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပဒုမ မဟာထေရ်
### သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၈)ဝါ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇-အနောက်ရပ်ကွက်၊ အာဒိကာရုံအရှေ့တိုက်၊ အလင်းရောင်သိပ္ပံကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ကျေးဇူးတော်ရှင် ဘဒ္ဒန္တပဒုမ မဟာထေရ်မြတ်သည်(၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၆ရက်) ၂၂-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၆-၁-၂၀၁၈ရက် (သောကြာနေ့)တွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင်ကို ရေဝေးသုသာန်၌ ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ဈာပနဖြစ်မြောက်ရေးကော်မတီနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းဆွေ(တိုက်ကြီး) အသက်(၉၀)
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စစ်ဆေးရေး)၊ ဦးသန့်ဇော်၊ ဒေါက်တာဆွေဆွေရည်(မျက်စိအထူးကုဆရာဝန်ကြီး)တို့၏ချစ်လှစွာသောဖခင် ဦးသန်းဆွေ အသက်(၉၀)သည် ၂၁-၁- ၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး**
**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
## ဒေါ်စိန်ဝင်း (မုံရွာ)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ နေမျိုးသူရလမ်းနှင့် ရာဇသင်္ကြန်လမ်းထောင့်၊ ရတနာဒီပံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တပညာသာမိ၊ ညီတော် ဒေါက်တာဘဒ္ဒန္တကုန္ဒကတို့၏ရဟန်းမယ်တော်ကြီး၊ ဒေါ်သန်းငွေ၊ ဦးရာတင်-ဒေါ်သန်းရီ၊ ဦးငွေ-ဒေါ်မြငွေ၊ ဦးသန်းစိုး-ဒေါ်ကြည်သန်းတို့၏ မိခင်ကြီး၊ အရှင်ကောဝိဓ၊ ရှင်သောပါကတို့၏အဘွားသည် ၂၂-၁-၂၀၁၈ရက် (တနင်္လာနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရတနာဒီပံစာသင်တိုက်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရတနာဒီပံစာသင်တိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးချစ်တင်(ရွာတန်းရှည်ရွာ) အသက်(၈၀)
### ရပ်ကွက်ကောင်စီဥက္ကဋ္ဌ(ငြိမ်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ရွာတန်းရှည်၊ ဦးလွန်းမောင်၄လမ်း၊ အမှတ် ၄၅နေ (ဦးဉာဏ်သိန်း-ဒေါ်ကျင်မြ)တို့၏သား၊ (ဦးတင်ရှိန်)-ဒေါ်ရင်မေ၊ (ဦးမြဟန်)-ဒေါ်ခင်မာကြူ၊ (ဦးထွန်းစိန်၊ ဒေါ်ဝင်းကြည်)၊ ဦးတင်ညွှန့်-ဒေါ်ခင်အေး၊ ဦးကုလား-ဒေါ်အေးအေးတို့၏အစ်ကို၊ ဦးစိုးမြင့်-ဒေါ်လေးလေးမြင့်၊ ဦးသန်းညွှန့်-ဒေါ်မော်မော်၊ ဒေါ်လေးလေးဆင့်၊ ဦးမိုးကျော်အောင်-ဒေါ်တိုးတိုးလွင်၊ ဒေါ်စန္ဒာချစ်၊ ကိုသန့်ဇင်-မခင်ခင်လေး၊ကိုသန့်ဇော်ဦး-မစန္ဒာလင်း၊ ကိုသန့်ဇင်အောင်-မဥမ္မာချစ်၊ မမိုးသန္တာချစ်တို့၏ဖခင်၊ ဒေါ်သိန်းရွှေ၏ခင်ပွန်း၊ မြေး ၁၆ယောက်၊ မြစ်ခြောက်တို့၏ဘိုးဘိုးကြီးသည် ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဦးဇော်ဝင်းအောင်
### ညွှန်ကြားရေးမှူး(ငြိမ်း)
### နယ်စပ်ရေးရာဝန်ကြီးဌာန (OTS-၆၀)
### အသက်(၆၁)နှစ်

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း) ဦးဇော်ဝင်းအောင်သည် ၂၁-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**နယ်စပ်ရေးရာဝန်ကြီးဌာန**

## ဒုအရာခံဗိုလ်သန်းစိန်(ငြိမ်း)
### အမှတ်(၁)အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ မြဝတီရိပ်သာ၊ တိုက် ၁၄၊ အခန်း ၁၁နေ (ဦးဘဆိုင်-ဒေါ်ခင်သန်း)၊ (ဦးဘသိန်း-ဒေါ်သန်းညွှန့်)တို့၏သားသမက်၊ ဒေါ်ခင်ခင်ပြုံး၏ခင်ပွန်း၊ မောင်ဘုန်းဝင်းဇော်၊ မောင်ကျော်သူတင့်တို့၏ဖခင်သည် ၂၂-၁-၂၀၁၈ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ မွန်းလွဲ ၁း၃၀ နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်မော်(ခ)ဒေါ်ရွှေရောင် (ရွှေရောင်စတိုး)
### အသက်(၅၂)နှစ်

ကေတုမတီမြို့၊ နတ်သျှင်နောင်ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ အမှတ် ၂၄၂၈နေ (ဦးမြင့်စိန်)-ဒေါ်စောရွှေမြင့်တို့၏သမီး၊ (ဒုရဲမှူးဦးစိုးလွင်)၏ဇနီး၊ ဗိုလ်မှူးအောင်ထွန်းခိုင်-ဒေါ်စိုးဇာဏီမြင့်၊ မောင်မြင့်မောင်သီဟစိုးတို့၏မိခင်၊ မသွန်းသီရိစံတို့၏အဘွားသည် ၁၉-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ကေတုမတီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၈ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ နတ်သျှင်နောင်ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ အမှတ် ၂၄၂၈ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် H.E. Prof. Dr. Surakiart Sathirathai ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၊ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး

*စာမျက်နှာ ၄ ကော်လံ ၁* ◆



ဒုတိယသမ္မတ ဦးမြင့်ဆွေ **H.E. Prof. Dr. Surakiart Sathirathai** ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်း



**နေပြည်တော် ဇန်နဝါရီ ၂၃**

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲကို ယနေ့တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ (ဓာတ်ပုံ)

တွေ့ဆုံရှင်းလင်းပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊

*စာမျက်နှာ ၁၀ ကော်လံ ၁* ✻

## ထူးခြားသည့်ညအပူချိန်

၂၃-၁-၂၀၁၈

| | |
|---|---|
| ပင်လောင်းမြို့၊ ဟားခါးမြို့ | -၁ ဒီဂရီ စင်တီဂရိတ် |
| နမ့်စန်မြို့၊ ဟဲဟိုးမြို့ | ၁ ဒီဂရီ စင်တီဂရိတ် |
| လွိုင်လင်မြို့၊ မိုးကုတ်မြို့ | ၄ ဒီဂရီ စင်တီဂရိတ် |

## မြစ်ကြီးနားမြို့ KBZ MiNi Bank (1) တွင် ငွေကျပ် သိန်း ၉၀၀ ကျော် အနုကြမ်းစီး လုယူမှုဖြစ်ပွား

စာ-၁၂

GREEN. GRAND. CARE FOR THE PEOPLE
GRAND HANTHA INTERNATIONAL HOSPITAL
MMPGA

အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာမှ MMPGA အဖွဲ့ဝင်
အထူးကုသမားတော်ကြီးများသည်
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး
စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

အရိုး၊ အကြော၊ အဆစ်ဆေးပညာ
အထူးကုသမားတော်ကြီး
ဒေါက်တာမြင့်မြတ်သွေး
MBBS, MD,
Internal Medicine/Rheumatology
Florida, USA
၁၇.၁.၂၀၁၈ မှ ၃၁.၁.၂၀၁၈ ထိ

အထွေထွေရောဂါ
အထူးကုသမားတော်ကြီး
ဒေါက်တာဝင်းမြင့်အောင်
MBBS,MD, DM, MBA, FRCP
Assistant Professor of Medicine
Internal Medicine, Hospice and Palliative Care
University of Florida, Jacksonville, USA
၁၅.၁.၂၀၁၈ မှ ၂၈.၁.၂၀၁၈ ထိ

အထွေထွေရောဂါ
အထူးကုသမားတော်ကြီး
ဒေါက်တာတင့်ဝေ
MBBS, MD, FAAFP
Family Medicine, California, USA
၂၇.၁.၂၀၁၈ မှ ၉.၂.၂၀၁၈ ထိ

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိလူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့

ဓာတ်ပုံ-သန်းစိုး



# ရန်ကုန်မြို့ပြပြည်သူများ သဘာဝအလှကို ဝေဟင်မှ ကြည့်ရှုခံစားစေနိုင်မည့် မင်္ဂလာပါ

သန်းထိုက်(လှိုင်သာယာ)

ရန်ကုန်မြို့ပြသည် တစ်နှစ်ထက်တစ်နှစ် လူဦးရေသိပ်သည်းလာသည်နှင့်အမျှ ခေတ်နှင့်အညီ တိုက်တာအဆောက်အအုံများလည်း တိုးတက်များပြားလာလျက်ရှိရာ အပန်းဖြေအနားယူရန်နေရာများ တိုးချဲ့ရန် လိုအပ်လာသည့်နည်းတူ မြို့ပြ၏ မွန်းကျပ်မှုကို ဖြေလျှော့ရန် သဘာဝအလှများ ကြည့်ရှုခံစားရန် လိုအပ်လာလျက်ရှိသည်။ ရန်ကုန်မြို့ပြ၏အလှနှင့်အတူ ရွှေတိဂုံစေတီတော်မြတ်ကြီးကို လုံးတော်ပြည့်ဖူးမြော်နိုင်သော ဝေဟင်မှ ကြည့်ရှုခံစားနိုင်သည့် အစီအစဉ်ကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဝင်ပေါက်နှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိသော ကံကော်ကျွန်း၊ ကန်တော်ကြီးပန်းခြံ ငါးပြတိုက်နေရာဟောင်းတွင် မင်္ဂလာပါ ဘောလုံးအစီအစဉ်ဖြင့် ဝန်ဆောင်မှုပေးနေသည်ကို တွေ့မြင်ရသည်။

ဟီလီယံဓာတ်ငွေ့သုံးဘောလုံး ကောင်းကင်ယံသို့ လွှတ်တင်၍ ရန်ကုန်တစ်မြို့လုံး၏ အလှအပကို ကြည့်ရှုခံစားနိုင်သောကြောင့် ညနေဆည်းဆာဖြစ်သော မြတ်ရွှေတိဂုံအနီးမှ ဝင်လုလုနေမင်းကြီး၏အလှကို နိုင်ငံခြားသားများ အထူးနှစ်သက်ကြလျက်ရှိသည်။ သစ်တောများ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် သဘာဝအရင်းအမြစ်များ ကျန်ရှိနေသော ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးမှာ ရန်ကုန်မြို့အတွက် ဂုဏ်ယူဖွယ်မြင်ကွင်းအဖြစ် တွေ့မြင်ရသည့်နည်းတူ ကန်တော်ကြီးအတွင်းရှိ ရွှေရောင်ဝင်းပလျက်ရှိသည့် ကရဝိက်အလှ၊ တိုးတက်ဖွံ့ဖြိုးလာသည့် ခေတ်မီတိုက်ကာ အဆောက်အအုံများနှင့် ဟိုတယ်၊ မိုတယ်များ၊ အထပ်မြင့် အိမ်ရာအဆောက်အအုံများ၊ ရန်ကုန်မြစ်ပြင် အလှတို့ကို ဝေဟင်မှတွေ့မြင်ရသည်မှာ စိတ်ကြည်နူးအေးချမ်းလျက် နှလုံးပီတိဂွမ်းဆီထိသည့်ပမာ သဘာဝနှင့် မြို့ပြအလှကို တွေ့မြင်ရလျက်ရှိသည်။

စတီးကြိုးတပ် ဟီလီယံ အမြင့်ပျံဘောလုံး အမျိုးအစား (AB-20) ဖြင့် မြတ်ရွှေတိဂုံ၊ စိမ်းစိုလန်းဆန်းလျက်ရှိသော ကန်တော်ကြီးရှုခင်းများနှင့် ရန်ကုန်မြို့၏ ရှုခင်းများကို ကောင်းကင်ယံမှ တစ်မူထူးခြားစွာ ကြည့်ရှုခံစားနိုင်သည်မှာ ရန်ကုန်မြို့ပြ၏ မွန်းကျပ်မှုကို ဖြေလျှော့စေသည့်အပြင် နိုင်ငံခြားသားများမှာ ရန်ကုန်မြို့တစ်ခွင်၏အလှကို ဝေဟင်မှ ကြည့်ရှုခံစားနိုင်သောကြောင့် ရုံးပိတ်ရက်တို့တွင် မိသားစုအပန်းဖြေသူတို့ဖြင့် ထိုနေရာသည် စည်ကားနေလေ့ရှိသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်လေ့လာကြသော မိသားစုတို့မှာလည်း ရန်ကုန်မြို့ပြအလှကို ဝေဟင်မှကြည့်ရှုနိုင်သော ဟီလီယံဘောလုံးဖြင့် ဝေဟင်သို့ လိုက်ပါစီးနင်းကာ စိတ်အေးချမ်းမှုနှင့် ကြည်နူးမှုကို ခံစားရရှိလျက်ရှိသည်။ နံနက် ၈ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ ရာသီဥတု လေတိုက်နှုန်းပေါ် မူတည်၍ တစ်နေ့လျှင် အကြိမ် ၂၀ ဖြင့် တစ်ကြိမ်လျှင် ဦးရေ ၂၀ လိုက်ပါနိုင်ကာ အမြင့်ပေ ၄၀၀ ထိလွှင့်တင်လျက် ၁၅ မိနစ်ကြာ ရန်ကုန်မြို့တစ်ခွင်နှင့် ရန်ကုန်မြစ်၏အလှကို နေဝင်ဆည်းဆာအလှနှင့်အတူ ကြည့်ရှုခံစားကြလျက်ရှိသည်။ ပေ ၂၀၀ ဆိုလျှင် ရန်ကုန်မြို့ပြ၏အလှကို စတင်တွေ့မြင်နိုင်ပြီး ပေ ၃၀၀ ဆိုလျှင် လှိုင်သာယာ မြစ်ကူးတံတားများနှင့် သန်လျင်အထိ သဘာဝအလှတို့ကို တွေ့မြင်ရလျက်ရှိသည်။ ပေ ၄၀၀ သတ်မှတ်အမြင့်သို့ ရောက်ရှိပါက ရန်ကုန်မြစ်ဝနှင့် မြစ်ပြင်၏အလှကို ထင်ရှားစွာဖြင့် တွေ့မြင်ရလျက်ရှိသည်။ အထူးသဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ နေဝင်ဆည်းဆာအလှသည် ရေဆေးပန်းချီကားချပ် သဖွယ် ရောင်စုံခြယ်သ လှပနေသောကြောင့် နိုင်ငံခြားသားများ အထူးနှစ်ခြိုက်လေ့ရှိသည်။ မြန်မာပြည်တွင်တစ်ခုတည်းသော ဝေဟင်မှ သဘာဝအလှတို့ကို ကြည့်ရှုခံစားနိုင်သော နေရာတစ်ခုလည်း ဖြစ်သည်။

**ကောင်းကင်ယံမှတစ်မူထူးခြားစွာ ကြည့်ရှုခံစားနိုင်သည်မှာ ရန်ကုန်မြို့ပြ၏ မွန်းကျပ်မှုကို ဖြေလျှော့စေသည့်အပြင် နိုင်ငံခြားသားများမှာ ရန်ကုန်မြို့တစ်ခွင်၏အလှကို ဝေဟင်မှ ကြည့်ရှုခံစားနိုင်သောကြောင့် ရုံးပိတ်ရက်တို့တွင် မိသားစုအပန်းဖြေသူတို့ဖြင့် ထိုနေရာသည် စည်ကားနေလေ့ရှိသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်လေ့လာကြသော မိသားစုတို့မှာလည်း ရန်ကုန်မြို့ပြအလှကို ဝေဟင်မှ ကြည့်ရှုနိုင်သော ဟီလီယံဘောလုံးဖြင့် ဝေဟင်သို့ လိုက်ပါစီးနင်းကာ စိတ်အေးချမ်းမှုနှင့် ကြည်နူးမှုကို ခံစားရရှိလျက်ရှိ**

“ ဟီလီယံဓာတ်ငွေ့သုံး ဘောလုံးစီးပြီး မြို့ပြရဲ့ အလှကို ကြည့်တဲ့ အပန်းဖြေမှုက ကမ္ဘာ့ဒီးယားနဲ့ ဖူးခက်မှာပဲ ရှိတယ်၊ မြန်မာနိုင်ငံနဲ့ဆိုရင် သုံးနိုင်ငံရှိတယ်လို့ ဆိုရမှာပါ၊ အရင်က စင်ကာပူမှာ ရှိခဲ့ဖူးတယ်၊ ဒီအပန်းဖြေမှုကို ဖွင့်လှစ်ခဲ့တာ ပြီးခဲ့တဲ့နှစ်ကပါ၊ ရုံးပိတ်ရက်နဲ့ နှစ်သစ်ကူး၊ ပွဲတော်ရက်တွေမှာ ရန်ကုန်မြို့ပြရဲ့အလှကို ကြည့်ကြတာများတယ်၊ နိုင်ငံခြားသားက

*အချပ်ပို (ခ) သို့*

**ဆောင်းလာသော ထီးကိုပိတ်ပြီး ဘတ်စ်ကားမှတ်တိုင်အမိုးအောက်သို့ ဝင်လိုက်သည်။ ဘတ်စ်ကားမှတ်တိုင်တွင် ကျွန်တော်တစ်ဦးတည်း ဖြစ်နေသည်။ မွန်းတည့်နေ အပူချိန်က ရိုက်ခတ်နေသဖြင့် ဘတ်စ်ကားမှတ်တိုင်အမိုးကို မော့ကြည့်မိသည်။ ခေါင်မိုးက တိုနံ့နံ့။ နေရောင်ကို ကောင်းစွာဟန့်တားနိုင်သည့် အနေအထားမရှိသလို မိုးရွာလျှင်လည်း လုံလောက်သော အကာအကွယ်မရနိုင်။ သက်ပြင်းချရင်း ဘတ်စ်ကားအလာကို စောင့်နေမိသည်။ စိတ်ထဲတွင် ရန်ကုန်မြို့ ဘတ်စ်ကားမှတ်တိုင်များ အဆင့်မြှင့်တင်ပေးရန် လိုအပ်နေပြီဟု အတွေးဝင်နေမိပြန်သည်။**

# အဆင့်မြှင့်တင်တော့မယ့် ရန်ကုန်မြို့ရဲ့ ဘတ်စ်ကားမှတ်တိုင်တွေ

● ဝေယံဦး

"ရန်ကုန်မြို့မှာရှိတဲ့ ဘတ်စ်ကားမှတ်တိုင်တွေကို အဆင့်မြှင့်တင်ပေးသွားဖို့ စီစဉ်နေပြီ ဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မကြာမီက ထုတ်ဖော်ပြောကြားချက်ကို ပြန်ကြားယောင်မိသည်။ ရန်ကုန်မြို့ပြများ တဖြည်းဖြည်း အသားကျနေပြီဖြစ်သည်။ ဘတ်စ်ကားကို ရှေ့ပေါက်တက်ပြီး အလယ်ပေါက်မှ ဆင်းသည့်စနစ်ကိုလည်း လိုက်နာနေကြပြီဖြစ်ရာ YBS စနစ်ကိုပြည်သူများ လက်ခံနေကြပြီဆိုသည်ကို မငြင်းနိုင်။ သို့သော် ရာနှုန်းပြည့် အောင်မြင်ရန် ကတ် စနစ်ကိုလည်း ပြောင်းတော့မည်ဖြစ်ရာ ဘတ်စ်ကားစီးပြည်သူများ မျှော်လင့်နေကြပြီဖြစ်သည်။ ကတ်စနစ်သုံးတော့မည်ဖြစ်ရာ ငွေအကြွေအခက်အခဲအတွက် စိတ်ပူစရာမလိုတော့။ ထိုင်ခုံအလွတ်ရှိနေလျက်နှင့် သွားမထိုင်နိုင်ဘဲ ငွေပုံးအနီး မတ်တပ်ရပ်ကာ ကားပေါ်တက်လာသူ ခရီးသည်များထံမှ ငွေကျပ် ၂၀၀ စီ ပြန်တောင်းပြီးမှ ငွေကျပ် ၁၀၀၀ တန်၊ ၅၀၀ တန်များ ငွေပုံးထဲထည့်ရသည့်ဒုက္ခလည်း ကင်းဝေးရတော့မည် ဖြစ်သည်။ ဒါတွေက ဘတ်စ်ကားပေါ်ရောက်ပြီး ကြုံတွေ့နေရသည့် အခက်အခဲ။

ဘတ်စ်ကားများပေါ် မတက်ရောက်မီ မှတ်တိုင်တွင်လည်း အဆင်မပြေမှုများ ရှိနေပြန်သည်။ လက်ရှိဘတ်စ်ကားမှတ်တိုင်များတွင် အချို့မှတ်တိုင်များ၌ ထိုင်စရာမရှိသေး။ မှတ်တိုင်ပင် သတ်သတ်မှတ်မှတ် မထားနိုင်။ နေ့စဉ် ဘတ်စ်ကားမောင်းသူများက အမှတ်သညာဖြင့်သာ ဘတ်စ်ကားရပ်ကာ ခရီးသည် အဆင်းအတက် ပြုလုပ်နေကြရဆဲဖြစ်သည်။ အချို့မှတ်တိုင်များက အမိုးရော ထိုင်စရာနေရာပါ ပြုလုပ်ပေးထားသော်လည်း မိုးမလုံ၊ နေရောင်မလုံဖြစ်နေသည်။

ယခုတော့ ဘတ်စ်ကားမှတ်တိုင်များကိစ္စ ဖြေရှင်းပေးတော့မည်ဟု သတင်းတွေ ထွက်လာသည်။ ရန်ကုန်မြို့ အဓိကလမ်းမများပေါ်တွင် ရှိသော ဘတ်စ်ကားမှတ်တိုင် ၃၅၀ ကို အဆင့်မြှင့်တင်ရန်အတွက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီနှင့် စာချုပ်လိုက်ပြီဖြစ်ရာ အကောင်အထည်ဖော်တော့မည်ဖြစ်၍ ဝမ်းသာစရာပင်ဖြစ်သည်။ မြန်မြန်ဆောင်ရွက်သင့်နေပြီဖြစ်သည့်ကိစ္စပင်။ ရန်ကုန်မြို့တွင် ဘတ်စ်ကားမှတ်တိုင်ပေါင်း ၂၀၀၀ ခန့်ရှိနေပြီး အဓိကလမ်းမကြီးများနှင့် ဘတ်စ်ကားလမ်းကြောင်းများပေါ်တွင် ဘတ်စ်ကားမှတ်တိုင် ၂၅၀ ခန့် ရှိနေကြောင်း သိရသည်။ ယင်းအဓိက မှတ်တိုင်များကို နိုင်ငံတကာအဆင့်မီ ဘတ်စ်ကား မှတ်တိုင်များအတိုင်း တည်ဆောက်သွားမည်ဖြစ်ရာ ဘတ်စ်ကားဖြင့် ခရီးသွားသူများကို ဘတ်စ်ကားပေါ် မတက်မီ ဝန်ဆောင်မှုကောင်းကောင်းဖြင့် သက်သောင့် သက်သာဖြစ်နေစေမည် ဖြစ်သည်။

ရန်ကုန်မြို့ ဘတ်စ်ကားမှတ်တိုင်များကို အဆင့်မြှင့်တင်ရာတွင် ကြော်ငြာဘောဘုတ်ကြီးများ ထားရှိမှုကို လျှော့ချသွားမည်ဖြစ်သလို၊ Please Q ဆိုသည် အမှတ်အသားများကိုလည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။ ဒါ့အပြင် သတင်းအချက်အလက်များပေးနိုင်သော မှတ်တိုင်ဖြစ်ရန်လည်း ဖြည့်ဆည်းဝန်ဆောင်မှုပေးသွားမည်ဖြစ်ရာ ဘတ်စ်ကားစောင့်နေသည့် ပြည်သူများအတွက် ပိုမို အဆင်ပြေစေမည်ဖြစ်သည်။

ယနေ့ခေတ်သည် အိုင်တီခေတ်ဖြစ်ရာ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ သိရှိရန်လိုအပ်နေသည်ဖြစ်ရာ ယနေ့ ပြုလုပ်မည့် မှတ်တိုင် အဆင့်မြှင့်တင်မှုက ခေတ်နှင့်အညီ၊ နိုင်ငံတကာ အဆင့်အတန်းနှင့် ညီမျှသော

*အချပ်ပို (ယ) သို့*



ဓာတ်ပုံ-ကေဇင်

တွင် ယခင် မထသ စနစ်ဖြင့် ဘတ်စ်ကားများ ပြေးဆွဲခဲ့သည့်ကာလကလောက် မှတ်တိုင်များတွင် ခရီးသည်များ စုပြုံနေမှု မရှိတော့သည်က အမှန်ပင်။

လေအေးစက်တပ် YBS ဘတ်စ်ကားများဖြင့် အစားထိုးပြေးဆွဲမှု၊ ယာဉ်နောက်လိုက်မပါဘဲ ကျသင့်ငွေကို ငွေပုံးအတွင်း ထည့်သွင်းမှုစနစ်များက ရန်ကုန်မြို့နေ ဘတ်စ်ကားစီးပြည်သူ ကြိုးစားမှု၊ အားထည့်မှုများ ပြုလုပ်ရဦးမည်ဖြစ်သည်။


ယာဉ်နောက်လိုက်မပါဘဲ ငွေပုံးထဲ တိုက်ရိုက်ထည့်သည့်စနစ်ထက် ပိုမိုကောင်းမွန်သော

> **မှတ်တိုင်များကို နိုင်ငံတကာအဆင့်မီ ဘတ်စ်ကားမှတ်တိုင်များအတိုင်း တည်ဆောက်သွားမည်ဖြစ်ရာ ဘတ်စ်ကားဖြင့် ခရီးသွားသူများကို ဘတ်စ်ကားပေါ်မတက်မီ ဝန်ဆောင်မှုကောင်းကောင်းဖြင့် သက်သောင့်သက်သာဖြစ်နေစေမည်**

*ရန်ကုန်မြို့ပြပြည်သူများ ... မှ*

ကြားရက်တွေမှာလည်း လာသလို ရုံးပိတ်ရက်ဆိုရင် ပိုများပါတယ်၊ အထူးသဖြင့် ရွှေတိဂုံစေတီတော်ဘေးနားကနေ နေဝင်ဆည်းဆာကို ပိုပြီးသဘောကျကြတယ်၊ လာရောက်လည်ပတ် အပန်းဖြေတဲ့သူတွေ စားသောက်နိုင်ဖို့လည်း ဆောင်ရွက်နေပါတယ်၊ သင်္ကြန်ကာလမှာ ပိုပြီးစည်ကားနိုင်ပါတယ်၊ ဝန်ဆောင်ခကို ၁၂ နှစ် အထက်ကို တစ်သောင်း၊ ၁၂ နှစ်အောက်ကို တစ်ဝက်ယူပြီးနိုင်ငံခြားသားဆိုရင် ၂၂ ဒေါ်လာ ယူပါတယ်၊ မြန်မာငွေဆိုရင် နှစ်သောင်းကိုးထောင် ယူပါတယ်၊ လာရောက်အပန်းဖြေသူတွေ စားသောက်နိုင်ဖို့ ဆောင်ရွက်နေပါတယ်၊ သင်္ကြန်ကာလအတွက်လည်း အစီအစဉ်လေးတွေ ရှိလာမှာပါ၊ မြန်မာနိုင်ငံနဲ့ ရန်ကုန်မြို့မှာ ဝေဟင်ကနေ မြို့ပြအလှကို ခံစားကြည့်ရှုနိုင်ဖို့ တစ်ခုတည်းပဲ ရှိပါသေးတယ်၊ လုံခြုံရေးကိုလည်း အထူးဆောင်ရွက်ပေးထားပါတယ်၊ ရာသီဥတုကောင်းမွန်ရင် ၃၆၀ ဒီဂရီဖြစ်တဲ့ ပေ ၄၀၀ အထိ လွှတ်တင်ပေးပါတယ်၊ အရှေ့ဘက်ဆိုရင် ကျောက်တန်း၊ သန်လျင်တံတား၊ တောင်ဘက်ဆိုရင် ဒလနဲ့ ရန်ကုန်မြစ်အလှကို မြင်ရတယ်၊ အနောက်ဘက်ဆိုရင် လှိုင်မြစ်ကမ်းအားလုံးကို မြင်ရတယ်၊ မြောက်ဘက်ဆိုရင် အင်းလျားကန်၊ မိုးလေဝသနှင့် ဇလဗေဒကိုလည်း တွေ့ရမယ်၊ ပြီးတော့ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဝေဟင်ကနေ အနီးကပ် ဖူးရတာပေါ့၊ ရန်ကုန်မြို့မှာ သစ်တောစိမ်းစိမ်းစိုစိုတွေ ရှိနေတယ်ဆိုတာ ဝေဟင်ရောက်မှ ပိုပြီးသိရမှာပါ၊

*အချပ်ပို (ဂ) သို့*


**ဟီလီယံဓာတ်ငွေ့သုံး ဘောလုံးစီးနင်းသူများ တွေ့မြင်နိုင်မည့် ရန်ကုန်မြို့ပြထဲမှ စိမ်းစိုနေသော သစ်တောမြင်ကွင်းတစ်ခု**

# တစ်ချိန်က ရန်ကုန်ရုပ်ရှင်ရုံတွင် ပန်းချီပိုစတာကြီးများ ရေးဆွဲသူတို့အကြောင်း တစေ့တစောင်း

ပန်းချီ - သိန်းဇံတင့်



**၂၀၁၇ ခုနှစ်** ဒီဇင်ဘာ ၂၇ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ ယနေ့ ရန်ကုန်စာမျက်နှာတွင် "တင်ဝင်းလေး (ကြည့်မြင်တိုင်)၏" "မှုန်ပျပျအဝေးဆီမှ ရန်ကုန်ရုပ်ရှင်ရုံများ" ဆောင်းပါးနောက်ဆုံးအပိုဒ်၌ ရုပ်ရှင်ပန်းချီ ပိုစတာဘုတ်ကြီးများ ရေးဆွဲကြပုံကို ၎င်းက လက်လှမ်းမီသမျှ တင်ပြသွားခဲ့သည်။ ယခုစာရေးသူမှာ ထိုစဉ်ကာလက ထဲထဲဝင်ဝင် ကိုယ်တိုင်ပါဝင် ရေးဆွဲခဲ့သူအနေဖြင့် ထပ်လောင်းဖြည့်စွက် ရေးချင်လာမိသည်။

စာရေးသူအထက်တန်းကျောင်းသားအရွယ်က အိမ်နှင့်နီးသော မြေနီကုန်းတွင် ရုပ်ရှင်ရုံကြီးများရှိခဲ့သည်။ ရွှေမန်းရုပ်ရှင်ရုံ၊ တပင်ရွှေထီးရုပ်ရှင်ရုံ၊ ရတနာပုံရုပ်ရှင်ရုံ၊ နယူးဆန်းသီရိ ရုပ်ရှင်ရုံနှင့် တော်လှန်ရေးပန်းခြံရှေ့ ဦးဝိစာရလမ်းနှင့် ဓမ္မစေတီလမ်းထောင့်တွင် ဝိဇယရုပ်ရှင်ရုံတို့ရှိခဲ့သည်။ ထိုရုပ်ရှင်ရုံများသို့ အလှည့်ကျသွား ကြည့်ဖြစ်ခဲ့သည်။ ရုပ်ရှင်မကြည့်ဖြစ်လျှင်လည်း ထိုရုပ်ရှင်များတွင် ချိတ်ဆွဲထားသော ပန်းချီဘုတ်ကြီးများကို သွားရောက်ကြည့်ရှုငေးမောနေမြဲဖြစ်သည်။

အိမ်ပြန်ရောက်လျှင်လည်း မိမိကြည့်ခဲ့သော ရုပ်ရှင်ကို သတင်းစာကြော်ငြာတွင် ရှာဖွေ၍ ထိုပုံများအတိုင်း ပြန်လည်ကူးယူရေးဆွဲလေ့ရှိခဲ့သည်။ ပန်းချီရေးဆွဲမှုကို ရူးသွပ်ခဲ့သည်။ လှပချောမောသော မင်းသား၊ မင်းသမီးပုံတူများကို ဘယ်သူတွေက ဘယ်နေရာတွင် ရေးဆွဲကြသနည်းဟု အလွန်မှပင် သိချင်ခဲ့သည်။

## အရောင်အသွေးစုံလင်စွာ လက်စွမ်းပြ

ရုံတင်ပန်းချီဘုတ်ကြီးများကို တစ်ရုံနှင့်တစ်ရုံ အပြိုင်ရေးဆွဲထားကြသည်။ မြေပြင်မှသည် ရုပ်ရှင်ရုံအမိုးအထိပင် ကြီးမားစွာ ရေးဆွဲကြသည်ကို တွေ့ရသည်။ တစ်ခါတစ်ရံ တိုင်ဖုံးအဖြစ်ရုပ်ကြွ၊ ရုပ်လုံးများဖြင့် ပုံဖော်ရေးဆွဲထားကြသည်။ မြန်မာဇာတ်ကားနှင့် နိုင်ငံခြားဇာတ်ကားများ၏ ဇာတ်ဝင်ပုံအတိုင်း အရောင်အသွေး စုံလင်စွာဖြင့် လက်စွမ်းပြထားကြသည်။

ကျောင်းပိတ်ရက် တစ်နေ့တွင် စပ်စပ်စုစုဖြင့် ရတနာပုံ ရုပ်ရှင်ရုံအပေါ်ထပ်သို့ ရောက်သွားခဲ့သည်။ ထိုစဉ်က အပေါ်ထပ်တွင် မင်္ဂလာခန်းမရှိခဲ့သည်။ မင်္ဂလာခန်းမ၏ဘေးတွင် ရုပ်ရှင် ပိုစတာဘုတ်ကြီးများ ရေးဆွဲသော အလုပ်ခန်းတစ်ခုကို တွေ့ခဲ့ရသည်။

လာမည့်သောကြာနေ့တွင် ရုံတင်မည့် "ဆောင်း" ဇာတ်ကားတွင် ပါဝင်သည့် ထွန်းဝေ၊ ညွန့်ဝင်း၊ စံရှားတင်၊ စန်းစန်းဝင်းတို့၏ ပုံတူဇာတ်ဝင်ပုံများကို ရေးဆွဲနေခြင်း ဖြစ်သည်။ လွန်စွာဝမ်းသာအံ့သြခဲ့ရသည်။ တွေ့ချင် သိချင်လွန်းသော ရုပ်ရှင်ပိုစတာကြီးများ ရေးဆွဲနေမှုကို ကိုယ်တိုင်ရုတ်ခြည်း တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ရေးဆွဲနေမှုကို တစ်နေကုန် ထမင်းမေ့ ဟင်းမေ့ထိုင်ကြည့်နေမိခဲ့သည်။ ညနေစောင်းအလုပ်သိမ်းချိန်တွင် မည်သူကမျှ မစေခိုင်းရပဲ စိတ်၏ လှုံ့ဆော်မှုကြောင့် စုတ်တံများကို ဝိုင်းကူဆေးပေးမိခဲ့သည်။ ဆေးခွက်များကို ဆေးကြောပေးခဲ့သည်။ ထိုကျမှ ဆရာကြီးက မေးမြန်းပြီး ဝါသနာပါက ကျောင်းပိတ်ရက်တိုင်းလာနိုင်ကြောင်း ပန်းချီပညာကို သင်ပေးမည် ဖြစ်ကြောင်း အတန်းပညာကိုလည်း မလစ်ဟင်းစေရန် ပြောဆို၍ လက်ခံခဲ့သည်။ ထို့အတွက် ဆရာဦးစိုးညွန့်လေးနှင့် ဆရာဦးမြတ်စံတို့မှာ စာရေးသူ၏ လက်ဦးပန်းချီဆရာများ ဖြစ်ခဲ့သည်။ ရုပ်ရှင်ပိုစတာဘုတ်ကြီးများ ရေးဆွဲမှုနှင့် ပတ်သက်နီးစပ်လာခဲ့သည်။ ဆရာကြီးများ၏ ခေါ်ဆောင်သွားမှုကြောင့် အခြားပန်းချီဘုတ်ကြီးများ ရေးဆွဲမှုနှင့် နေရာအတော်များများသို့ လေ့လာခွင့်ရခဲ့သည်။

ပန်းချီပိုစတာဘုတ်ကြီးများကို ပန်းချီဆရာတစ်ဦးတည်းက အချိန်မီရုံတင်ရန် လုပ်ဆောင်၍ မရပေ။ အနည်းဆုံးလေးငါးဦးခန့် လိုအပ်သည်။ ပိတ်သားပေါ်တွင် ပန်းချီပုံများ ရေးနိုင်ရန်အတွက် သစ်သားပေါင် လိုအပ်သည်။ နှစ်တစ်လက်မသစ်သားဖြင့် ပေါင်ခွေပေးရသည်။ ပြီးမှ ပေါင်တွင် ပိတ်သားချိတ်(ကျစ်)ပေးရသည်။ ပိတ်သားပေါ်တွင် မြေဖြူနှင့် ထမင်းရည်ရောထားသောခံဆေးကို သုတ်ပေးရသည်။ ခံဆေးခြောက်ပါက မီးသွေးခဲ (သို့မဟုတ်) အရောင်တံဖြင့် မင်းသားမင်းသမီးပုံကို ပုံကြမ်းကောက်(ခြစ်)ပေးရသည်။ ထိုမှ ပုံကြမ်းကို ဆေးဖြည့်သူ၊ ပုံလုံး ပေးသူ၊ နောက်ခံ(Back Ground)ဖြည့်သူ၊ စာလုံးရေးသူ (ကြော်ငြာဘုတ်ကြီးများ ရေးဆွဲရာ၌ အချို့ဌာနများတွင် စာလုံးရေးသူများ သီးသန့်ရှိကြသည်။) ထိုလုပ်ငန်းပြီးမှ ခေါင်းဆောင်ပန်းချီဆရာကြီးက နောက်ဆုံးအချောကိုင် ပုံဖြတ်ပေးရသည်။

သောကြာနေ့တွင် ကားသစ်များ ပြသနိုင်ရန်အတွက် လက်သမားအဖွဲ့က ကြာသပတေးနေ့ညတွင် ပက်လက်ကား (လော်လီကား)ကြီးများဖြင့် သယ်ဆောင်ရသည်။ ရုံတစ်ဆင်စာ ၉ ပေ- ပေ ၂၀ ဘုတ်ကြီးများဖြစ်သည်။ အပြိုင်တင်သော ရုံများအတွက် ရုပ်ကြွတစ်ပိုင်းပုံများ တိုင်ဖုံးများဖြင့် လေးငါးခြောက် ချပ် သယ်သွားကြရသည်။

## ဆွဲဆောင်အားကောင်းခဲ့သော ပန်းချီဘုတ်ကြီးများ

ရုပ်ရှင်ရုံသို့ရောက်၍ ည ၉ နာရီခွဲ ပွဲစပြသည်နှင့် ဇာတ်ကားဟောင်းဘုတ်ကြီးများကို ဖြုတ်၍ ဇာတ်ကားသစ်ဘုတ်ကြီးများကို တင်ကြရသည်။ ဤလုပ်ငန်းသည် အပတ်စဉ်ကြာသပတေးနေ့ ညတိုင်းလုပ်ဆောင်နေရသော လုပ်ငန်းဖြစ်သည်။ ည ၉ နာရီခွဲ အပြီးရုံထဲမှ ပြန်ထွက်လာသူများက နောက်နေ့ ဘာကားအသစ်လဲဟု မော့ကြည့်ရာတွင် နောက်တစ်ခေါက် ရုပ်ရှင်ရုံသို့ ပြန်လည်ရောက်ရှိအောင် ဆွဲဆောင်အားကောင်းခဲ့သော ပန်းချီဘုတ်ကြီးများဖြစ်သည်။

ရုပ်ရှင်ခေတ်ဦး အသံတိတ်ခေတ်မှ စတင်ပေါ်ပေါက်လာသော ရုပ်ရှင်ရုံ ပန်းချီပိုစတာဘုတ်ကြီးများ ရေးဆွဲခြင်းကို ငွေရတု၊ ရွှေရတု၊ စိန်ရတုခေတ်များကို ကျော်လွန်သည်အထိပင် အပြိုင်ဆွဲလာခဲ့ကြသည်။ ခေတ်အပြိုင်အနေဖြင့် ကန်တော်ကလေး ၉၄ လမ်းတွင် မာမူကြီး(ခ)ပန်းချီဆရာကြီး ဦးတင်လှ၊ ၎င်း၏ ညီဖြစ်သူ ဆရာဦးခင်လှနှင့် ဦးသန်းလွင်၊ ဦးကျော်ညွန့်၊ ဦးသန်းညွန့် (စာလုံးရေးဆရာကြီး)၊ ဦးကျော်ကျော်ဝင်း၊ ဦးဇော်ဇော်၊ လက်သမားဆရာကြီး ဦးကျော်၊ ဦးရှင်တို့ ဖြစ်ကြသည်။

မအူကုန်း ၁၃၉ လမ်းတွင် ပိုစတာပန်းချီဆရာကြီးများဖြစ်ကြသော ဆရာဦးနိုင်လင်း၊ ဦးစိုးညွန့်လေး၊ ဦးမြင့်သန်း၊ ဦးထွန်းစိန်၊ ဦးမောင်သက်၊ ဦးလှသန်း၊ ဦးခင်မောင်ဝင်း၊ ကိုသက်ဦး၊ ကိုအာလာဒင်နှင့် လက်သမားဆရာကြီး ဦးမောင်လွင်၊ ဦးထွန်းရွှေတို့အဖွဲ့ရှိသကဲ့သို့ ကန်တော်ကလေးဖြတ်လမ်းတွင် ဆရာကြီး ဦးမြဟန်၊ ဦးကျော်ညွန့်၊ ဦးခင်သိန်း၊ ဦးမြင့်ထွေးနှင့် လက်သမားဆရာကြီး ဦးတိုးကြည်တို့ အဖွဲ့ရှိခဲ့သည်။ ပန်းချီဆရာကြီး ဦးရှိန်ထွန်း၊ ဦးဟန်ဝင်းသျှင်၊ ဦးမျိုးမြင့်တို့က နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများကိုပါ ရေးဆွဲခဲ့ကြသည်။

မြန်မာ့ဂုဏ်ရည်လမ်းရှိ ပန်းချီဆရာကြီး ကမားဘိုင်(ခ) ဦးကိုကိုကြီးနှင့် ဆရာဦးတင်ရွှေတို့က မြို့လယ်ရှိ ရဲရင့်ရုပ်ရှင်ရုံနှင့် ၃၉ လမ်းထိပ်ရှိ သီဟရုပ်ရှင်များအတွက် အိန္ဒိယ(ကုလား)ကားများကို သီးသန့်ရေးဆွဲပေးသူတို့ဖြစ်ကြသည်။ ရွှေဂုံတိုင် ငါးထပ်ကြီး ဘုရားဝင်းအတွင်း၌ ပန်းချီဆရာကြီး ဦးအုန်းသွင်ကြီးနှင့် ၎င်း၏သား ကိုအောင်အောင်၊ ဦးသိန်းမြင့်၊ ဦးအောင်ဘတို့က နိုင်ငံခြားရုပ်ရှင်လုပ်ငန်းမှ တင်သွင်းပြသသော နိုင်ငံခြား ဇာတ်ကားတို့ကို သမ္မတ၊ ပပဝင်း၊ ဂုဏ် ရုပ်ရှင်များအတွက် သီးသန့်ရေးဆွဲပေးခဲ့ကြသည်။

## ပိုစတာပန်းချီဆရာကြီးများ

ဝဇီရာရုပ်ရှင်ရုံတွင် ပန်းချီဆရာကြီး ဦးစိန်ဝင်း၊ တော်ဝင်ရုပ်ရှင်ရုံနှင့် ယုဇနရုပ်ရှင်ရုံတို့တွင် ပန်းချီဆရာကြီး ဦးဘလွင်နှင့် တပည့်ပန်းချီ တင်မောင်မျှင့်၊ ပန်းချီဖေသဏ်းတို့က အင်္ဂလိပ်ရုပ်ရှင်ဇာတ်ကားများကိုသာ ရေးဆွဲမှုများခဲ့သည်။ ပန်းဆိုးတန်းရှိ ရောက်စီရုပ်ရှင်ရုံတွင် ပန်းချီဆရာကြီး ဦးတင်ဦး(ရောက်စီတင်ဦး) တို့က မပြောင်းမလဲရေးဆွဲခဲ့ကြသော ပိုစတာပန်းချီဆရာကြီးများ ဖြစ်ကြသည်။

မြေနီကုန်းရှိ တပင်ရွှေထီး၊ ရွှေမန်းနှင့် နယူးဆန်းသီရိရုပ်ရှင်ရုံများအတွက်ကိုမူ ဆရာကြီး ဦးစိုးဝင်း၊ ဦးစံငြိမ်း၊ ဦးသောင်းစိန်တို့က ပင်တိုင်ရေးဆွဲပေးခဲ့ကြပြီး ဝိဇယရုပ်ရှင်ရုံအတွက် ပန်းချီဆရာ ဦးနိုင်လေးက တာဝန်ယူရေးဆွဲ၍ အလုံသီတာရုပ်ရှင်ရုံ၌ ပန်းချီ ဦးမြတ်စံနှင့် ဦးစိုးမြင့်တို့က ရေးဆွဲပေးခဲ့ကြသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။

ထို့အပြင် တာမွေမြို့နယ်ရှိ ရွှေဗဟိုရ်ရုပ်ရှင်ရုံအတွက် ဆရာကြီး ဦးချစ်ဆွေ၊ မရိုးဆန်းရုပ်ရှင်ရုံအတွက် ပန်းချီးဦးမြတ်စံနှင့် ဦးငွေသန်း၊ ကျောက်မြောင်း ဘုရင့်နောင်ရုပ်ရှင်ရုံ၌မူ ပန်းချီဆရာ ဦးအောင်ဒင်၊ ဦးသိန်းလွင်နှင့် ဦးဝင်းမောင်တို့က ရေးဆွဲပေးခဲ့ကြပြီး ကမာရွတ်မြို့နယ် မြနန်းသီဂီရုပ်ရှင်ရုံတွင် ပန်းချီဆရာဦးမြင့်ဦး၊ လှိုင်မြို့နယ် စန္ဒာမြိုင်ရုပ်ရှင်ရုံတွင် ပန်းချီဆရာဦးဖေခင်၊ လမ်းမတော်မြို့နယ်ရှိ ယခင် ကာဒွေးရုံဟု ခေါ်ဆိုသော ကေသွယ် ရုပ်ရှင်ရုံ(ယခုအောင်သပြေကောဇောဆိုင်)တွင် ဆရာဦးအေးကျော်နှင့် ကိုအရောင် စသော ပင်တိုင်ပန်းချီဆရာကြီးများက ရေးဆွဲခဲ့ကြခြင်းဖြစ်သည်။

## စံပြပန်းချီအုပ်စု

၎င်းတို့နှင့်ခေတ်ပြိုင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်း၌ ပန်းချီဆရာကြီး ဦးမြင့်သန်း၊ ဦးဇော်ဝင်း (ပြောင်ကြီး)၊ ဦးကျော်ညွန့်၊ ဦးမောင်မောင်၊ စာလုံးရေးဆရာကြီး ဦးကျင်သန်း၊ လက်သမားဆရာကြီး ဦးကျော်ဝင်းနှင့် ဦးတင်အောင်တို့မှာလည်း စံပြပန်းချီအုပ်စုအဖြစ် တည်ရှိခဲ့သည်။ ကြည့်မြင်တိုင်ကျောင်းတိုက် ဘုန်းတော်ကြီးများကျောင်းအနီးတွင် ပန်းချီဆရာကြီး စတား ဦးမြသန်းနှင့် ဦးအောင်ဒင်တို့ကလည်း သူ့ရုံနှင့်သူ သူ့ကုမ္ပဏီနှင့်သူ ခေတ်ပြိုင် ပန်းချီပိုစတာဘုတ် ရေးဆွဲသူများဖြစ်ကြသည်။

နောက်ပိုင်း၌ "အဖွဲ့၊ အုပ်စု" ဟူသော အသုံးအနှုန်းများဖြင့် ခေတ်စားလာခဲ့သည်။ ပန်းချီ မောင်ကျော်ညွန့်နှင့်အဖွဲ့၊ မောင်မောင်တို့အဖွဲ့၊ မောင်ဒွေးအောင်နှင့်အဖွဲ့ စသည်ဖြင့် ပေါ်ပေါက်လာခဲ့သည်။ ထိုမှ ဦးသိန်းလွင်၊ ဦးမောင်မောင်၊ ဦးအောင်ဝင်း၊ ဦးမောင်မောင်လှမြင့်၊ ဦးနီတွတ်၊ ဦးအောင်မင်းလေးနှင့် လက်သမားဆရာကြီး ဦးမောင်လွင်တို့က မင်္ဂလာတောင်ညွန့်မြို့နယ် ၁၁၄ လမ်းတွင် ပန်းချီအလုပ်ရုံဖွင့်၍ မြန်မာရုပ်ရှင်ဇာတ်ကားဘုတ်ကြီးများနှင့် ပုံနှိပ်ရုပ်ရှင်ဇာတ်ကား ကြော်ငြာအပြင် စီးပွားရေး ပန်းချီကြော်ငြာများကို အင်နှင့်အားနှင့် ရေးဆွဲလာခဲ့ကြသည်။

ရုပ်ရှင်ကြော်ငြာလုပ်ငန်းနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်သော ကား၊ လက်တွန်းလှည်းဖြင့် ကြော်ငြာခြင်းအတွက် ပန်းချီဘုတ်ငယ်များကိုပါက ထိုပန်းချီဆရာများက တစ်ပြိုင်တည်းရေးဆွဲပေးခဲ့ကြရသည်။ ထိုကြော်ငြာလှည့်ခြင်းကို ပုဇွန်တောင်မြို့နယ် ရေကျော်ရှိ ဦးစိန်ဟန်နှင့်သားများ၊ ဦးစိုး၊ ဦးစိုးလွင်၊ ကိုမောင်မောင်၊ ကိုချစ်ဆွေ၊ ကိုသန်းထိုက်တို့မှ ထိုခေတ်က ဒေါ့ဂျစ်ကား၊ ချက်ပလက်(ဗိုက်ပူ) ကားကြီးများကို အသုံးပြုကြော်ငြာပေးခဲ့ကြသည်။ ကြော်ငြာစာရွက်များ ဝေငှပေးခဲ့ကြသည်။

ထိုရုံတင်ပန်းချီပိုစတာဘုတ်ကြီးများအနက် အများနှင့်မတူ တစ်မူကွဲပြားစွာ ရေးခဲ့သော ပန်းချီဆရာကြီးတို့မှာ ပန်းချီ ဦးအောင်မြင့်(တံ့တေး)၊ ပန်းချီ မောင်ညိုဝင်း၊ ပန်းချီ မောင်ဖေသဏ်းတို့မှာ ထူးခြားသောလက်ရာရှင်များ ဖြစ်ခဲ့သည်။

## မှန်းတည့်ချိန်တွင် နေဝင်သည်

နောက်ပိုင်း၌ ပန်းချီပိုစတာဘုတ်ကြီးများ ချိတ်ဆွဲမှုကြောင့် ရုပ်ရှင်ရုံမျက်နှာစာအလှအပများ ဖုံးကွယ်ခြင်း၊ ပျက်စီးခြင်း၊ ငွေအားဖြင့် ကုမ္ပဏီများ အားပြိုင်ခြင်းတို့ကို အကြောင်းပြု၍ သက်ဆိုင်ရာ ကြော်ငြာဘုတ်အရွယ်အစားကို တစ်ပြေးညီ သတ်မှတ်ပေးခဲ့သည်။ ၁၀ ပေ၊ ၂၄ ပေ အတိုင်းအတာဟု သတ်မှတ်ခဲ့သည်။ ထိုမှ အစပြု၍ ရုံတင်ပန်းချီပိုစတာရေးဆွဲသူ ပန်းချီဆရာများ၏ ဘဝသည် ရုပ်ရှင်ဇာတ်ကားတစ်ကား၏ အမည်အတိုင်း "မွန်းတည့်ချိန်တွင် နေဝင်သည်" ဆိုသည့် ပမာ ဖြစ်လာခဲ့သည်။

၂၀၀၃ ခုနှစ် ဝန်းကျင် ကွန်ပျူတာခေတ်ဖြစ်လာချိန်၌ ထိုပန်းချီဆရာများ၏ ဘဝသည် "နေဝင်မိုးချုပ်" ဖြစ်လာခဲ့ရသည်။ မင်းသား၊ မင်းသမီး ဓာတ်ပုံရှိရုံဖြင့် ကွန်ပျူတာတွင် ပုံထုတ်နိုင်ခဲ့ပြီး ရုပ်ရှင်အမည်စာလုံးမှအစ နောက်ခံအရောင်အဆုံး ဒီဇိုင်းအမျိုးမျိုးဖြင့် ပုံထုတ်လာနိုင်ခြင်းပင်ဖြစ်သည်။

ထိုမှ တစ်ဖန် ဗီနိုင်းခေတ်ရောက်ချိန်၌ ရုပ်ရှင်ပန်းချီဘုတ်ရေးဆွဲသူတို့၏ ဘဝသည် "အမှောင်ဖုံး၍ လုံးဝပျောက်ကွယ်သော ကာလများ" ဖြစ်ခဲ့ရသည်။ ယခုအခါ တစ်ခေတ်တစ်ခါက ရန်ကုန်ရုပ်ရှင်ရုံများထက်က အရောင်အသွေးစုံ လှပခဲ့သော ပန်းချီဘုတ်ကြီးများအစား ခေတ်ပေါ်ဗီနိုင်းဘေဘုတ်များက နေရာယူသွားခဲ့ပြီးကို အမှတ်တရ လွမ်းတသသဖြင့် ပြန်လည်ခြယ်မှုန်း ရေးသားလိုက်ရပါတော့သည်။ ။

---

**အချပ်ပို (ခ) မှ**

တိုက်တာအဆောက်အအုံ အလှအပကိုလည်း တွေ့ရမှာပါ၊ ရန်ကုန်မြို့နေပြည်သူတွေ မိမိနေထိုင်ရာ မြို့ပြအလှကို မြေပြင်က ကြည့်ရှုခံစားတာထက် ဝေဟင်ကနေ လေ့လာကြည့်ရှုနိုင်အောင် ဆောင်ရွက်ပေးခွင့်ရတဲ့အတွက်လည်း ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု Culture Attractions ltd. မှ မန်နေဂျာဖြစ်သူ ဦးနေဝင်းက ပြောသည်။

မြို့ပြလူနေထိုင်မှု နှစ်စဉ်တိုးပွားလာလျက်ရှိသော ရန်ကုန်မြို့တွင် ခေတ်စနစ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်မှု၏ မြင်ကွင်းများကို မြို့ပြနေပြည်သူများ ထိုသို့ လေ့လာကြည့်ရှုနိုင်ခြင်းသည် ရန်ကုန်မြို့၏ ခေတ်မီတိုးတက်မှု၏ ပြယုဂ်တစ်ခုပင် ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အကိုင်းအခက်များသဖွယ် ဖြစ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များအသီးသီး ဖွံ့ဖြိုးတိုးတက်လာပါက လူ့စွမ်းအားအရင်းအမြစ်များလည်း စွမ်းရည်တိုးတက်မြင့်မားလာမည်ဖြစ်ရာ ထိုသို့ စွမ်းရည်နှင့် ဉာဏ်ရည်မြင့်မားမှုသည် ကိုယ်စိတ်နှလုံး အေးချမ်း၍ ကျန်းမာကြံ့ခိုင်မှုနှင့် စိတ်ပိုင်းဆိုင်ရာ အပန်းဖြေမှုကို အကျိုးရှိစွာ အသုံးချနိုင်မှုကြောင့်ပင် ဖြစ်သည်။ သို့ဖြစ်၍ ရန်ကုန်မြို့ပြနေပြည်သူများ အနားယူရာနေ့ရက်တို့တွင် မိသားစုလိုက်ဖြစ်စေ၊ အသင်းအဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးတစ်ယောက်တည်းဖြစ်စေ စိတ်လက်ပေါ့ပါးစွာဖြင့် အပန်းဖြေရန် ရန်ကုန်မြို့တွင် စိမ်းလန်းစိုပြည်သော နေရာများ စောင့်ကြိုလျက်ရှိနေပါကြောင်းနှင့် မြေပြင်သာမက ဝေဟင်ကပါ မြို့ပြနှင့် သဘာဝအလှကို ကြည့်ရှုခံစားနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။




**ရန်ကုန်လိုင်စင် လိုအပ်သူများအတွက် စလစ်ကပ်ရန် လိုအပ်နေသေးသည့်မို့ စလစ်ဈေးမှာ ကျပ်သိန်း ၁၀၀ အောက်သို့ ကျဆင်းသွားနိုင်သည့် အလားအလာမှာ ယခုနှစ် တစ်နှစ်တာအတွင်း မရှိနိုင်သေးဟု ခန့်မှန်းကြသူများလည်းရှိ**

# ပြည်တွင်းထုတ်ဘယ်မောင်းကားများ တစ်ပန်းသာ ညာမောင်းကားများ ဈေးကွက်ငြိမ်နေဆဲ ရန်ကုန်ကားဈေးကွက်

**မင်းသော်**

**မူဝါဒ**အပြောင်းအလဲဖြင့် စတင်ခဲ့သည့် ဇန်နဝါရီလ မော်တော်ကားဈေးကွက်သည် ညာမောင်းကားများ လုံးဝငြိမ်သက်နေသည့် အရောင်းအဝယ်ဈေးကွက်ဖြစ်နေပြီး မော်တော်ကားဝယ်ယူလိုသူများသည်လည်း စောင့်ကြည့်နေဆဲအနေအထားဖြင့် ရက်ပေါင်း ၂၀ ကျော်ကို ဖြတ်သန်းနေသည်။ တစ်လတာနီးပါးအတွင်း ကားဈေးကွက်အတွင်း ထူးခြားမှု တစ်စုံတစ်ရာ၊ ဈေးကွက်ဖော်ဆောင်မှု တစ်စုံတစ်ရာကို မမြင်တွေ့ရဘဲ စောင့်ကြည့် ပြန်ထား အနေအထားသာ ရှိနေသည်။

ယခုရက်ပိုင်းအတွင်း ကားဈေးကွက်အတွင်း ထူးခြားသည့် အကြောင်းအရာမှာ နယ်လိုင်စင် အငှားယာဉ်များအား ညအိပ်ခွန်များ စည်းကြပ်သွားမည်ဖြစ်သည့် သတင်းဖြစ်ပြီး ရန်ကုန်လိုင်စင်အငှားယာဉ်များ တက္ကစီမှတ်ပုံတင်ပြီးသည်နှင့် တစ်ပြိုင်နက် နယ်လိုင်စင် အငှားယာဉ်များ၏ ညအိပ်ခွန်ကို တိုးမြှင့်ကောက်ခံသွားမည်ဟု ဆိုခြင်းကြောင့် နယ်လိုင်စင်အငှားယာဉ်ဈေးနှုန်းများ သိသိသာသာ ကျဆင်းလာသည်ကို မြင်တွေ့ရသည်။ ရန်ကုန်လိုင်စင်အငှားယာဉ် စုစုပေါင်းမှာ ၆၇၀၀၀ ကျော်ရှိပြီး လက်ရှိတွင် စီးတီးတက္ကစီမှတ်ပုံတင်ထားသည့် ယာဉ်မှာ ထက်ဝက်ကျော်နေပြီဖြစ်ကြောင်း ယင်းမော်တော်ကားများ အလုံးစုံမှတ်ပုံတင် ပြီးဆုံးချိန်တွင် နယ်လိုင်စင်အငှားယာဉ်များအတွက် ရန်ကုန်မြို့တွင် ဆက်လက်ပြေးဆွဲရန် အခက်အခဲများ ရှိလာနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရှိရသည်။

ထူးခြားချက်မှာ ဘယ်မောင်းကားများကို စိတ်ဝင်စားသည့် မော်တော်ယာဉ် ဝယ်ယူလိုသူအများစုသည် တင်သွင်းမှုထက် လက်ရှိမြို့ကြီးများရှိ အရောင်းပြခန်းများပေါ်မှ ဘယ်မောင်းယာဉ် များကိုသာ ပိုမိုစိတ်ဝင်စားကြသည်ကို မြင်တွေ့ရသည်။ ၂၀၁၈ ခုနှစ် မော်တော်ယာဉ် တင်သွင်းခွင့်မူဝါဒတွင် ၂၀၁၄ ခုနှစ် မော်ဒယ်နှင့်အထက် ဘယ်မောင်း မော်တော်ကားများကိုသာ တင်သွင်းခွင့်ရကြမည်ဖြစ်ရာ ပြည်တွင်းတပ်ဆင်ထုတ်လုပ်သည့် မော်တော်ကား အရောင်းပြခန်းများမှအပ ပုဂ္ဂလိက အရောင်းပြခန်းများတွင်မူ ဘယ်မောင်းကားများကို တင်သွင်းနိုင်ရန် ချိန်ဆနေဆဲသာဖြစ်ပြီး တင်သွင်းနိုင်ခြင်း မရှိသေးပေ။

"အဓိကကတော့ ဈေးကွက်အနေအထားပေ့ါ၊ ဘယ်မောင်းကားတွေရဲ့တန်ဖိုးက ဘယ်လိုဖြစ်မလဲဆိုတာ မသိဘူး၊ ကိုယ့်အတွက် နည်းနည်းမှကျန်မှာ မဟုတ်ဘူး ဆိုရင်တော့ လုပ်ရကိုင်ရတာခက်မယ်၊ လက်ရှိကားဈေးကွက်ကလည်း အရောင်းအဝယ်ပါးနေတော့ စောင့်ကြည့်နေဆဲပါ" ဟု ကားအရောင်းပြခန်းတစ်ခုမှ ပိုင်ရှင်ဖြစ်သူက ပြောသည်။

လက်ရှိစလစ်ဈေးမှာလည်း သက်တမ်းနှစ် ၂၀ စလစ် တစ်စောင်လျှင် ငွေကျပ်သိန်း ၁၂၀ ဝန်းကျင် ပေါက်ဈေးရှိသော်လည်း ငွေကျပ်သိန်း ၁၁၅ ဝန်းကျင်ဖြင့်လည်း အရောင်းအဝယ်ရှိနေသည်ကို မြင်တွေ့ရသည်။ ပြီးခဲ့သည့်လတွင် စလစ်ဈေးသည် ငွေကျပ်သိန်း ၁၄၀ အထိ မြင့်တက်သွားခဲ့ပြီး ယခုနှစ်တွင်မူ စလစ်လိုအပ်သည်မှာ Consignment မော်တော်ကားများအတွက်သာ လိုအပ်နေခြင်းကြောင့် စလစ်ဈေးမှာလည်း ထပ်မံမြင့်တက်ဖွယ် အလားအလာမရှိကြောင်း သိရသည်။ သို့သော် ရန်ကုန်လိုင်စင် လိုအပ်သူများအတွက် စလစ်ကပ်ရန် လိုအပ်နေသေးသည့်မို့ စလစ်ဈေးမှာ ကျပ်သိန်း ၁၀၀ အောက်သို့ ကျဆင်းသွားနိုင်သည့် အလားအလာမှာ ယခုနှစ် တစ်နှစ်တာအတွင်း မရှိနိုင်သေးဟု ခန့်မှန်းကြသူများလည်း ရှိသည်။

လက်ရှိကားဈေးကွက်အတွင်း လူကြိုက်များ အင်ဂျင်ပါဝါနိမ့် ၁၃၀၀ စီစီ ကားသေးများ၊ အင်ဂျင်ပါဝါ ၆၆၀ စီစီ မီနီထရပ်လေးများ၊ အင်ဂျင်ပါဝါ ၁၅၀၀ စီစီ တက္ကစီများနှင့် အိမ်သုံး အင်ဂျင်ပါဝါ ၁၈၀၀ နှင့် ၂၀၀၀ ကြား မော်တော်ကားများ အရောင်းအဝယ်အနည်းငယ်ရှိနေသော်လည်း ဈေးမှာမူ အမြင့်ပိုင်းတွင်သာရှိကြောင်း သိရသည်။ ယခု အချိန်အထိ တစ်လတာနီးပါးအတွင်း တစ်ဦးချင်းတင်သွင်းမှုမှာလည်း လုံးဝမရှိသေးဘဲ စောင့်ကြည့်အနေအထားသာ ရှိနေသည်ကို မြင်တွေ့ရပြီး အကောက်ခွန်ဦးစီးဌာနမှ အခွန်စည်းကြပ်ခြင်းများတွင် စီအိုင်အက်ဖ်တန်ဖိုးဖြင့် အခွန်စည်းကြပ်မည် မဟုတ်ဘဲ အမှာစာပါ ဈေးနှုန်းအပေါ်တွင်သာ အခွန်စည်းကြပ်မည်ဖြစ်သဖြင့် ပေးဆောင်ရမည့် အခွန်နှုန်းထား မြင့်မားလာနိုင်ခြင်းကြောင့် ၂၀၁၈ ခုနှစ်အတွင်း ဘယ်မောင်းကားများ များများစားစား တင်သွင်းနိုင်ကြမည် မဟုတ်ကြောင်းလည်း ကားဝယ်ရောင်းများက ခန့်မှန်းကြသည်။

"ဘယ်မောင်းကား တင်သွင်းနိုင်မယ့်သူက သူ့အတွက် အခွန်အခဆိုတာကိုလည်း စဉ်းစားရပြီ၊ ဘယ်မောင်းကားတွေ ဈေးကွက်ထဲရောက်လာရင်လည်း ကျွန်တော်တို့ ညာမောင်းကားတွေထက် ဘယ်လိုနည်းနဲ့မှ ဈေးက မလျှော့နိုင်ဘူး၊ သူတို့တက်ဈေးနဲ့ရောင်းရသလို ကျွန်တော်တို့လည်း ဈေးမချနိုင်သေးဘူး၊ လက်ရှိမှာ ဝယ်လက်ကလည်း ဈေးမချနိုင်တဲ့အကြောင်းကို တဖြည်းဖြည်းနားလည်လာပြီလို့ ပြောရင် ရပါတယ်၊ တက်ဈေးနဲ့ ဝယ်လာကြတယ်၊ ဥပမာပြောရရင် အင်ဂျင်ပါဝါတူကားတစ်စီးကို စီအိုင်အက်ဖ်တန်ဖိုးနဲ့ မဟုတ်ဘဲ အမှာစာနဲ့ ဆုံးဖြတ်မယ်ဆိုရင် ဘယ်လိုနည်းနဲ့မှ ဈေးကျဖို့မရှိပါဘူး၊ ဒါကြောင့် ကျွန်တော့်အမြင်ပြောရရင် အခုအချိန်မှာ အခွန်ရေးရာ ချိန်ညှိနေကြပြီး ဘယ်မောင်းကားတွေ တော်တော်နဲ့ ဈေးကွက်ကို ရောက်မလာနိုင်သေးဘူး၊ ညာမောင်းတွေလည်း အခုထက် ဈေးပိုချလို့မရနိုင်ဘူး" ဟု ကားဝယ်ရောင်းတစ်ဦးက ထွက်ချက်ပြသည်။ ။

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Alphard | 2017 | ရန်ကုန် | 3000cc | အရောင်းပြခန်း | ၇၄၀ |
| Crown | 2008 | ရန်ကုန် | 3000cc | အရောင်းပြခန်း | ၇၄၀ |
| Parado | 2001 | ရန်ကုန် | 3000cc | အပြင်ဈေး | ၃၅၇ |
| Fit GK3 | 2013 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၉၉ |
| Harrier | 2004 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၅၀ |
| Wish | 2006 | ရန်ကုန် | 1800cc | အပြင်ဈေး | ၃၄၀ |
| Vitz | 2011 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၀၀ |
| Belta | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၇၅ |
| Mark II | 2003 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၆၅ |
| Hijet | 2006 | ရန်ကုန် | 660cc | အပြင်ဈေး | ၁၁၀ |

**တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ**

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။




ဆူးလေဘုရားလမ်းမှတ်တိုင်၌ YBS ယာဉ်များကို တွေ့ရစဉ်။

**အချပ်ပို (ခ) မှ**

မှတ်တိုင်များအဖြစ် ထွက်ပေါ်လာတော့မည်ဟု သိရသည်။ သင့်တင့်သော အမိုး၊ အကာနှင့် သင့်တင့်သော ခရီးသည်ထိုင်စရာများ ပါဝင်သော ဘတ်စ်ကားမှတ်တိုင်များကို ရန်ကုန်မြို့ ဘတ်စ်ကားစီးခရီးသည်များ မျှော်လင့်ချက်ကြီးကြီးဖြင့် စောင့်မျှော်နေကြပြီဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေ့စဉ် လမ်းမများအပေါ် ခရီးသွားနေသူများအနက် လူဦးရေ သိန်း ၂၀ ခန့်မှာ ဘတ်စ်ကားများဖြင့် ခရီးသွားနေကြသူများဖြစ်သည်။ ဘတ်စ်ကားမှတ်တိုင်များတွင် ရုံးဖွင့်ရက်၊ စက်ရုံဖွင့်ရက်များတွင် နံနက်ပိုင်းနှင့် ညနေပိုင်း ရုံးတက်၊ ရုံးဆင်း၊ လုပ်ငန်းခွင် အသွားအပြန် အချိန်များ၌ မှတ်တိုင်များတွင် ဘတ်စ်ကားစောင့်နေသူက များနေဆဲ။ ဘတ်စ်ကားပေါ်တွင် ခရီးသည်များ ကျပ်နေဆဲဖြစ်သည်။

ဘတ်စ်ကားစီး ခရီးသွားပြည်သူများအတွက် ကားပေါ်တွင် အဆင်ပြေစေရန် ဆောင်ရွက်နေသလို မှတ်တိုင်တွင် ကားစောင့်နေစဉ်အချိန်မှာလည်း အဆင်ပြေစေရန် အကောင်အထည်ဖော်ပေးတော့မည့် မှတ်တိုင်များ အဆင့်မြှင့်တင်မှုကို ကြိုဆိုရမည်ဖြစ်သည်။ မိုးရွာလျှင် မိုးခိုလိုပြီး နေပူလျှင် နားခိုစရာအရိပ်မျှ မရနိုင်သည့် မှတ်တိုင်များကို ရန်ကုန်မြို့ ပြည်သူများ ကြုံတွေ့ခဲ့ရဖူးပြီဖြစ်သည်။

မှတ်တိုင်တွင် ကားစောင့်ရင်း အတွေးဝင်နေရာ မိမိစီးမည့် ဘတ်စ်ကားတစ်စီး မောင်းလာသည်ကို တွေ့ရသဖြင့် ကားပေါ်တက်ရန် အသင့်အနေအထား ပြင်ဆင်လိုက်သည်။ သို့သော်လည်း ဘတ်စ်ကားက မှတ်တိုင်အထိ မရောက်လာ။ မှတ်တိုင်မရောက်မီ မလှမ်းမကမ်းနေရာတွင်သာရပ်ပြီး ခရီးသည်တစ်ဦးစီ၊ နှစ်ဦးစီတင်ကာ မောင်းထွက်သွားသည်။ မှတ်တိုင်တွင် ရပ်စောင့်နေသော မိမိနှင့် အခြားခရီးသည်နှစ်ဦး ကျန်ခဲ့သည်။ အင်း... ဘတ်စ်ကားမှတ်တိုင် အဆင့်မြှင့်တင်ရုံသာမက ဒီလိုစည်းမဲ့ကမ်းမဲ့မှုတွေကိုလည်း ကြပ်မတ်ရဦးမည်မှာ အမှန်ပင်။ ။